# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၄ ရက်၊ စနေနေ့။ Saturday, 3 December 2016 (၈၇၆၄)


**ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ညှော်ခံသည့်နံနက်စာစားပွဲ တက်ရောက်ပြီး Channel News Asia သတင်းဌာနနှင့် တွေ့ဆုံကာ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာ

**စင်ကာပူ ဒီဇင်ဘာ ၂**

စင်ကာပူနိုင်ငံတွင်ရောက်ရှိနေသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီတွင် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဗီဗီယန် ဘာလာ ကရစ်ရှ်နန်က စင်ကာပူနိုင်ငံ Ghim Moh Hawker Center & Market ၌ တည်ခင်းသည့် နံနက်စာစားပွဲသို့ တက်ရောက်ပြီး ဈေးအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် နံနက် ၁၁နာရီတွင် ခေတ္တတည်းခိုရာ ရှန်ဂရီလာဟိုတယ်၌ Channel News Asia သတင်းဌာန၏ တွေ့ဆုံမေးမြန်းမှုကို ပြန်လည်ဖြေကြားသည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့ဝင်များသည် ပြန်လည်ထွက်ခွာရန် စင်ကာပူနိုင်ငံ ချန်ဂီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိရာ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး၊ စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဌေးအောင်နှင့် မြန်မာသံရုံး၊ စစ်သံရုံးမှ တာဝန်ရှိသူများက လေဆိပ်၌ လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ထွက်ခွာခဲ့ရာ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိပြီး လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုး၊ မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံရုံးယာယီတာဝန်ခံနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ ဒုတိယဝန်ကြီး ဦးကျော်တင်နှင့်တာဝန်ရှိသူများ ပြန်လည်လိုက်ပါလာကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံ Ghim Moh ဈေးအတွင်း ကြည့်ရှုလေ့လာစဉ်။
**(ဓာတ်ပုံ-မြန်/ဆက်)**

# မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုဥပဒေသစ်မှာ ပွင့်လင်းမြင်သာပြီး ရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းပိုမိုရရှိစေမည်

## တန်ပိုးနည်းအိမ်ရာတည်ဆောက်ရေး၊ လျှပ်စစ်ဖြန့်ဖြူးရေး၊ စီးပွားရေးဇုန်တည်ဆောက်ရေး၊ စိုက်ပျိုးရေးလုပ်ငန်းတို့တွင် တိုးချဲ့ရင်းနှီးမြှုပ်နှံရန်ဆွေးနွေး

သတင်းကြေညာချက်

**နေပြည်တော် ဒီဇင်ဘာ ၂**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ စင်ကာပူနိုင်ငံသို့ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၂ ရက်အထိ တရားဝင်ခရီးသွားရောက်ခဲ့ရာ အဆိုပါ ခရီးစဉ်နှင့် စပ်လျဉ်းသည့် ကြေညာချက်တစ်ရပ်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ စင်ကာပူသမ္မတနိုင်ငံသို့ ၃၀-၁၁-၂၀၁၆ ရက်နေ့မှ ၂-၁၂-၂၀၁၆ ရက်နေ့အထိ တရားဝင်ခရီးစဉ် သွားရောက်ခဲ့ပြီး ၂-၁၂-၂၀၁၆ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။

၂။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်နေ့ နေ့လယ်ပိုင်းတွင် ရှန်ဂရီလာဟိုတယ်၌ စင်ကာပူနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ၏စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒများ၊ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပါသည်။ ယင်းသို့ ဆွေးနွေးရာတွင် မြန်မာနိုင်ငံ၏ရင်းနှီးမြှုပ်နှံမှု ဥပဒေသစ်မှာ ပွင့်လင်းမြင်သာမှုရှိပြီး၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများအတွက် အခွင့်အလမ်းပိုမိုရရှိလာစေမည်ဖြစ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာခြင်းဖြင့် အစိုးရ၏ အဓိကရည်မှန်းချက်ဖြစ်သော အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးသွားနိုင်မည်သာမက အရည်အသွေးပြည့်မီသော လုပ်သားအင်အားများ မွေးထုတ်ပေးနိုင်ခြင်းဖြင့် တိုင်းပြည်၏စီးပွားရေးကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ကြောင်း၊ လက်ရှိမြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းအများစုမှာ သဘာဝသယံဇာတကို အခြေခံသောလုပ်ငန်းများသာဖြစ်ရာ၊ စီးပွားရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်ကို အခြေခံသောစီးပွားရေးကို တည်ဆောက်သွားရန်လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာရန် ပြည်တွင်း၌ တည်ငြိမ်အေးချမ်းမှုရရှိရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်းမငြိမ်သက်မှုဒဏ်ကို နှစ်ပေါင်းများစွာ ခံစားခဲ့ရသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် အရေးကြီးသောကိစ္စရပ်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့ပြီး မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ပါသည်။ ဆက်လက်၍ တက်ရောက်လာကြသော စင်ကာပူစီးပွားရေးလုပ်ငန်းရှင်များမှ လက်ရှိတွင် စင်ကာပူကုမ္ပဏီများသည် မြန်မာနိုင်ငံ၏ မြို့ပြတည်ဆောက်ရေးကဏ္ဍ၊ **စာမျက်နှာ ၃ကော်လံ ၁ သို့ ◆**




# ကြေးမုံ

## ပြည်သူလူထု၏ နိုင်ငံရေးအသိတရား

နိုင်ငံတော်၏ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်မှု အုတ်မြစ်တို့ကို စိန်ခေါ်ချက်ပေါင်းစုံရင်ဆိုင်လျက် တည်ဆောက်နေရသော ပစ္စုပ္ပန်ကာလမျိုး၌ အခက်အခဲတို့ကို ထောက်ပြ၍ ဝေဖန်ထိုးနှက်မှုများ ပြုလုပ်ကြသည်မှာ ရှောင်လွှဲ၍ မရနိုင်သော နိုင်ငံရေးသဘာဝဖြစ်ပါသည်။

လူထုအစိုးရသစ်သည် နှစ်ပေါင်းများစွာ စုပြုံတည်ရှိနေသော ပြဿနာတို့ကို ရင်ဆိုင်ဖြေရှင်းနေရသည်ဆိုသောအချက်ကို နှလုံးသွင်းရုံမျှဖြင့် အဆိုပါ ဝေဖန်ထိုးနှက်မှုများ၏ နောက်ကွယ်မှ နိုင်ငံရေးသဘောသဘာဝကို ဆင်ခြင်နိုင်မည်ဖြစ်ပါသည်။

တိုင်းပြည်အပေါ် တာဝန်သိသော သတင်းမီဒီယာများအပါအဝင် ပြည်သူလူထုတို့အနေဖြင့် ဤဝေဖန်ထိုးနှက်မှုများ၏ အန္တရာယ်ကို အပြန်အလှန်သတိပေးကြရန် လိုအပ်ပါသည်။ တာဝန်ရှိပုဂ္ဂိုလ်အဖွဲ့အစည်းများအနေဖြင့်လည်း တိုင်းပြည်ကရင်ဆိုင်ရလျက်ရှိသော ပြဿနာတို့အား ပြည်သူလူထု မှန်မှန်ကန်ကန် နားလည်သဘောပေါက်စေရန်အတွက် ပိုမိုအားထုတ်တင်ပြပေးရန်ကိုလည်း တိုက်တွန်းတင်ပြလိုပါသည်။

စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသူ နိုင်ငံသားများနှင့်တွေ့ဆုံရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ဘယ်အစိုးရမှ၊ ဘယ်သူမှအမှားမရှိဘူးဆိုတာ မရှိပါဘူး။ အဲဒီတော့အမေတို့ အစိုးရအနေနဲ့ ပြုပြင်သင့်တာတွေ ရှိလို့ရှိရင်လည်း ရဲရဲဝံ့ဝံ့နဲ့ စေတနာအပြည့်အဝနဲ့ အကြံပြုကြပါလို့လည်း မေတ္တာရပ်ခံချင်ပါတယ်"ဟု ပြောကြားခဲ့ခြင်းအပေါ် အလေးအနက် ထောက်ခံကြိုဆိုအပ်ပါသည်။ စေတနာအရင်းခံသော ထောက်ပြအကြံပြုမှုနှင့် ဝေဖန်ထိုးနှက်မှုတို့ကြား ကွာဟချက်ကို ဖတ်ကြည့်သည်နှင့်တစ်ပြိုင်တည်း နှလုံးသားမှ ခံစားသိရှိနိုင်ပါသည်။ နိုင်ငံသူနိုင်ငံသားများသည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားခဲ့သကဲ့သို့ တိုင်းပြည်အတွက် ထောက်ပြသင့် ထောက်ပြထိုက်သည်များကို စေတနာအရင်းခံ၍ ရဲရဲဝံ့ဝံ့ တင်ပြကြရန်လိုအပ်ပါသည်။ တာဝန်ရှိပုဂ္ဂိုလ် အဖွဲ့အစည်းများအနေဖြင့်လည်း ပြည်သူလူထုက ဤကဲ့သို့ ရဲရဲဝံ့ဝံ့တင်ပြနိုင်ရေးအတွက် နည်းလမ်းများ ပိုမိုဖန်တီးပေးရန်ကိုလည်း တိုက်တွန်းတင်ပြလိုပါသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က လူထုအစိုးရသစ်အနေဖြင့် အဂတိလိုက်စားမှု ကင်းရှင်းရေးကို နံပါတ်တစ် ဦးစားပေးသတ်မှတ်၍ ဆောင်ရွက်နေသည်ဟူသော ရှင်းလင်းတင်ပြချက်အပေါ် အပြည့်အဝထောက်ခံကြောင်း ဖော်ပြအပ်ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်၏ ယန္တရားအသီးသီး၌ ဗဟိုနှင့်အထက်မှသာဆုံးဖြတ်နိုင်သည်ဆိုသော လုပ်ထုံးလုပ်နည်းတို့ ဖြေလျှော့သွားရန် စီစဉ်ဆောင်ရွက်နေသည်ဟူသော ရှင်းလင်းတင်ပြချက်သည် တိုင်းပြည်က တောင်းဆိုနေသော သမိုင်းရေးလိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းဆောင်ရွက်လိုက်ခြင်းပင် ဖြစ်ပါသည်။

နိုင်ငံတော်၏ ယန္တရားအသီးသီး ထက်မြက်သွက်လက်နေမှသာလျှင် တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်အဟုန်မြင့် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ဤကဲ့သို့ နိုင်ငံတော်၏ ယန္တရားအသီးသီး ထက်မြက်သွက်လက်ရေးကို ဆောင်ရွက်ရာ၌ လုပ်ပိုင်ခွင့်တို့ကို ဗဟိုနှင့်အထက်ကသာ ချုပ်ကိုင်ခြင်းမျိုးကို ရှောင်ရှား၍ နိုင်ငံတော်ယန္တရားတို့၏ အဆင့်အသီးသီးသို့လိုအပ်သကဲ့သို့ တာဝန်ခွဲဝေသတ်မှတ်ပေးနိုင်ရေးသည် အဓိကလိုအပ်ချက် တစ်ရပ်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ပစ္စုပ္ပန်အခြေအနေအပေါ် သုံးသပ်ထားသည့် တချို့သော ပြည်တွင်း၊ ပြည်ပဝေဖန်မှုများ၌ လူထုအစိုးရသစ်သည် ဖွံ့ဖြိုးတိုးတက်ရေးထက် ပြည်တွင်းငြိမ်းချမ်းရေးကို ပိုမိုဦးစားပေးဆောင်ရွက်နေသည်ဟူသော သဘောထားများကို တွေ့ရှိရပါသည်။ စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသူ နိုင်ငံသားတို့နှင့် တွေ့ဆုံရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လူထုအစိုးရသစ်သည် ပြည်တွင်းငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို တစ်ပြိုင်တည်းဆောင်ရွက်နေသည်ဟု ရှင်းလင်းတင်ပြခဲ့သည်။ ဤအထက်ဖော်ပြပါ ဝေဖန်ချက်တို့ကို ရှင်းလင်းချေဖျက်ပြီး ဖြစ်သွားပါသည်။

ချုပ်၍တင်ပြရပါက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်၏ စင်ကာပူရောက် နိုင်ငံသူနိုင်ငံသားတို့အား ရှင်းလင်းတင်ပြချက်သည် နိုင်ငံသူနိုင်ငံသားတို့ သိသင့်သိထိုက်သော အချက်အလက်များဖြစ်၍ အလေးအနက်ကြိုဆိုအပ်ပါသည်။ ။

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင်သည် နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်သို့ သွားရောက်၍ ပါမောက္ခချုပ်၊ ပါမောက္ခများ၊ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ ပါမောက္ခချုပ်မှ တက္ကသိုလ်နှင့်သက်ဆိုင်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီအား ဖွဲ့စည်းခဲ့ပြီး လူ့စွမ်းအားအရင်းအမြစ်တိုးတက်မြင့်မားရေးအတွက် ဗဟိုကော်မတီမှ ပေါင်းစပ်ညှိနှိုင်းကာ မူဝါဒများ ချမှတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ဒီဂရီကောလိပ်များအတွက် သင်တန်းသား၊ သင်တန်းသူများရွေးချယ်ရာတွင်လည်း မိမိတို့ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များနှင့်အညီ စနစ်တကျတက်ရောက်ခွင့်ပြုခဲ့ပါကြောင်း၊ ဆရာ ဆရာမများ၊ ဝန်ထမ်းများအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို တာဝန်သိမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုတို့ဖြင့် ပျော်ပျော်ရွှင်ရွှင် တက်တက်ကြွကြွဖြင့် အကောင်းဆုံးဖြစ်အောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အဂတိတရားကင်းစင်စွာဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်အနေဖြင့် နယ်စပ်ဒေသအသီးသီးမှ တက်ရောက်လာသည့် တိုင်းရင်းသား ကျောင်းသားကျောင်းသူများကို တက္ကသိုလ်ပညာရပ်များကိုသာမက ပြည်ထောင်စုစိတ်ဓာတ်ရင့်သန်ခိုင်မာရေး၊ တိုင်းရင်းသားယဉ်ကျေးမှု အစဉ်အလာများ ပိုမိုထိန်းသိမ်းတတ်စေရေး ပညာရပ်များနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ပညာရပ်များကိုပါ လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း မှာကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများ နေ့လယ်စာ သုံးဆောင်နေမှုများအား ကြည့်ရှုစစ်ဆေးကာ ဖွံ့ဖြိုးရေးတက္ကသိုလ်အတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေးလုပ်ငန်းများ ဆောက်လုပ်နေမှုအခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ နေ့လယ်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (စစ်ကိုင်း)သို့ သွားရောက်၍ ကျောင်းအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ကျောင်းဝင်းအတွင်းရှိ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တည်ဆောက်ရေး လုပ်ငန်းများအား လိုက်လံကြည့်ရှုစစ်ဆေး၍ စံချိန်စံညွှန်းပြည့်မီစွာ အချိန်မီပြီးစီးရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် စာရေးဝန်ထမ်းများ ဌာနတွင်း အရည်အသွေးမြှင့်သင်တန်းဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် စာရေးဝန်ထမ်းများ တရားရုံးလုပ်ငန်းဆိုင်ရာ အရည်အသွေးမြှင့်သင်တန်းအမှတ်စဉ်(၂/၂၀၁၆) သင်တန်းဖွင့်ပွဲကို ယမန်နေ့ နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် သင်တန်းခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဦးဝင်းဆွေ တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တရားရုံးဝန်ထမ်းများသည် တရားသူကြီးများနည်းတူ တရားရေးမဏ္ဍိုင် တည့်မတ်ခိုင်မာစေရန် ဆောင်ရွက်ရန် တာဝန်ရှိသူများဖြစ်ကြောင်း၊ တရားစီရင်ရေးဆိုင်ရာ ရည်မှန်းချက်(၄)ရပ်နှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားစီရင်ရေး၏ မဟာဗျူဟာစီမံကိန်း(၂၀၁၅-၂၀၁၇)အား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တရားသူကြီးများနှင့်အတူ တရားရုံးဝန်ထမ်းများမှလည်း ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တာဝန်ထမ်းဆောင်ရာတွင် ခေတ်စနစ်နှင့် မညီသည့်အကျင့်စရိုက်ကို ပယ်ဖျက်ပြီး စိတ်ဓာတ်အခြေခံမှစ၍ ပြုပြင်ပြောင်းလဲကာ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်လာရန် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းသင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့် သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြသည်။ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ဖြစ်ကြောင်း သိရသည်။

**ကိုလတ်(သတင်းစဉ်)**




ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၀၂၈၊ ၀၆၇-၃၆၀၃၀၊ ဖက်စ် ၀၆၇-၃၆၀၃၀
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး ၀၁-၀၆၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တိုးချဲ့ဆောင်သစ် Terminal 3 မကြာမီ ဖွင့်လှစ်တော့မည်

**ရန်ကုန် ဒီဇင်ဘာ ၂**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တိုးချဲ့တည်ဆောက်လျက်ရှိသော လေဆိပ်တိုးချဲ့ဆောင်သစ် Terminal 3 ကို ဒီဇင်ဘာ ၉ ရက်မှ စတင်ကာ ပြည်တွင်းလေကြောင်းလိုင်းများမှ စတင်အသုံးပြုသွားမည်ဖြစ်ကြောင်း လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

လေဆိပ်တိုးချဲ့ဆောင်သစ်ကို ပြည်တွင်းခရီးစဉ်များအတွက် အသုံးပြုရန် တိုးချဲ့ခဲ့ပြီး ယခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် Terminal 3 အဆောက်အအုံသစ်ကို ဖွင့်လှစ်သွားမည်ဖြစ်သည်။ ဒီဇင်ဘာ ၆ ရက်မှ ၈ ရက်အထိ ပြည်တွင်းလေကြောင်းလိုင်းများ တိုးချဲ့အဆောက်အအုံသစ်သို့ ပြောင်းရွှေ့ခြင်းများ ပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၉ ရက်မှ စတင်ကာ ပြည်တွင်းလေကြောင်းလိုင်းများအားလုံး စတင်အသုံးပြုသွားမည်ဟု လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်။

"အရင်က ရန်ကုန်လေဆိပ်ဟာ ခရီးသည် ၂ ဒသမ ၇ သန်း ဝင်ထွက်နိုင်တဲ့ လေဆိပ်ဖြစ်ပေမယ့် ခရီးသည်တိုးတက်များပြားလာတဲ့အတွက် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ နှစ်ဆန်းပိုင်း မတ်လက အပြည်ပြည်ဆိုင်ရာလေကြောင်းလိုင်း တိုးချဲ့ဆောင်သစ် Terminal 1 ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါတယ်။ အခု Terminal 3 ကိုလည်း ပြည်တွင်းလေကြောင်းလိုင်းဆိုပေမယ့် နိုင်ငံတကာအဆင့် Terminal ကဲ့သို့ ဆောင်ရွက်ထားပါတယ်။ အခု အဆောက်အအုံသစ်မှာဆိုရင် ပြည်တွင်းခရီးသည်တွေ အတော်ကို အဆင်ပြေသွားပါလိမ့်မယ်" ဟု အဆိုပါ တာဝန်ရှိသူက ရှင်းပြသည်။

ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ လေဆိပ်သစ်စီမံကိန်း အကောင်အထည် မပေါ်မီကာလ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တိုးချဲ့စီမံကိန်းများ ဆောင်ရွက်လျက်ရှိရာတွင် တစ်နှစ်လျှင် ခရီးသည် သန်း ၂၀ အထိ ဝန်ဆောင်မှုပေးနိုင်မည့် စီမံကိန်းကို အဆင့်သုံးဆင့်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ အဆိုပါ စီမံကိန်း အဆင့်သုံးဆင့်၏ ပထမအဆင့် စီမံကိန်းတစ်ခုဖြစ်သော ပြည်ပခရီးသည် အဝင်အထွက် ပြုလုပ်မည့် Terminal 1 အဆောက်အအုံသစ်နှင့် ပြည်တွင်းခရီးသည် အဝင်အထွက် ပြုလုပ်မည့်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြစဉ်။(သတင်းစဉ်)**

**သတင်း - ရှေ့ဖုံး**

Terminal 3 အဆောက်အအုံ တည်ဆောက်ခြင်းများ ပါဝင်ကြောင်း သိရသည်။

စီမံကိန်းခန့်မှန်းကုန်ကျငွေမှာ ပထမအဆင့်စီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၃၇၂ ဒသမ ၆၁၈ သန်း၊ ဒုတိယအဆင့်အတွက် အမေရိကန်ဒေါ်လာ ၁၁၄ ဒသမ ၂၅၀ သန်း၊ တတိယအဆင့်အတွက် အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၅၇၇ သန်း၊ စီမံကိန်းကာလ ဈေးငွေ အတိုး ၇၃ ဒသမ ၂၁၆ သန်း စုစုပေါင်း ခန့်မှန်းကုန်ကျငွေ အမေရိကန်ဒေါ်လာ ၆၃၃ ဒသမ ၂၁၁ သန်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အဆင့်မြှင့်တင်ခြင်း စီမံကိန်းများကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလက လေကြောင်းညွှန်ကြားမှု ဦးစီးဌာနနှင့် တင်ဒါအောင် ကုမ္ပဏီဖြစ်သော Pioneer Aerodrome Services Co.,Ltd၊ China Harbour Engineering Co.,Ltd၊ CPG Consultancy Pte.,Ltd၊ Malaysia Airport Consultancy Services Co.,Ltd တို့ပါဝင်သော Yangon Aerodrome Co.,Ltd တို့ သဘောတူ စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။ စီမံကိန်းကာလမှာ ပြင်ဆင်မှုများအတွက် ၆ လ၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် ၁၈ လအတွင်း အပြီးဆောင်ရွက်ရန်နှင့် စုစုပေါင်း ၂ နှစ်အတွင်း အပြီးဆောင်ရွက်ရန်ဖြစ်ကြောင်း သိရသည်။

**ဆုနှင်းလှဲ့ - ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)**

◆ **ရှေ့ဖုံးမှ**

ဟိုတယ်နှင့် အဆင့်မြင့်အိမ်ရာ တည်ဆောက်ရေးကဏ္ဍ၊ ဘဏ်လုပ်ငန်းကဏ္ဍ၊ စွမ်းအင် ကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍ၊ ကမ္ဘာလှည့် ခရီးသွားလုပ်ငန်း တို့တွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်လျက်ရှိပြီး တန်ဖိုးနည်း အိမ်ရာတည်ဆောက်ရေး လုပ်ငန်း၊ စွန့်ပစ်ပစ္စည်းများမှ စွမ်းအင်ထုတ်လုပ်မှု လုပ်ငန်း၊ လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်း၊ စီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းတို့တွင် ရင်းနှီးမြှုပ်နှံမှုများ တိုးချဲ့သွားရန် ဆွေးနွေးခဲ့ကြပါသည်။

၃။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယင်းနေ့ ညနေ(၁၇း၃၀) နာရီအချိန်တွင် Istana သမ္မတအိမ်တော်၌ ကျင်းပပြုလုပ်သည့် ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး စင်ကာပူနိုင်ငံဝန်ကြီးချုပ် မစ္စတာလီရှန်လုံးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပါသည်။ ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရန် ရင်းနှီးမြှုပ်နှံမှုစာချုပ်လက်မှတ်ရေးထိုးရေး၊ ၁၉၉၉ ခုနှစ်က လက်မှတ်ရေးထိုးခဲ့သည့် အခွန်နှစ်ထပ် ပေးဆောင်မှု ရှောင်ရှားရေး သဘောတူစာချုပ်ကို ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ရေးဆွဲရေး၊ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် စင်ကာပူလေကြောင်းလိုင်း Silk Air အား စင်ကာပူ-ရန်ကုန်-မန္တလေး ခရီးစဉ်အတွက် own stopover rights ရပ်နားပျံသန်းခွင့်အား ခြောက်လ စမ်းသပ်ကာလပေးဆွဲရေး တို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအကြား ညှိနှိုင်းဆွေးနွေးမှုများကို မကြာမီစတင်နိုင်ရေး၊ မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စင်ကာပူ-မြန်မာ အသက်မွေးဝမ်းကျောင်း ပညာသင်ကြားမှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို သုံးနှစ်သက်တမ်းတိုးမြှင့်သွားရေးတို့ကို ဆွေးနွေးသဘောတူညီခဲ့ကြပြီး နှစ်နိုင်ငံအကြား သံတမန် ဆက်ဆံရေးထူထောင်မှုနှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် နှစ်နိုင်ငံ ပြည်သူများက ပြည်ဝင်ဗီဇာရယူရန် မလိုဘဲ အပြန်အလှန်သွားလာနိုင်ရေး သဘောတူညီချက်ကို ဒီဇင်ဘာလ ၁ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်နိုင်မှုအပေါ် ကြိုဆိုခဲ့ကြပါသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူဝန်ကြီးချုပ်က Istana သမ္မတအိမ်တော်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။

၄။ ၁-၁၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ခေတ္တတည်းခိုသည့် ရှန်ဂရီလာဟိုတယ်၌ စင်ကာပူနိုင်ငံ ဝါရင့်ဝန်ကြီး H.E. Mr. Goh Chok Tong နှင့်အတူ အလုပ်သဘောနံနက်စာစားပွဲသို့ တက်ရောက်ခဲ့ပြီး နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာလုပ်ငန်းရှင်များ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် National Orchid Garden ၌ ကျင်းပပြုလုပ်သော သစ်ခွအမည်ပေးပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ အမျိုးသားသစ်ခွဥယျာဉ် အမှုဆောင်အရာရှိချုပ်နှင့် တာဝန်ရှိသူများက သစ်ခွဥယျာဉ်နှင့် စပ်လျဉ်းသည့် အချက်အလက်များကို ရှင်းလင်းပြောကြားခဲ့ပြီး ဥယျာဉ်အတွင်း လှည့်လည် လေ့လာကြည့်ရှုခဲ့ပါသည်။ အဆိုပါ ဥယျာဉ်မှ သစ်ခွမျိုးစိတ်သစ်တစ်ခုအား Papilionanda Aung San Suu Kyi ဟု ဂုဏ်ပြုအမည်ပေးအပ်ခဲ့ပါသည်။ စင်ကာပူနိုင်ငံသို့ လာရောက်သော နိုင်ငံတော်အကြီးအကဲများအား ဂုဏ်ပြုသောအားဖြင့် သစ်ခွအမည်ပေးခြင်းကို အစဉ်အလာတစ်ရပ်အဖြစ် ၁၉၅၆ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

၅။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ယင်းနေ့ (၁၁း၀၀)နာရီအချိန်တွင် စင်ကာပူနိုင်ငံ ခေတ္တသမ္မတ H.E. Mr. Joseph Yuvaraj Pillay (သမ္မတ၏အကြံပေးကောင်စီအဖွဲ့ဥက္ကဋ္ဌ) နှင့် Istana သမ္မတအိမ်တော်၌ တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ လူမှု-စီးပွားဖွံ့ဖြိုးတိုးတက်မှု စသည့်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးတို့ကို ရင်းနှီးစွာ ဆွေးနွေးခဲ့ကြပါသည်။

၆။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် အမျိုးသား လုံခြုံရေးဆိုင်ရာ ညှိနှိုင်းရေးဝန်ကြီး H.E. Mr. Teo Chee Hean က ရှန်ဂရီလာဟိုတယ်၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုနေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနေ့ နေ့လယ်ပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် အဂတိလိုက်စားမှု စုံစမ်းစစ်ဆေးရေးဌာနသို့ သွားရောက်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းပြောကြားပွဲသို့ တက်ရောက်ခဲ့ပါသည်။ အဆိုပါရှင်းလင်းပွဲ၌ စင်ကာပူနိုင်ငံတွင် အဂတိလိုက်စားမှုမှာ နည်းပါးကြောင်း၊ စင်ကာပူနိုင်ငံ၏ အစိုးရဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှာ ပွင့်လင်းမြင်သာမှုရှိပြီး Political and Economic Risk Consultancy Ranking (PERC) ၏ ၂၀၁၅ ခုနှစ် စစ်တမ်းများအရ နိုင်ငံပေါင်း (၁၈၆) နိုင်ငံတွင် စင်ကာပူနိုင်ငံသည် အဂတိလိုက်စားမှုအနည်းဆုံး အဆင့်(၈) ရှိနေကြောင်း၊ စုံစမ်းစစ်ဆေးရေးဌာနသို့ ရောက်ရှိလာသော တိုင်ကြားမှုများ၏ (၇၆) ရာခိုင်နှုန်းမှာ တစ်သီးပုဂ္ဂလတိုင်ကြားမှုများဖြစ်ပြီး ပုဂ္ဂလိကကဏ္ဍသို့တိုင်ကြားမှုများကြောင်း၊ စင်ကာပူနိုင်ငံ၌ အစိုးရက ထိရောက်သော ဥပဒေပြဋ္ဌာန်းထားရှိပြီး ဥပဒေအား တိကျစွာ လိုက်နာကျင့်သုံးမှုရှိခြင်း၊ သီးခြားလွတ်လပ်သော တရားစီရင်မှုစနစ်ရှိခြင်း၊ ပြည်သူများ၏ ပူးပေါင်းပါဝင်မှုရှိခြင်းတို့ကြောင့် စင်ကာပူအစိုးရက အဂတိလိုက်စားမှုကို ထိန်းချုပ်နိုင်ခြင်းဖြစ်ကြောင်း ဆွေးနွေးတင်ပြခဲ့ပါသည်။ ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

၇။ ယင်းနေ့ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Singapore's Asian Civilization Museum(ACM) ၌ ကျင်းပသည့် "Cities and Kings: Ancient Treasures from Myanmar" ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ စင်ကာပူဝန်ကြီးချုပ် မစ္စတာလီရှန်လုံး၊ ယဉ်ကျေးမှု၊ လူမှုအဖွဲ့အစည်းနှင့် လူငယ်ရေးရာဝန်ကြီးတို့က ကြိုဆိုခဲ့ကြပါသည်။ အဆိုပါပြပွဲ၌ မြန်မာနိုင်ငံအမျိုးသားပြတိုက်တွင် စုဆောင်းထားရှိသည့် ပျူခေတ်၊ အောက်မြန်မာနိုင်ငံနှင့် မွန်ဘုရင်များခေတ်၊ ပုဂံခေတ်နှင့် မန္တလေးနန်းတော်တို့မှ အကောင်းဆုံး ရှေးဟောင်းယဉ်ကျေးမှု အနုပညာလက်ရာများအား ပြသထားခြင်းဖြစ်ပါသည်။ အဆိုပါပြပွဲအား ၂၀၁၇ ခုနှစ်၊ မတ်လအထိ ပြသထားမည်ဖြစ်ပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀)ပြည့် အခမ်းအနား အထိမ်းအမှတ်လှုပ်ရှားမှုတစ်ရပ်အဖြစ် မြန်မာနိုင်ငံအမျိုးသားပြတိုက်နှင့် စင်ကာပူနိုင်ငံ Asian Civilizations Museum တို့မှ ပူးပေါင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၈။ ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စင်ကာပူမြို့ မြန်မာသံရုံးနှင့် မြန်မာစစ်သံ(ကြည်း၊ရေ၊လေ)ရုံးတို့မှ ဝန်ထမ်းများ၊ မိသားစုများ၊ ပညာသင်များအား တွေ့ဆုံ နှုတ်ဆက်စကားပြောကြားခဲ့ပြီး မြန်မာသံရုံးမှ တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Jurong East &Sd Big Box Hall တွင် စင်ကာပူနိုင်ငံရောက် မြန်မာအသိုက်အဝန်းနှင့် တွေ့ဆုံမိန့်ခွန်းပြောကြားခဲ့ပြီး မေးမြန်းချက်များကို ခင်မင်ရင်းနှီးစွာ ဖြေကြားခဲ့ပါသည်။

၉။ ၂-၁၂-၂၀၁၆ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Vivian Balakrishnan လိုက်ပါ၍ Ghim Moh Hawker Centre and Wet Market ၌ လှည့်လည်လေ့လာပြီး နံနက်စာစားပွဲသို့ တက်ရောက်ခဲ့ပါသည်။ ယင်းနေ့ (၁၁း၀၀) နာရီအချိန်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူနိုင်ငံ ချန်ဂီ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ထွက်ခွာလာရာ မွန်းလွဲပိုင်း (၁၅း၃၀)နာရီအချိန်တွင် ရန်ကုန်မြို့သို့ ပြန်လည်ဆိုက်ရောက်ခဲ့ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်။**

# ရှမ်းပြည်နယ် အရှေ့မြောက်ဒေသတွင် KIA၊ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများသေကျေခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့်ပတ်သက်၍ အရေးကြီးအဆိုကိုမှတ်တမ်းတင်

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် အရှေ့မြောက်ဒေသ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်း၊ နမ္မတူနှင့် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တို့တွင် KIA၊ MNDAA နှင့် TNLA ပူးပေါင်းအဖွဲ့တို့မှ ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်၊ မိုင်းထောင်မှု၊ ဖျက်ဆီးမှု၊ ဗုံးခွဲမှုများကြောင့် အပြစ်မဲ့ပြည်သူများသေကျေခြင်း၊ ဒဏ်ရာရခြင်း၊ အိုးအိမ်စွန့်ခွာ စစ်ပြေးဒုက္ခသည်ဘဝရောက်ခြင်းနှင့် နိုင်ငံ၏အချုပ်အခြာတည်မြဲမှု၊ တရားဥပဒေစိုးမိုးမှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တို့အား ထိခိုက်စေခြင်းတို့ကို လွှတ်တော်မှစိုးရိမ်ကြောင်း၊ အရေးကြီးအဆိုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆုံးဖြတ်လိုက်သည်။

ယင်းအဆိုကို မိတ္ထီလာမဲဆန္ဒနယ်မှ ဒေါက်တာအောင်သင်းက တင်သွင်းခဲ့ခြင်းဖြစ်ပြီး အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ် ၁၂ ဦး ပါဝင်ဆွေးနွေးရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်နှစ်ဦးက အဆိုအား ထောက်ခံဆွေးနွေးကြပြီး အချို့လွှတ်တော်ကိုယ်စားလှယ်များက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ဆွေးနွေးခဲ့ကြသည်။

မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစောက ညီနောင်အချင်းချင်း စစ်ပွဲများရပ်ရန်၊ ညီနောင်အားလုံးကို စားပွဲဝိုင်းဆီသို့ ဆွေးနွေးဖိတ်ခေါ်ရန်၊ NCA ကို တစ်ပြိုင်တည်းလက်မှတ်ရေးထိုးကြရန်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစု ပင်လုံမှတစ်ဆင့် မိမိတို့ တည်ဆောက်လိုသည့် ဖက်ဒရယ်နိုင်ငံသစ်ကို ဝိုင်းဝန်းညှိနှိုင်းအဖြေရှာကြရန် လိုအပ်နေပါကြောင်း၊ သဘောထားကြီးကြီးဖြင့် ညီနောင်တိုင်းရင်းသားများကို နွေးနွေးထွေးထွေးဖိတ်ခေါ်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို ချီတက်ရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီးက NCA လက်မှတ်ထိုးထားခြင်းမရှိသေးသည့် လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် ယခုကဲ့သို့ နိုင်ငံရေးအရ ဆွေးနွေးပွဲများ ကျင်းပနေသည့်အချိန်တွင် နိုင်ငံရေးအရ ဝင်ရောက်ဆွေးနွေးညှိနှိုင်းကြရန် မေတ္တာရပ်ခံပါကြောင်း၊ ပြဿနာကို ရိုးသားစွာဝန်ခံညှိနှိုင်းခြင်းနှင့် ပြဿနာကို လက်နက်အကာအကွယ်မယူဘဲ သတိရှိရှိ မျှမျှတတ စဉ်းစားတွေးခေါ်ပြီး အဖြေရှာကြရမည့်အချိန်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

မက်မန်းမဲဆန္ဒနယ်မှ ဦးတင်အေးက တိုက်ခိုက်မှုဖြစ်စဉ်များကို သုံးသပ်ကြည့်မည်ဆိုပါက တပ်စခန်းများကို သာမန်တိုက်ခိုက်သည့်အဆင့်ထက် ကျော်လွန်ပြီး နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ရည်ရွယ်ချက်ရှိရှိ ထိပါးစော်ကားလာခြင်းဖြစ်ပါကြောင်း၊ အဆိုပါပူးပေါင်းအဖွဲ့၏ အကြမ်းဖက်ဆန်ဆန်လုပ်ရပ်များကြောင့် ဒေသခံပြည်သူထောင်ပေါင်းများစွာ စစ်ဘေးရှောင်ဒုက္ခသည်ဘဝကို ရောက်သွားရပါကြောင်း၊ အဆိုပါလုပ်ရပ်များသည် ပြည်သူတစ်ရပ်လုံးလိုလားတောင့်တနေကြသည့် ငြိမ်းချမ်းရေးအပေါ် ထိပါးစော်ကားလာခြင်းဖြစ်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီး သန်းအောင်က တရုတ်နိုင်ငံဘက်သို့ ကျည်ကျရောက်မှုကို စိစစ်သည့်အခါတွင် နှစ်နိုင်ငံရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုကို ပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်အဖွဲ့များက ဆောင်ရွက်ခဲ့သည်ကို တွေ့ရပါကြောင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်း၊ တံတား၊ အရပ်သားပစ်မှတ်များကို ဖောက်ခွဲဖျက်ဆီးခြင်းနှင့် အပြစ်မဲ့ပြည်သူများကို အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခြင်းများသည် ဂျီနီဗာကွန်ဗင်းရှင်း Common Article 3 နှင့် Protocol 2 ၏ Article 4 တို့ကို ချိုးဖောက်ကျူးလွန်ရာရောက်ပါကြောင်း၊ ပြစ်မှုကျူးလွန်သူများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအပါအဝင် တည်ဆဲဥပဒေများနှင့်အညီ အရေးယူသင့်ပါကြောင်း ဆွေးနွေးသည်။

မြစ်ကြီးနားမဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်က စစ်ပွဲကြောင့် နိုင်ငံအတွင်း ဘဏ္ဍာငွေနှင့် သယံဇာတများ



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

အလဟဿကုန်ခမ်းခြင်း၊ နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံရန် လာရောက်မှုကို ဟန့်တားနေသကဲ့သို့ဖြစ်နေခြင်း၊ အိမ်နီးချင်းနိုင်ငံနှင့် ဆက်ဆံရေးထိခိုက်လာခြင်း၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ စီးပွားရေးလမ်းကြောင်း ထိခိုက်လာခြင်းတို့ဖြစ်ပေါ်နေသဖြင့် နိုင်ငံအတွက် များစွာစိုးရိမ်စရာဖြစ်နေပါကြောင်း၊ ယင်းစိုးရိမ်ကြောင့်ကြမှုများမှ ကင်းလွတ်ရန် တစ်ခုတည်းသောအဖြေမှာ ငြိမ်းချမ်းရေးဖြစ်ပါကြောင်း ဆွေးနွေးသည်။

ထို့အတူ အဆိုနှင့်စပ်လျဉ်း၍ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ တောင်ကြီးမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်သန်းငွေ၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမျိုးခိုင်၊ ဖရူဆိုမဲဆန္ဒနယ်မှ ဦးပွဲ့ဒူ၊ သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင်တို့ကလည်း အကြံပြုဆွေးနွေးခဲ့ကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဆွေက KIA၊ TNLA၊ MNDAA လက်နက်ကိုင်သောင်းကျန်းသူများ၏ လုပ်ရပ်သည် အကောင်အထည်ဖော်ဆောင်ရွက်နေသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နှောင့်ယှက်ပျက်စီးစေသည့်အပြင် တည်ဆဲဥပဒေများအရ အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် သတ်မှတ်နိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့် စုပေါင်းအဖြေရှာနိုင်ရန် ရည်ရွယ်၍ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဦးစားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ NCA လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုလည်း လက်မှတ်ရေးထိုး၍ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် အမြန်ဆုံးပါဝင်နိုင်ရန် တိုက်တွန်းလျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိန်ဝင်းက ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ၌ စတင်တိုက်ခိုက်ခဲ့သည့် KIA အဖွဲ့သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို လက်မှတ်မထိုးရသေးသည့် အဖွဲ့ဖြစ်ပြီး MNDAA၊ TNLA နှင့် AA တို့သည် ဒီမိုကရေစီနည်းလမ်းအရ ရွေးချယ်တင်မြှောက်ခဲ့သော ပြီးခဲ့သည့်အစိုးရလက်ထက်တွင် စတင်ပေါ်ပေါက်တိုက်ခိုက်ခဲ့သည့် အဖွဲ့များဖြစ်ပါကြောင်း။

ယင်းအဖွဲ့ သုံးဖွဲ့သည် သမိုင်းကြောင်းနှင့်ချီပြီး ပေါ်ပေါက်လာသည့်အဖွဲ့များမဟုတ်သည့်အပြင် ဒီမိုကရေစီနည်းအရ ဖြစ်သင့်ဖြစ်ထိုက်သည့် လိုလားချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် တင်ပြဆောင်ရွက်နိုင်ခွင့်ကို လျစ်လျူရှုပြီး နိုင်ငံတော်ကို တစ်နည်းအားဖြင့် ဒီမိုကရေစီစနစ်ကို လက်နက်စွဲကိုင်ဆန့်ကျင်တိုက်ခိုက်နေသည့် အဖွဲ့များဖြစ်ပါကြောင်း၊ ယင်းအဖွဲ့ သုံးဖွဲ့အနေဖြင့် လက်နက်ကိုင်နည်းလမ်းကို အပြီးတိုင်ချုပ်ငြိမ်းစေရန် ဆန္ဒပြုကြောင်းနှင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လက်နက်ကိုင်ဆောင်မှုထိန်းသိမ်းရေးဆိုင်ရာတို့ကို နိုင်ငံရေးနည်းလမ်းဖြင့် ဆွေးနွေးမည်ဖြစ်ကြောင်း၊ သဘောထားထုတ်ပြန်မည်ဆိုပါက NCA အရ ကျင်းပမည့် နိုင်ငံရေးဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေးခွင့်ပြုမည်ဖြစ်ကြောင်းကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)က အဆိုပြုခဲ့သော်လည်း ယင်းတို့အနေဖြင့် လက်သင့်မခံလိုကြောင်း၊ လက်နက်ကိုင်လမ်းစဉ်ကိုသာ ဆုပ်ကိုင်ထားလိုကြောင်း ယခုဖြစ်စဉ်များအရ အထင်အရှားတွေ့ရှိရမည်ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရကို နိုင်ငံရေး၊ စီးပွားရေးများ အကျပ်အတည်း ဖြစ်စေရုံမျှမက အိမ်နီးချင်းနိုင်ငံနှင့် ဆက်ဆံရေးပါမပြေလည်မှုဖြစ်အောင် ယခုကဲ့သို့ ဆောင်ရွက်လာခြင်းသည် NCA လက်မှတ်မထိုးဘဲ၊ လက်နက်ကိုလည်းမစွန့်ဘဲ နိုင်ငံရေးတွေ့ဆုံပွဲများ တက်ရောက်ခွင့်ရရှိရေးကို အကြပ်ကိုင်တောင်းဆိုလာသည့်သဘောမျိုးဖြစ်နေပါကြောင်း၊ ယင်းသို့တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ထိခိုက်ပျက်စီးစေပြီး ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများကိုပါ ခံစားရစေလျက်ရှိပါကြောင်း၊ မူဆယ်မြို့ပေါ်ရှိ ယာယီကယ်ဆယ်ရေးစခန်း ငါးခုတွင် တိုက်ပွဲရှောင်လူဦးရေ ၃၂၀၀ အထိဖြစ်ပေါ်ခဲ့ပါကြောင်း၊ တစ်ဖက်နိုင်ငံတွင်လည်း တိုက်ပွဲရှောင်ပြည်သူ ၂၀၀၀၀ အထိရှိနေသည်ဟု ကြားသိရပါကြောင်း။

ယင်းအဖွဲ့များက တပ်မတော်စခန်းများကို ပစ်ခတ်တိုက်ခိုက်ခဲ့သည့်ကျည်များ တစ်ဖက်နိုင်ငံအတွင်း ကျော်လွန်ကျရောက်အောင် ပစ်ခတ်ခဲ့ခြင်းအားဖြင့်လည်း နှစ်နိုင်ငံဆက်ဆံရေးကိုထိခိုက်အောင် တမင်ကြံရွယ်လုပ်ဆောင်ခဲ့သည်ကိုလည်း တွေ့ရှိရပါကြောင်း၊ ဤကာလအတွင်း စစ်ရေးပစ်မှတ်မဟုတ်သည့် လမ်း၊ တံတားဖျက်ဆီးခံရမှု ၇ ကြိမ်၊ လမ်းကြောင်းပိတ်ဆို့မှု ၇ ကြိမ်၊ မြို့ရွာများနှောင့်ယှက်ပစ်ခတ်ခံရမှု ၇ ကြိမ်၊ မြို့ရွာများတွင် မိုင်းထောင်ဖောက်ခွဲမှု ၇ ကြိမ်၊ အရပ်သားနှင့်ဝန်ထမ်းများ ဖမ်းဆီးသတ်ဖြတ်ခံရမှု ၄ ကြိမ်ဖြစ်ပွားခဲ့ပြီး အပြစ်မဲ့အရပ်သူအရပ်သားများအနေဖြင့် အမျိုးသမီး ၃ ဦးအပါအဝင် ၁၀ ဦးသေဆုံးကာ အမျိုးသမီး ၁၁ ဦး အပါအဝင် ၃၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပါကြောင်း။

ယခုကဲ့သို့ အပြစ်မဲ့အရပ်သားများအား အကြောင်းမဲ့သေကျေဒဏ်ရာရစေခြင်း၊ စစ်ဘက်ပစ်မှတ်မဟုတ်သောအခြေခံအဆောက်အအုံများ၊ ယာဉ်များဖျက်ဆီးခြင်း၊ ပြည်သူတို့၏ စီးပွားဥစ္စာပျက်စီးစေခြင်းတို့ကြောင့် KIA၊ MNDAA၊ TNLA နှင့် AA အဖွဲ့တို့ကို အကြမ်းဖက်အဖွဲ့များအဖြစ် လွှတ်တော်က သတ်မှတ်သင့်သည်ဟု ယူဆပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်သမ္မတဦးထင်ကျော်ခေါင်းဆောင်သည့် နိုင်ငံတော်အကြီးအကဲများ၏ လမ်းညွှန်မှုနှင့်အညီ အစိုးရအဖွဲ့၏ ရည်မှန်းချက်ဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးတို့ မထိခိုက်စေရန်အလို့ငှာ တပ်အင်အားကို အနည်းဆုံးသာအသုံးပြုပြီး ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

ထို့ပြင် ယနေ့အစည်းအဝေးတွင် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၏ အခြေခံပညာကျောင်းများ တည်ဆောက်ရေးအတွက် ဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေပေါ်မူတည်၍ ဒေသဈေးနှုန်းများအပေါ်အခြေအနေမှန်ဖြင့် တွက်ချက်တင်ပြသည့် အဆောက်အအုံတန်ဖိုးကို အခြေခံပြီး လေလံစနစ်ဖြင့် တည်ဆောက်ခြင်း၊ ဆရာ ဆရာမများ နားနေခန်းပါအဆောက်အအုံဒီဇိုင်းပုံစံပြောင်းလဲပေးရန်နှင့် စာသင်ခုံများ၊ သင်ပုန်းများအား ကျောင်းသား ကျောင်းသူဦးရေနှင့်အညီ ထောက်ပံ့ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဘဏ္ဍာရေးနှစ်တစ်နှစ်အတွက် ငွေလုံးငွေရင်း(တည်ဆောက်ရေး)ရန်ပုံငွေ လျာထားချက်ရေးဆွဲရာတွင် ဒေသဈေးနှုန်းများအပေါ် မူတည်ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့က အတည်ပြုပေးထားသော တစ်ပေအတွက်ကုန်ကျစရိတ်နှုန်းများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ လက်ရှိခွဲဝေရရှိသော ဘဏ္ဍာငွေအခြေအနေအရ ကျောင်းအဆောက်အအုံပုံစံဒီဇိုင်းတွင် စာသင်ခန်းအပြင် ဆရာ ဆရာမ နားနေခန်းပါ ထည့်သွင်းရေးဆွဲတွက်ချက်နိုင်ရန် မြေအကျယ်အဝန်းပေါ်တွင်မူတည်၍ ဆောင်ရွက်စီစဉ်လျက်ရှိပါကြောင်း။

ကျောင်းဆောင်သစ်များ ဆောက်လုပ်သည့်ကျောင်းများအတွက် လိုအပ်သော စာသင်ခုံများနှင့် ကျောင်းသုံးသင်ပုန်းများကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်စီမံမှုဖြင့် မြို့နယ်/ကျောင်းများသို့ ဘဏ္ဍာငွေခွဲဝေဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၏ တက္ကသိုလ်တစ်ခုချင်းစီအတွက် ပဋိညာဉ်နှင့် တက္ကသိုလ်အားလုံးကိုလွှမ်းခြုံသော ပဋိညာဉ်ရေးဆွဲရေးအတွက် အချိန်၊ မူဘောင်၊ တက္ကသိုလ် ကျောင်းသားသမဂ္ဂများအားလုံး မည်သည့်အချိန်တွင် တည်ထောင်ပြီးစီးမည်နှင့် သမိုင်းဝင်ကျောင်းသားသမဂ္ဂ အဆောက်အအုံကို ပြန်လည်တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဥပဒေအရ တက္ကသိုလ်အသီးသီးသည် မိမိတို့တက္ကသိုလ်၏ သဘောသဘာဝနှင့် ကိုက်ညီမှုရှိသော ပဋိညာဉ်စာတမ်းတစ်ခုစီကို ရေးဆွဲနိုင်သည့် အခွင့်အရေးရှိပြီးဖြစ်ပါကြောင်း၊ တက္ကသိုလ်ပဋိညာဉ်စာတမ်းသည် တက္ကသိုလ်အားလုံးကို လွှမ်းခြုံပြီး ရေးဆွဲခြင်းထက် တက္ကသိုလ်တစ်ခုချင်းကသာရေးဆွဲရန် ဥပဒေက ပြဋ္ဌာန်းထားပါကြောင်း။

အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေတွင် "အဆင့်မြင့်ပညာကျောင်းများတွင် ဆရာသမဂ္ဂများနှင့် ကျောင်းသားသမဂ္ဂများကို သက်ဆိုင်ရာတက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်လှုပ်ရှားခွင့်ရရှိရေး"ဟု ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် တက္ကသိုလ်တစ်ခုတွင် ကျောင်းသားသမဂ္ဂဖွဲ့စည်းနိုင်ရေးသည် သက်ဆိုင်ရာတက္ကသိုလ်၏ ပဋိညာဉ်စာတမ်းအရသာ ဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ယခင်ကျောင်းသားသမဂ္ဂအဆောက်အအုံတည်ရှိခဲ့သော မြေနေရာတွင် ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် ဘက်စုံအသုံးပြုနိုင်သည့် ကျောင်းသားသမဂ္ဂအဆောက်အအုံတစ်ခု ဆောက်လုပ်နိုင်ရန် လိုအပ်သည့် ဘတ်ဂျက်လျာထားမှုများကို စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ထို့ပြင် စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး၊ ဒေးဒရဲမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညို၊ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးနှင့် နတ်တလင်းမဲဆန္ဒနယ်မှ ဦးခင်အေးတို့၏ ပညာရေးကဏ္ဍဆိုင်ရာမေးခွန်းများကို ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ပြန်လည်ဖြေကြားခဲ့သည်။

**ကျော်သူထက်(သတင်းစဉ်)**

# ရပ်ရွာလုံခြုံရေးနှင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးဆိုင်ရာ မေးခွန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဖြေကြား

**နေပြည်တော် ဒီဇင်ဘာ ၂**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလှိုင်းခမ်း၏ လားရှိုးမြို့နယ် ကောင်းကြဲ(ပိတ်)ကျေးရွာအုပ်စု နားမွန်ကျေးရွာအတွင်းရှိ တောင်သူ(၁၂)ဦး ပိုင်ဆိုင်သော ကွင်းအမှတ် (၁၀၂) ဆွမ်ကွယ်ကွင်းမြေနေရာအား တပ်သိမ်းမြေမှ မူလတောင်သူများထံ ပြန်လည်စွန့်လွှတ်ပေးပါရန်နှင့် နစ်နာသောတောင်သူများကို မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက မေးခွန်းပါမြေဧရိယာ ၃၀ ဒသမ ၂၅ ဧကသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၌ ဦးပိုင်အမည်ပေါက် စာရင်းမရှိသည့်အတွက် စိုစိုပြေပြေ အုတ်စက်ရုံက မြေလွတ်မြေရိုင်းများကို တရားဝင်လျှောက်ထားရယူခဲ့သည့် မြေ ၉၁ ဒသမ ၉၄ ဧက အတွင်းပါဝင်ပြီး လျှောက်ထားသည့် နည်းလမ်းအတိုင်း အသုံးမပြုသောကြောင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ မြေဧရိယာ ၄၆ ဒသမ ၄၇ ဧက လွှဲပြောင်းရယူခဲ့ပြီး မြေလွတ်မြေရိုင်း စိုက်ပျိုးလုပ်ကိုင်ခွင့် နှစ် ၃၀ လျှောက်ထားရရှိခဲ့သည့် မြေဧရိယာအတွင်း ပါဝင်ပါကြောင်း။

အဆိုပါမြေဧရိယာ ၄၆ ဒသမ ၄၇ ဧကအား လက်ရှိအချိန်တွင် စစ်မှုထမ်းဟောင်းမြေနေရာအဖြစ် အသုံးပြုခွင့်ရရှိရေးကို လားရှိုးခရိုင်နှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့မှ လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲတည်ဆောက် တင်ပြဆောင်ရွက်လျက်ရှိပါသဖြင့် ပြန်လည်စွန့်လွှတ်ပေးနိုင်မှုမရှိပါကြောင်း၊ မူလမြေပိုင်ဆိုင်မှုစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူစာရင်း ပါရှိခြင်းမရှိသည့်အတွက် မြေယာလျော်ကြေးပေးရန် အစီအစဉ် မရှိပါကြောင်း ဖြေကြားသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင်၏ ပေါက်တောမြို့နယ် ချောင်းကြီးကျေးရွာ အရှေ့ဘက်၌ တည်ရှိသော ချောင်းကြီးချောင်းအား သံကူကွန်ကရစ်တံတားတစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရခိုင်ပြည်နယ်အတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၁၄၂ ဒသမ ၈၉၂ သန်းဖြင့် ကွန်ကရစ်လမ်း ၃ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၁ မိုင် ၆ ဖာလုံ၊ ကျောက်ချောလမ်း ၂၁ မိုင် ၇ ဖာလုံ၊ မြေသားလမ်း ၂၄ မိုင် ၅ ဖာလုံ၊ ကွန်ကရစ်တံတား ၂၇ စင်း နှင့် ရေပြွန် ၆၆ စင်း ဆောင်ရွက်ပေးရန် လျာထားပါကြောင်း။

ပေါက်တောမြို့နယ်အတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၈၀ ဒသမ ဝ၄ သန်းဖြင့် မြေသားလမ်း ၂ မိုင်နှင့် ကွန်ကရစ်တံတား လေးစင်း ဆောင်ရွက်ပေးရန် လျာထားပါကြောင်း၊ ပေါက်တောမြို့နယ်အတွင်းရှိ ချောင်းကြီးချောင်းကူး တံတားအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ရန်ပုံငွေတွင် ပါဝင်ခြင်းမရှိ၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထား တင်ပြမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဝင်းအောင်၏ ကျွန်းလှမြို့နယ်အတွင်းရှိ သွားလာရန်ခက်ခဲသော ကုက္ကိုကုန်း - အိမ်ခြေလမ်းကို ရာသီမရွေး သွားလာနိုင်သော ကျောက်ချောလမ်းအဖြစ် ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ကျွန်းလှမြို့နယ်အတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၄၁၀ ဒသမ ၇၉၇ သန်းဖြင့် မြေသားလမ်း ၁၀ မိုင်၊ သစ်သားတံတား ၁၄ စင်းနှင့် ရေကျော် ၁၇ စင်း ဆောင်ရွက်ရန် လျာထားပါကြောင်း၊ ကုက္ကိုကုန်း - ယင်းတိုက် လမ်းပိုင်း ၂၁ မိုင် ၄ ဖာလုံသည် သစ်တောကြိုးဝိုင်း၌ ကျရောက်နေသည့်အတွက် လုပ်ငန်းဆောင်ရွက်၍ မရပါကြောင်း၊ ယင်းတိုက် - အိမ်ခြေလမ်းပိုင်း အရှည် တစ်မိုင် ၄ ဖာလုံအား ကျောက်ချောခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိ၍ ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်၊ တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးအေးဗိုလ်နှင့် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမင်းဦးတို့၏ ရပ်ရွာလုံခြုံရေးနှင့် ကျေးလက်လမ်းများ ကောင်းမွန်ရေးဆိုင်ရာ မေးခွန်းများနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၁)ရက်မြောက် နေ့ကို ဒီဇင်ဘာ ၅ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း သိရသည်။

**(သူရဇော် - သတင်းစဉ်)**

■

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အင်္ဂလန်နိုင်ငံအခြေစိုက် EIA မှ ဧည့်သည်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၂**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်္ဂလန်နိုင်ငံအခြေ စိုက် Environmental Investigation Agency(EIA)မှ Forest Team Leader ,Ms. Faith Doherty နှင့် အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောမပြုန်းတီးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**(သတင်းစဉ်)**



## မြန်မာနိုင်ငံပြန်တမ်း

နေပြည်တော် ဒီဇင်ဘာ ၂

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ(၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန |
|---|---|
| (၁)ဦးကိုကိုနိုင် | ညွှန်ကြားရေးမှူးချုပ် သံတမန်ရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂)ဦးဝင်းနောင် | ကျောင်းအုပ်ကြီး ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |

## တိုက်ပွဲရှောင်စခန်းမှ ပြည်သူများအတွက်အလှူငွေကျပ် သိန်း ၃၀၀ လှူဒါန်း

**တောင်ကြီး ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေကျပ်သိန်း ၃၀၀ ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဒေါ်ခင်ဝင်းရီ၊ ဦးခင်အောင် နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များက ဒီဇင်ဘာ ၂ ရက်တွင် သွားရောက်လှူဒါန်းခဲ့ရာ အလှူငွေကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် က လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ဖောင်ဒေးရှင်းမှတာဝန်ရှိသူ ဦးခင်အောင်က ယခုကဲ့သို့လှူဒါန်းရခြင်းသည် ဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ လမ်းညွှန်မှုအရ လှူဒါန်းရခြင်းဖြစ်ပါကြောင်း၊ နိုဝင်ဘာ ၂၃ ရက်ကလည်း မူဆယ်မြို့ရှိ တိုက်ပွဲရှောင်စခန်းများသို့ ရောက်ရှိ ခိုလှုံနေကြသော မူဆယ်မြို့အနီးဝန်းကျင်ကျေးရွာများမှ ပြည်သူများအတွက် အန္ဒေးထည် ၃၂၀၀ နှင့် စောင်၊ ဆန်အိတ်၊ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်ထုပ်၊ အာဟာရမှုန့်များကို ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက သွားရောက်လှူဒါန်းခဲ့ပါကြောင်း၊ ဖောင်ဒေးရှင်းသည် စတင်တည်ထောင်ချိန်မှ ယနေ့အချိန်အထိ မြန်မာနိုင်ငံတစ်ဝန်း ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ အားကစား စသည့် လှူဒါန်းမှုများအပြင် နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် ကျရောက်သည့် နေရာဒေသများတွင်လည်း အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ပြောကြားသည်။

ဖောင်ဒေးရှင်းသည် အအေးလွန်ကဲမှုဒဏ်ကို ပိုမိုခံစားရနိုင်သော ဒေသများရှိ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုက်ပွဲရှောင်စခန်းများမှ တိုင်းရင်းသားပြည်သူများအတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော်တန်ဖိုးရှိ ခေါင်းစွပ်ပါ အန္ဒေးထည် အထည်၂၀၅၀၀၀ကို ပြည်ပမှ မှာယူခဲ့ပြီး သက်ဆိုင်ရာဒေသများသို့ ပေးပို့လှူဒါန်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ဝဝဝ)**



# ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို**
**တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၁။)**
**၁၃၇၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်**
**( ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂တွင်-

(က) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဈ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် မြို့နယ်အုပ်ချုပ်ရေးမှူးက ဤဥပဒေအရ ဖွဲ့စည်းထားသောအဖွဲ့ကိုဆိုသည်။"

(ခ) ပုဒ်မခွဲ (ည) ၏ နောက်တွင် ပုဒ်မခွဲ (ဋ)၊ (ဌ)၊ (ဍ) နှင့်(ဎ) တို့ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဋ) **ဆယ်အိမ်မှူး** ဆိုသည်မှာ ရာအိမ်မှူး ရွေးချယ်ရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန်အတွက်လည်းကောင်း သက်ဆိုင်ရာဆယ်အိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံသူကို ဆိုသည်။

(ဌ) **ရာအိမ်မှူး** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ရန်အတွက်လည်းကောင်း၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန်အတွက်လည်းကောင်း သက်ဆိုင်ရာ ရာအိမ်စုအစုအဖွဲ့က ရွေးချယ်သည့် ပုဒ်မ ၅ ပါအရည်အချင်းများနှင့် ပြည့်စုံသူကိုဆိုသည်။

(ဍ) **ကျေးရွာတာဝန်ခံ** ဆိုသည်မှာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား အထောက်အကူပြုရန်အတွက် သက်ဆိုင်ရာ ကျေးရွာရှိ ရာအိမ်မှူးများက ရွေးချယ်သည့် ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူကိုဆိုသည်။

(ဎ) **အိမ်ထောင်စုကိုယ်စားလှယ်** ဆိုသည်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား မဲပေးရွေးချယ်နိုင်ခွင့်ရှိသည့် အိမ်ထောင်စုတစ်ခု၏ အိမ်ထောင်ဦးစီး သို့မဟုတ် (၁၈) နှစ်ပြည့်ပြီး မိသားစုဝင်တစ်ဦးဦးကို ဆိုသည်။"

၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ အခန်း (၃) ခေါင်းစဉ်ကို အောက်ပါအတိုင်း အစားထိုးရမည် -

**"အခန်း (၃)**
**ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတို့တွင် ပြည့်စုံရမည့် အရည်အချင်းများ"**

၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (ဂ)နှင့် (ဃ)တို့ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ(င)၊ (ဆ) နှင့် (ည) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(င) သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း အနည်းဆုံး ငါးနှစ် နေထိုင်လျက်ရှိသူဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်ချိန်တွင် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် အမှန်တကယ် နေထိုင်မည့်သူဖြစ်ခြင်း၊

**ခြွင်းချက်။** ဒေသခံအငြိမ်းစားဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်ဆက်တည်း (၂)နှစ် နေထိုင်သူကို ထည့်သွင်းစဉ်းစားနိုင်သည်။

(ဆ) ပေးအပ်သည့်တာဝန်ကို ထမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ခြင်း၊

(ည) တာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်း မဟုတ်ခြင်း။"

၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၆ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရွေးချယ်ရာတွင် ကြီးကြပ်နိုင်ရေးအတွက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများက ရွေးချယ်ပေးသော ယင်းတာဝန်ကို ထမ်းဆောင်ရန်ဆန္ဒရှိသည့် ရပ်မိရပ်ဖငါးဦးကို ကြီးကြပ်ရေးအဖွဲ့အဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။-

၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၇။ ကြီးကြပ်ရေးအဖွဲ့သည်-

(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုစာရင်းများရယူ၍ သတ်မှတ်ထားသောနည်းလမ်းများနှင့်အညီ ရပ်ကွက် သို့မဟုတ် ကျေးရွာအလိုက်တစ်ဆက်တစ်စပ်တည်းအစဉ်လိုက်ဖြစ်သော ဆယ်အိမ်စုအစုအဖွဲ့နှင့် ရာအိမ်စု အစုအဖွဲ့များကို ဖွဲ့စည်းရမည်။

(ခ) ဆယ်အိမ်စုအသီးသီးတွင် နေထိုင်ကြသော အိမ်ထောင်စုကိုယ်စားလှယ်တို့အားစုစည်း၍ မိမိတို့နေထိုင်ရာ ဆယ်အိမ်စုအတွင်းနေထိုင်သူများအနက်မှ ပုဒ်မ ၅ ပါ အရည်အချင်းများနှင့် ပြည့်စုံသူတစ်ဦးကို အများဆန္ဒနှင့်အညီ ဆယ်အိမ်မှူးအဖြစ် ရွေးချယ်ရမည်။

(ဂ) ရာအိမ်စုအသီးသီးတွင် ရွေးချယ်ခံရသော ဆယ်အိမ်မှူးများအနက်မှ ရာအိမ်မှူးတစ်ဦးကို သက်ဆိုင်ရာရာအိမ်စုအတွင်းရှိအိမ်ထောင်စုကိုယ်စားလှယ်များက အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဃ) ရွေးချယ်ခြင်းခံရသော ရာအိမ်မှူးတစ်ဦးတည်းသာရှိပါက ယင်းပုဂ္ဂိုလ်အား ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်တာဝန်ပေးနိုင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်။

(င) ရွေးချယ်ခြင်းခံရသည့် ရာအိမ်မှူးတစ်ဦးထက်ပိုပါက ယင်းပုဂ္ဂိုလ်အား -

(၁) ရပ်ကွက်များတွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်း၊ ကျေးရွာအုပ်စုများတွင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးလောင်းများအဖြစ်လည်းကောင်း အမည်စာရင်း ပြုစုရမည်။

(၂) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်းများအဖြစ် အမည်စာရင်းပြုစုရာတွင် အုပ်ချုပ်ရေးမှူးတာဝန်ထမ်းဆောင်ရန် ဆန္ဒမပြုသည့် ရာအိမ်မှူးများရှိပါက ယင်းတို့၏အမည်ကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးလောင်း အမည်စာရင်းတွင် ချန်လှပ်ရမည်။

(စ) ပုဒ်မခွဲ (င)၊ ပုဒ်မခွဲငယ်(၁)အရ ပြုစုထားသော အမည်စာရင်းပါပုဂ္ဂိုလ်များအနက်မှ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးကို သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းရှိ အိမ်ထောင်စုကိုယ်စားလှယ်များက သတ်မှတ်ထားသောနေ့ရက်တွင် လျှို့ဝှက်ဆန္ဒမဲပေးပြီး ရွေးချယ်စေရမည်။ ရရှိသောဆန္ဒမဲများကို ရေတွက်၍ ဆန္ဒမဲအများ၊ အနည်းအလိုက်အမည်စာရင်းပြုစုပြီး ကြေညာရမည်။

(ဆ) ကျေးရွာတစ်ရွာထက် ပိုမိုဖွဲ့စည်းထားသော ကျေးရွာအုပ်စုများတွင် သက်ဆိုင်ရာကျေးရွာတာဝန်ခံအဖြစ် ဆယ်အိမ်မှူး၊ ရာအိမ်မှူးများက မိမိတို့ထဲမှတစ်ဦးကို အများဆန္ဒနှင့်အညီ ရွေးချယ်ရမည်။

(ဇ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို မြို့နယ်အုပ်ချုပ်ရေးမှူးထံ တင်ပြရမည်-

(၁) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ်ရွေးချယ်တင်မြှောက်ခြင်းခံရသူ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၂) ကျေးရွာတာဝန်ခံများ၊ ရာအိမ်မှူးများအဖြစ် ရွေးချယ်ခြင်းခံရသူများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ၊

(၃) ဆယ်အိမ်မှူးများ၏ အမည်စာရင်းနှင့် ကိုယ်ရေးအချက်အလက်များ။"

၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ကြီးကြပ်ရေးအဖွဲ့က ပုဒ်မ ၇၊ ပုဒ်မခွဲ (ဇ) အရတင်ပြလာသော အမည်စာရင်းပါ ပုဂ္ဂိုလ်များအားစိစစ်ပြီး ပုဒ်မ ၅ ပါအရည်အချင်းများနှင့်ပြည့်စုံပါက ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ရမည်။ သက်ဆိုင်ရာ ကျေးရွာတာဝန်ခံ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများအဖြစ် တာဝန်ပေးရမည်။"

၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၉ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၉။(က) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏ ရာထူးသက်တမ်းသည် သာမန်အားဖြင့် နိုင်ငံတော်သမ္မတ၏ရာထူးသက်တမ်းအတိုင်း ဖြစ်သည်။ ယင်း၏သက်တမ်းသည် တစ်ဆက်တည်းနှစ်ကြိမ်ထက်မပိုစေရ။ သို့ရာတွင် အုပ်ချုပ်ရေးမှူးသက်တမ်း၏ ထက်ဝက်ထက်မပိုသော ကြားဖြတ်တာဝန်ယူသည့်ကာလကို ရာထူးသက်တမ်းတစ်ခုဟု မသတ်မှတ်ရ။

(ခ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးသည် နိုင်ငံတော်သမ္မတ၏ သက်တမ်းသစ်ကာလတွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအသစ်ရွေးချယ်ခန့်အပ်တာဝန်ပေးပြီးသည့်အချိန်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး လုပ်ငန်းတာဝန်များကို စနစ်တကျ လွှဲပြောင်းပေးရမည်။"

၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဆ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဆ) ဤဥပဒေပါ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံဉာဏ်ရယူခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။"

၁၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ တွင်-

(က) ပုဒ်မခွဲ(စ)ကိုအောက်ပါအတိုင်း အစားထိုးရမည် -

"(စ) ပြည်ထောင်စုအစိုးရ၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့တို့ကဖြစ်စေ၊ ယင်းတို့၏ တာဝန်ပေးချက်အရ အစိုးရဌာန၊ အဖွဲ့အစည်းကဖြစ်စေ ဦးစီးကျင်းပသည့် အခမ်းအနားများနှင့် ပွဲများမှအပ အခြားအခမ်းအနားများ၊ အများပြည်သူသို့ ဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရပွဲများကျင်းပခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးထံ အသိပေးတင်ပြပြီး တာဝန်ယူ၊ တာဝန်ခံကျင်းပစေခြင်း၊"

(ခ) ပုဒ်မခွဲ(ဆ)ကို ပယ်ဖျက်ရမည်။

(ဂ) ပုဒ်မခွဲ(ည)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ည) အများပြည်သူနှင့် သက်ဆိုင်သည့် ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်ခွင့်တောင်းခံလာပါက သဘောထားမှတ်ချက်ဖြင့် သက်ဆိုင်ရာသို့ တင်ပြခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်လျှင်ဖြစ်စေ၊ စည်းကမ်းချက်မလိုက်နာလျှင်ဖြစ်စေ အရေးယူခြင်း၊ အရေးယူရန် အကြောင်းကြားခြင်း၊"

(ဃ) ပုဒ်မခွဲ(ဎ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဎ) တရားဥပဒေစိုးမိုးရေး၊ မှုခင်းကျဆင်းရေးနှင့်လုံခြုံရေးတို့အတွက် စစ်ဆေးရန်လိုအပ်သော နေအိမ်ဥပစာနှင့် နေရာများကို လုံလောက်သော အကြောင်းပြချက်နှင့် အဖွဲ့ဖြင့် စနစ်တကျ ဝင်ရောက်စစ်ဆေးခြင်း၊"

(င) ပုဒ်မခွဲ(ဓ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဓ) ဖွားသေမှတ်ပုံတင်စာရင်းနှင့် အိမ်ထောင်စုပြောင်းရွှေ့ထွက်ခွာခြင်း၊ ပြောင်းရွှေ့ရောက်ရှိခြင်းနှင့် လူဦးရေစာရင်းများကို အချိန်နှင့်တစ်ပြေးညီ ပြုစုခြင်း၊"

(စ) ပုဒ်မခွဲ(ဝ)ကို အောက်ပါအတိုင်း အစားထိုးရမည်-

"(ဝ) အများပြည်သူအကျိုးနှင့်ဒေသခံပြည်သူများ၏အကျိုးကို လတ်တလောထိခိုက်စေမည့် ဘေးအန္တရာယ်များ ကျရောက်သဖြင့် အရေးပေါ်အခြေအနေပေါ်ပေါက်သည့်အခါ ဒေသခံပြည်သူတို့အတွက် အရေးကြီးပြီး တိုက်ရိုက်အကျိုးပြုသည့်လုပ်ငန်းကို ချက်ချင်းဆောင်ရွက်ခြင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးထံ အမြန်ဆုံးတင်ပြခြင်း၊"

၁၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၅ ၏ ခြေဆင်းကို အောက်ပါအတိုင်း အစားထိုးရမည် -

"၁၅။ မြို့နယ်အုပ်ချုပ်ရေးမှူးသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးနှင့်ပတ်သက်၍ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် စုံစမ်းစစ်ဆေးမှုပြုရန်လိုအပ်ပါက အဖွဲ့ဖြင့် စုံစမ်းစစ်ဆေးမှုပြုပြီး နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်းပြုနိုင်သည်-"

၁၂။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေတွင် -

(က) ပုဒ်မ ၁၆ ၏ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် -

"၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးတစ်ဦးဦးအား နုတ်ထွက်ခွင့်ပြုခြင်း၊ တာဝန်မှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း၊ ယာယီခွင့်ခံစားခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍-"

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(ဂ) တာဝန်မှ ယာယီရပ်ဆိုင်းခံရသည့်ကာလတွင်ဖြစ်စေ၊ နုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်း၊ ကွယ်လွန်ခြင်း သို့မဟုတ် အခြားအကြောင်းကြောင့် လစ်လပ်နေသည့်ကာလတွင်ဖြစ်စေ၊ ယာယီခွင့်ခံစားခွင့်ပြုသည့်ကာလတွင်ဖြစ်စေ သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၏တာဝန်ကို ထမ်းဆောင်ရန် မြို့နယ်အုပ်ချုပ်ရေးမှူးသည် ပုဒ်မ ၇၊ ပုဒ်မခွဲ (စ)အရ ဆန္ဒမဲ ဒုတိယအများဆုံးရရှိသည့် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။ ဆန္ဒမဲ ဒုတိယအများဆုံးရရှိသူက ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း ပေါ်ပေါက်လျှင် သင့်လျော်သည့် ကျေးရွာတာဝန်ခံ သို့မဟုတ် ရာအိမ်မှူးတစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။"

စာမျက်နှာ ၈ သို့

# ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် ၁-၁၂-၂၀၁၆ ရက်နေ့မှစ၍ ပြင်ဆင်သတ်မှတ်သည့် ဗီဇာစည်းကမ်းသတ်မှတ်ချက်များ

မြန်မာနိုင်ငံတွင် လက်ရှိခွင့်ပြုပေးလျက်ရှိသော ပြည်ဝင်ဗီဇာစနစ်သစ် (၁၂) မျိုးကို နိုင်ငံခြားသားများ အဆင်ပြေချောမွေ့စွာ ဗီဇာလျှောက်ထားနိုင်ရေးအတွက် ပြည်ဝင်ဗီဇာအမျိုးအစားအလိုက် စည်းကမ်းသတ်မှတ်ချက်များ ပြင်ဆင်သတ်မှတ်ထားသည့် အောက်ဖော်ပြပါ ဗီဇာစည်းကမ်းသတ်မှတ်ချက်များကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့တွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

**ယမန်နေ့မှအဆက်**

| စဉ် | ဗီဇာ အမျိုးအစား | ပြင်ဆင်သတ်မှတ်မည့် ဗီဇာကြေးနှင့်နေခွင့်ကာလ | ပြင်ဆင်သတ်မှတ်မည့် ဗီဇာစည်းကမ်းသတ်မှတ်ချက် |
|---|---|---|---|
| ၆ | ဖြတ်သန်း ဗီဇာ (Transit Visa) | - ဗီဇာကြေး - ၂၀ USD<br>- နေခွင့်ကာလ - ၂၄ နာရီ | မြန်မာနိုင်ငံမှ နောက်ကြောင်းပြန်ခရီး မဟုတ်သော ရှေ့ဆက်ထွက်ခွာမည့် ခရီး၏လေယာဉ်လက်မှတ်တင်ပြရမည်။ |
| ၇ | - နိုင်ငံတကာ အဖွဲ့အစည်းများ ဗီဇာ (တစ်ကြိမ်သုံး) (Official Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၇၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) UN အသိအမှတ်ပြုနိုင်ငံတကာ အဖွဲ့အစည်း/ မြန်မာနိုင်ငံပြည်ထောင်စုအစိုးရမှ အသိအမှတ်ပြုထားသော နိုင်ငံတကာ အဖွဲ့အစည်း ဖြစ်ရမည်။<br>(၂) ပြည်တွင်းတွင် လုပ်ငန်းဆောင်ရွက်မည့် နေရာ/လုပ်ငန်းဆောင်ရွက်ချက်များ ဖော်ပြရမည်ဖြစ်ပြီး တည်ဆဲဥပဒေအရ လိုက်နာဆောင်ရွက်မည့် ဝန်ခံချက်ပါရှိရမည်။ |
| | - နိုင်ငံတကာ အဖွဲ့ အစည်းများ ဗီဇာ (အကြိမ်ကြိမ်) (Official Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၇၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။ | နိုင်ငံတကာအဖွဲ့အစည်းများဗီဇာ (၁) ကြိမ်သုံးအတွက် ဗီဇာစည်းကမ်းသတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူမဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆) လ (သို့မဟုတ်) (၁) နှစ်မှ မည်သည့် ဗီဇာကိုရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။<br>(ဥပမာ- ကာယကံရှင်ကိုယ်တိုင် တင်ပြနိုင်သော ဆောင်ရွက်မည့် လုပ်ငန်းကိစ္စ ဖော်ပြခြင်း) |
| ၈ | အလုပ်သမား ဗီဇာ (Employment Visa) | **- ဗီဇာကြေး - ၅၀ USD**<br>**- နေခွင့်ကာလ - ၇၀ ရက်**<br>**- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။** | (၁) တာဝန်ခံခေါ်ယူမည့် ကုမ္ပဏီ၏ ဖိတ်ခေါ်စာ(သို့မဟုတ်)အလုပ်ခန့်စာ အထောက်အထားဖြင့် လျှောက်ထားရမည်။<br>(၂) အလုပ်သမား ဗီဇာ လျှောက်ထားရယူ၍ မြန်မာနိုင်ငံသို့ ရောက်ရှိလာသော နိုင်ငံခြားသား အလုပ်သမားများအနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ထုတ်ပေးသည့် အလုပ်သမား မှတ်ပုံတင်လက်မှတ် ရယူကိုင်ဆောင်ရပါမည်။ |
| ၉ | - ပညာရေး ဗီဇာ (တစ်ကြိမ်သုံး) (Education Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၉၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) ကျောင်းတက်ရန် ဖြစ်ပါက သက်ဆိုင်ရာ တက္ကသိုလ်/ နိုင်ငံခြားဘာသာသင်ကျောင်း၏ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။<br>(၂) ပညာရေး ဝန်ကြီးဌာနမှ ကျောင်းများတွင် စာသင်ကြားသည့် ဆရာ/ဆရာမများဖြစ်ပါက သက်ဆိုင်ရာ ကျောင်းများမှ ထောက်ခံချက်ဖြင့် လျှောက်ထားရမည်။ |
| | - ပညာရေးဗီဇာ (အကြိမ်ကြိမ်) (Education Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင် ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။ | ပညာရေးဗီဇာ (၁) ကြိမ်သုံးအတွက် ဗီဇာစည်းကမ်း သတ်မှတ်ချက်များ အပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံးအကြိမ်) ဝင်ရောက်သူ မဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆) လ (သို့မဟုတ်) (၁)နှစ်မှ မည်သည့် ဗီဇာကိုရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။ |
| ၁၀ | စာနယ်ဇင်း/ မီဒီယာဗီဇာ (Journalist Visa) | - ဗီဇာကြေး - ၄၀ USD<br>- နေခွင့်ကာလ - ၂၈ ရက် | (၁) လျှောက်ထားသူသည် ၎င်းနိုင်ငံ၏ စာနယ်ဇင်းသမား/ မီဒီယာသမားဖြစ်ကြောင်း အထောက်အထားအခိုင်အမာ တင်ပြရမည်။<br>(၂) စာနယ်ဇင်း/ မီဒီယာကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံသို့ သွားရောက်လိုသည့် အကြောင်းအရာ၊ ဆက်သွယ်ဆောင်ရွက်မည့် လူပုဂ္ဂိုလ် / အဖွဲ့အစည်း / ဌာနဆိုင်ရာ အမည်၊ တည်းခိုနေထိုင်သည့် လိပ်စာအတိအကျ တို့ကို ဖော်ပြလျှောက်ထားရမည်။<br>(၃) အသွား/အပြန် လေယာဉ်လက်မှတ်တင်ပြရမည်။ |
| ၁၁ | ယာဉ်အမှုထမ်းဗီဇာ (တစ်ကြိမ်သုံး) (Crew Visa) (Single) | - ဗီဇာကြေး - ၅၀ USD<br>- နေခွင့်ကာလ - ၉၀ ရက်<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) တရားဝင် သက်တမ်းရှိသော ယာဉ်အမှုထမ်း လိုင်စင် (crew license) ပါရှိရမည်။<br>(၂) သွားရောက်လိုသည့် ကိစ္စရပ်၊ ဆက်သွယ် ဆောင်ရွက်မည့် လူပုဂ္ဂိုလ်/အဖွဲ့အစည်း ဖော်ပြပါရှိရမည်။ |
| | - ယာဉ်အမှုထမ်း ဗီဇာ (အကြိမ်ကြိမ်) (Crew Visa) (Multiple) | - ဗီဇာကြေး - ၂၀၀ USD<br>- အသုံးပြုခွင့်ကာလ- (၃) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။<br>/<br>- ဗီဇာကြေး - ၄၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၆) လ<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။<br>- ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။<br>/<br>- ဗီဇာကြေး - ၆၀၀ USD<br>- အသုံးပြုခွင့်ကာလ - (၁) နှစ်<br>- နေခွင့်နှင့်အကြိမ်ကြိမ်ပြည်ဝင်ခွင့်ပြုသည်။ | ယာဉ်အမှုထမ်းဗီဇာ (၁) ကြိမ်သုံး အတွက် ဗီဇာစည်းကမ်းသတ်မှတ်ချက်များအပြင် အောက်ပါအချက်များ တင်ပြရမည်-<br>(၁) လျှောက်ထားသူသည် ကနဦး (ပထမဦးဆုံး အကြိမ်) ဝင်ရောက်သူ မဖြစ်စေရ။<br>(၂) အကြိမ်ကြိမ် (၃)လ (သို့မဟုတ်) (၆) လ (သို့မဟုတ်) (၁) နှစ်မှ မည်သည့် ဗီဇာကိုရယူလိုကြောင်း တင်ပြရမည်။<br>(၃) အကြိမ်ကြိမ် ပြည်ပြန်ဝင်ခွင့်ပြုလုပ်လိုသည့် အကြောင်းအရာအား အခိုင်အမာ အထောက်အထားများဖြင့် တင်ပြရမည်။ |

**စာမျက်နှာ - ၁၁ သို့**

စာမျက်နှာ ၆ မှ

၁၃။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၆၏ နောက်တွင် ပုဒ်မ ၁၆-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၁၆-က။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး တစ်ဦးဦးသည် ပုဒ်မ ၁၅၊ ပုဒ်မခွဲ(ခ)၊ (ဂ)နှင့်(စ)ပါ ပြဋ္ဌာန်းချက်တစ်ခုခုအရ တာဝန်မှရပ်စဲခံရပါက တစ်ဆက်တစ်စပ်တည်းဖြစ်သော သက်တမ်းနှစ်ကြိမ်တွင် ပါဝင်ရွေးချယ်ခံခွင့်မရှိစေရ။"

၁၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း တစ်လနှင့်အထက် ကျော်လွန်၍ လာရောက်တည်းခိုနေထိုင်သူများရှိပါက မှတ်တမ်းထားရှိနိုင်ရန်အတွက်သတ်မှတ်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးအကြောင်းကြားရမည်။"

၁၅။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၀ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်းနေထိုင်သူသည် အများပြည်သူနှင့်သက်ဆိုင်သည့်ဖျော်ဖြေမှု၊ အပန်းဖြေအနားယူမှုလုပ်ငန်းများ တည်ထောင်လိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများထံမှခွင့်ပြုချက်ရယူရမည့်အပြင် သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၆။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၁ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၁။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူသည် အခမ်းအနားများ၊ အများပြည်သူဖျော်ဖြေသည့်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ၊ ရိုးရာဓလေ့အရ ပြုလုပ်သည့်ပွဲများကိုကျင်းပလိုပါက သက်ဆိုင်ရာတာဝန်ရှိသူထံ အသိပေးတင်ပြရမည့်အပြင် သတ်မှတ်ပေးထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။"

၁၇။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၂၄ ၏ ခြေဆင်းကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၄။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများသည် အောက်ပါအခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည် -"

၁၈။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၂၇ ကို အောက်ပါအတိုင်းအစားထိုးရမည် -

"၂၇။ မည်သူမဆို ပုဒ်မ ၁၈ နှင့် ပုဒ်မ ၁၉ ပါတာဝန်ကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် ထိုသူကို ကျပ်ငါးထောင်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။ ငွေဒဏ်ပေးဆောင်ရန်ပျက်ကွက်ပါက ခုနစ်ရက်ထက်မပိုသော ထောင်ဒဏ်ကျခံစေရန် သက်ဆိုင်ရာတရားရုံးက ချမှတ်ရမည်။"

၁၉။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၃ ကို ပယ်ဖျက်ရမည်။

၂၀။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေပုဒ်မ ၃၄ ၏ နောက်တွင် ပုဒ်မ ၃၄-ကကို အောက်ပါအတိုင်းဖြည့်စွက်ရမည် -

"၃၄-က။(က) ကျေးရွာတာဝန်ခံနှင့်ရာအိမ်မှူးများသည် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးအား လုံခြုံရေးနှင့်အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များအတွက် အကြံပေးခြင်း၊ အထောက်အကူပြုခြင်းတို့ ဆောင်ရွက်ရန် တာဝန်ရှိသည်။

(ခ) ဆယ်အိမ်မှူးများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု၏ လုံခြုံရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းများတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူး၏ ဦးဆောင်စီမံမှုနှင့်အတူ ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိသည်။"

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။**

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုဖြစ်ရန် လမ်းခင်းပေးထားခြင်းဖြစ်

**နေပြည်တော် ဒီဇင်ဘာ ၂**

စည်းလုံးညီညွတ်မှုသည် "အား" ကို ဖြစ်စေသကဲ့သို့ စည်းလုံးညီညွတ်မှု ပျက်ပြားစေသည့် ကိစ္စရပ်များသည် ခိုင်မာညီညွတ်မှု "အား"ကို လျော့ကျထိခိုက်စေကြောင်း၊ တပ်မတော်(ကြည်း၊ရေ၊လေ) တပ်ဖွဲ့အားလုံး စည်းလုံးညီညွတ်မှုရှိမှ တပ်မတော်အတွက် "အား" ဖြစ်စေပြီး နိုင်ငံတော်တွင်လည်း နိုင်ငံသားများ၏ စည်းလုံးညီညွတ်မှုသည် "နိုင်ငံ့အား" ကိုဖြစ်စေနိုင်ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင်က ပြောကြားသည်။

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၅၈) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားစဉ် ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



**တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ မင်းအောင်လှိုင် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကို ခံယူစဉ်။** (သတင်းစဉ်)

သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ ဇော်မြင့်မောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် မြထွန်းဦးနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် တင်အောင်စန်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ဇေယျကျော်ထင် ခင်အောင်မြင့်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တိုင်းမှူးများ၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် ပြင်ဦးလွင်တပ်နယ်မှ အရာရှိကြီးများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် သင်တန်းဆင်းဗိုလ်လောင်းများ၏ မိဘဆွေမျိုးများတက်ရောက်ကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီး ကျောင်းဆင်းဗိုလ်လောင်းတပ်ရင်းများကို စစ်ဆေးသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဗိုလ်လောင်းတပ်ရင်းများက အနှေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅၈)မှ အောင်စစ်သည်ဆုရရှိသူ ဗိုလ်လောင်း ထက်မင်းပိုင်ဝင်း၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း ဝင်းမင်းရှိန်း၊ စာပေထူးချွန်ဆု(ဝိဇ္ဇာ)ရရှိသူ ဗိုလ်လောင်း ထက်အာကာစိုး၊ စာပေထူးချွန်ဆု(သိပ္ပံ)ရရှိသူ ဗိုလ်လောင်း တေဇာလင်း၊ စာပေထူးချွန်ဆု(ကွန်ပျူတာ)ရရှိသူ ဗိုလ်လောင်း အောင်ကျော်ကျော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိန့်ခွန်းပြောကြားရာတွင် စစ်တက္ကသိုလ်၏ရည်ရွယ်ချက်၊ ရည်မှန်းချက်များနှင့်အညီ တပ်မတော်(ကြည်း၊ရေ၊ လေ) အတွက် လိုအပ်သည့် လက်ရုံးရည်၊ နှလုံးရည်ပြည့်ဝသော အရာရှိကောင်းများအဖြစ်၊ တပ်မတော်၏ခေါင်းဆောင်ငယ်များအဖြစ် မွေးထုတ်ပေးခဲ့ပြီး ကျောင်းဆင်းအရာရှိများအနေဖြင့် ခေတ်အဆက်ဆက် တပ်မတော်၏ တာဝန်၊ နိုင်ငံတော်၏တာဝန်များကို ကျရာကဏ္ဍအသီးသီးတွင် ကျေပွန်အောင် ထမ်းဆောင်ခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ကျရာတာဝန်များကို ထမ်းဆောင်ရာတွင် အထက်မှ ယုံကြည်အားထားရပြီး လက်အောက်မှ လေးစားအားကိုးရသည့် အရာရှိကောင်းများ၊ ပြည်သူကယုံကြည်အားကိုးရသည့် အရာရှိကောင်းများဖြစ်အောင် ကြိုးပမ်းတာဝန်ထမ်းဆောင်ကြရန်ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဆက်လက်ပြောကြားရာတွင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့်မူဝါဒ(၆)ရပ်ကို ချမှတ်ပြီး စစ်မှန်ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ခိုင်ခိုင်မာမာရပ်တည်ဆောင်ရွက်လျက်ရှိကြောင်း၊ငြိမ်းချမ်းရေးလုပ်ငန်းစဉ်(Peace Process) ကို ဆောင်ရွက်သည့်အခါတွင် NCA စာချုပ်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်လိုသကဲ့သို့ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် မူဝါဒ(၆)ရပ်ကိုလည်း လေးစားလိုက်နာရန်လိုကြောင်း၊ သို့မှသာ NCA လမ်းကြောင်းကို မြန်မြန်ဆန်ဆန်နှင့်အဆင်ပြေစွာဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လက်နက်ကိုင်လမ်းစဉ်မှသည် ငြိမ်းချမ်းရေး၊ ငြိမ်းချမ်းရေးမှသည် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် စစ်မှန်သောဒီမိုကရေစီပြည်ထောင်စုဖြစ်ရန် လမ်းခင်းပေးထားခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားပေါင်းစုံနေထိုင်ကြပြီး နိုင်ငံတော်ကာကွယ်ရေး တာဝန်ထမ်းဆောင်လိုလျှင် မည်သည့်တိုင်းရင်းသားမဆို စစ်မှုထမ်းစည်းမျဉ်းများနှင့်အညီ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခွင့်ရှိကြောင်း၊ နိုင်ငံတကာ၌ နိုင်ငံတိုင်းတွင် တပ်မတော်ဆိုသည်မှာ တစ်ခုသာရှိကြောင်း၊ ထို့ကြောင့်မိမိတို့တပ်မတော်သည် တစ်ခုတည်းသော တပ်မတော်မူဝါဒအပေါ် ခိုင်ခိုင်မာမာရပ်တည်ပြီး နိုင်ငံတော်ကို ကာကွယ်လျက်ရှိကြောင်း၊ နိုင်ငံတော်နှင့်ပြည်သူများက ကြိုးပမ်းလုပ်ဆောင်နေကြသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကိုအခြေခံပြီး နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဗိုလ်လောင်းတပ်ရင်းများ၏ အလေးပြုခြင်းကိုခံယူပြီးနောက် စစ်ရေးပြအခမ်းအနားမှ ပြန်လည်ထွက်ခွာသည်။

စစ်ရေးပြအခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် စစ်တက္ကသိုလ်ကျောင်းဌာနချုပ် ဧည့်ခန်းမ၌ ထူးချွန်ဆုရရှိကြသည့် ဗိုလ်လောင်းများနှင့် ၎င်းတို့၏မိဘများအား တွေ့ဆုံ၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

## အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄/၂၀၁၆) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၂**

အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၄/၂၀၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန(နေပြည်တော်) ရှိ လောကနတ်ခန်းမ၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျက တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများနှင့် သင်တန်းသားသင်တန်းသူ ၅၀ တက်ရောက်ခဲ့သည်။

သင်တန်းတွင် လက်ရှိဖြစ်ပေါ် တိုးတက်နေသော သံတမန်ရေးရာဘာသာရပ်များ၊ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်၊ အပြည်ပြည်ဆိုင်ရာဥပဒေဘာသာရပ်၊ စီးပွားရေးဆိုင်ရာဘာသာရပ်နှင့် အထွေထွေဗဟုသုတဆိုင်ရာဘာသာရပ်များကို စာတွေ့လက်တွေ့ သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တ ခုနစ်ပတ်ကြာမြင့်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သံတမန်ရေးရာကျွမ်းကျင်မှုသင်တန်းများကို ပုံမှန်ဖွင့်လှစ်ပေးလျက်ရှိပြီး ပြင်ပပုဂ္ဂလိကကဏ္ဍများ၏ အရည်အသွေးနှင့်စွမ်းဆောင်ရည်များအား တစ်ဖက်တစ်လမ်းမှ မြှင့်တင်ပေးလျက်ရှိသည်။ အဆင့်မြင့်သံတမန်ရေးရာ ကျွမ်းကျင်မှုသင်တန်းများကို အခြေခံသံတမန်ရေးရာကျွမ်းကျင်မှု သင်တန်းတက်ရောက်အောင်မြင်ပြီးနောက် သံတမန်ရေးရာဘာသာရပ်များကို ပိုမိုလေ့လာလိုသူများအတွက် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

**(သတင်းစဉ်)**






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ပြင်သစ်-မြန်မာ ယဉ်ကျေးမှုဖလှယ်ခြင်း (၅၅)နှစ်မြောက် အထိမ်းအမှတ် မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော်ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

**❋ ကျောဖုံးမှ**

နယ်ပယ်အသီးသီးတွင် ပြင်သစ်-မြန်မာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ တိုးတက်နေသည်ကို မိမိအနေဖြင့် ဝမ်းမြောက်မိပါကြောင်း။

ယနေ့ကျင်းပသည့် ပွဲတော်သည်လည်း ပြင်သစ်-မြန်မာ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုခိုင်မာစွာချည်နှောင်သည်ကို ပြသနေခြင်းဖြစ်ပါကြောင်း၊ ပထမဆုံးအကြိမ်အဖြစ် နိုင်ငံတကာအဆင့်မီ အနုပညာမျိုးစုံပါဝင်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ပြင်သစ်နှင့် မြန်မာအနုပညာဖလှယ်ရာ တစ်ခုတည်းသော စင်မြင့်တစ်ခုလည်း ဖြစ်ပါကြောင်း၊ ပြင်သစ်- မြန်မာ ယဉ်ကျေးမှုဖလှယ်ရေး (၅၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် ယနေ့ပွဲတော်သည် အဓိပ္ပာယ်ပြည့်ဝသည်ဟု ယုံကြည်ပါကြောင်း၊ တည်ရှိပြီးဖြစ်သည့် ပေါင်းသင်းဆက်နွယ်မှုများသည်လည်း လာမည့်နှစ်များတွင် ပိုမိုခိုင်မာအားကောင်းလာမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့အတူ ဒုတိယသမ္မတက ပြင်သစ်နိုင်ငံနှင့် ဆက်လက်၍ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း၊ ထို့ပြင် စီးပွားရေး၊ ယဉ်ကျေးမှု၊ ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်များတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်သွားမည်ဖြစ်သည့်အပြင် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးများလည်း ပိုမိုတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ပြင်သစ်-မြန်မာ နှစ်နိုင်ငံအကြား နယ်ပယ်ကဏ္ဍစုံအသီးသီးတွင် ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်လာအောင် ကြိုးပမ်းအားထုတ်ပေးနေသည့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံရုံးကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Olivier Richard က အမှာစကားပြောကြားသည်။

ယင်းနောက် မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော်ကို ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းမောင်၊ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးနှင့် ဦးကျော်မျိုး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Gautier MIGMOTနှင့် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး Mr. Olivier Richard တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော် ဖျော်ဖြေရေးအစီအစဉ်များကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော်ကို မြို့၏ အချက်အချာကျသောနေရာများ၌ အနုပညာနှင့် ကဗျာဆန်ဆန် တင်ဆက်မှုများကိုပြုလုပ်၍ မြို့သူမြို့သားများထံ ၎င်းတို့မြို့ကို ပြန်လည်ဆောင်ကြဉ်းပေးခြင်း၊ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း၏ အရေးကြီးသောအချက်ဖြစ်သည့် ယဉ်ကျေးမှုဆိုင်ရာ လှုပ်ရှားမှုများနှင့် နိုင်ငံခြားကမ္ဘာလှည့်ခရီးသွားများဖိတ်ခေါ်၍ နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုခြင်း၊ မြို့ပြနှင့်ပတ်သက်သော သတိရှိသင့်သည့် အကြောင်းအရာများအပါအဝင် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာရှင်များ၏ အခန်းကဏ္ဍကို မီးမောင်းထိုးပြခြင်းစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော်ကို ရန်ကုန်မြို့ ဗိုလ်တထောင်ဆိပ်ကမ်း၊ ဒလဆိပ်ကမ်း၊ ဝါးတန်းဆိပ်ကမ်း၊ မဟာဗန္ဓုလပန်းခြံ၊ မြေနီကုန်းခုံးကျော်တံတားနှင့် ပြည်သူ့ရင်ပြင်တို့၌ ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ ပွဲတော်ကာလအတွင်း L'Homme Debout အဖွဲ့က ဖန်တီးသော အမြင့်ပေ၂၀ ဝန်းကျင်ရှိ ဝါးဖြင့်ရက်လုပ်ထားသော ရုပ်သေးရုပ်ကြီးနှစ်ခုကို ရန်ကုန်မြို့အတွင်း မြို့သူမြို့သားများ ခြံရံ၍ စီတန်းလှည့်လည် သရုပ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် လှည့်လည်ပွဲတစ်လျှောက် ပြင်သစ်-မြန်မာ အနုပညာရှင် ၁၀၀ ကျော်က ဆပ်ကပ်နှင့် တေးဂီတပွဲများ၊ အနုပညာတင်ဆက်မှုများ၊ video mapping စသည့် ဖျော်ဖြေမှုများပြုလုပ်သွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၃ ရက်နှင့် ၄ ရက်တွင် မြို့တော်ခန်းမနှင့် ပြည်သူ့ရင်ပြင်တို့၌ အနုပညာတင်ဆက်မှုများ ပြုလုပ်သွားမည်ဖြစ်ကာ ဒီဇင်ဘာ ၄ ရက်တွင် ပြည်သူ့ရင်ပြင်၌ မီးရှူး၊ မီးပန်းများ ပစ်ဖောက်ကာ ပိတ်ပွဲအခမ်းအနား ပြုလုပ်မည်ဖြစ်သည်။

မင်္ဂလာပါ ယဉ်ကျေးမှုပွဲတော် ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ဦးအုန်းမောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပြင်သစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Gautier MIGMOT၊ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးMr. Olivier Richard၊ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံတမန်များ၊ ဖိတ်ကြားထားသူများနှင့် ပြည်သူများတက်ရောက်ကြသည်။

**(သတင်းစဉ်)**



**❖ ရခိုင်ပြည်နယ်မှ**

ကျွမ်းကျင်သူများနှင့်လည်းကောင်း၊ နိုင်ငံတကာမှအရေးပါသည့် ပုဂ္ဂိုလ်များနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးကာ အမြင်သဘောထားများရယူ၍ လေ့လာသုံးသပ်မှုများကို ပြုလုပ်လျက်ရှိသည်။

ရခိုင်ပြည်နယ်ဆိုင်ရာအကြံပေးကော်မရှင်အဖွဲ့တွင် ဥက္ကဋ္ဌ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်၊ အဖွဲ့ဝင်များဖြစ်သည့် ဦးဝင်းမြ၊ ဒေါက်တာသာလှရွှေ၊ မစ္စတာ ဂါဆင်ဆလင်၊ မစ္စလက်တီတီ ရာဗန်ဒန် အာဆမ်၊ ဦးအေးလွင်၊ ဒေါက်တာမြသီတာ၊ ဦးခင်မောင်လေး၊ ဒေါ်စောခင်တင့်တို့နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းတို့လည်း လိုက်ပါလာကြသည်။

ရခိုင်ပြည်နယ် အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်နှင့် ကိုယ်စားလှယ်များသည် မောင်တော၊ ဘူးသီးတောင်၊ မြောက်ဦးနှင့် မြေပုံမြို့နယ်များသို့ ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မုန်တိုင်းငယ် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂**

ယနေ့နံနက် ၉ နာရီအချိန် တိုင်းထွာချက်များအရ အင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် အိန္ဒိယနိုင်ငံ တမီနာဒူးကမ်းခြေမြောက်ပိုင်းကို ကာရီကယ်မြို့တောင်ပိုင်းမှ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည်။ **(ကြေးမုံ)**

# Air KBZ လေကြောင်းလိုင်း၏ ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ် စတင်ပြေးဆွဲ

**ရန်ကုန် ဒီဇင်ဘာ ၂**

ခရီးသွားရာသီ ရောက်ရှိလာပြီဖြစ်သောကြောင့် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား လာရောက်လည်ပတ်မှုနှုန်း မြင့်တက်လျက်ရှိပြီး မြန်မာနိုင်ငံမှ ခရီးသွားများမှာလည်း ပြည်ပနိုင်ငံများသို့ သွားရောက်လည်ပတ်လျက်ရှိသည်။

ကမ္ဘာလှည့် ခရီးသွားများ ဝင်ရောက်လည်ပတ်မှုနှုန်း မြင့်တက်လာရခြင်းမှာ ပြည်တွင်း ပြည်ပ သယ်ယူပို့ဆောင်ရေး ကောင်းမွန်ရန်မှာလည်း အရေးပါလျက်ရှိသည်။ ဒီဇင်ဘာလသို့ ရောက်ရှိလာပြီဖြစ်သောကြောင့် ခရီးသွားလုပ်ငန်းများ ပိုမိုအောင်မြင်လာခဲ့ပြီး လာရောက်လည်ပတ်မည့် ခရီးသွားများ၊ သွားရောက်လည်ပတ်မည့် ခရီးသွားများ သွားလာရေးလွယ်ကူစေရန် Air KBZ လေကြောင်းလိုင်းသည် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ်ကို ဒီဇင်ဘာ ၂ ရက်မှစ၍ ပျံသန်းပြေးဆွဲလျက်ရှိသည်။

Air KBZ လေကြောင်းလိုင်း၏ ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်သစ် စတင်ပြေးဆွဲခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် Terminal-1၌ ကျင်းပရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် Air KBZ လေကြောင်းလိုင်းမှ တာဝန်ရှိသူများ၊ ခရီးသွားကုမ္ပဏီများမှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ Air KBZ လေကြောင်းလိုင်းသည် နိုင်ငံတကာခရီးစဉ်အဖြစ် ရန်ကုန်-ချင်းမိုင်-ရန်ကုန် ခရီးစဉ်အား ဒီဇင်ဘာ ၂ ရက်မှစ၍ တစ်ပတ်လျှင် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့)တို့တွင် ပျံသန်းပြေးဆွဲမည်ဖြစ်သည်။

Air KBZ လေကြောင်းလိုင်းသည် ART 72 လေယာဉ်များဖြင့် ၂၀၁၁ ခုနှစ် ဧပြီ ၂ ရက်မှစ၍ ပြည်တွင်းလေကြောင်းခရီးစဉ်များ စတင်ပျံသန်းခဲ့ပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် အခြေပြု၍ လေဆိပ် ၁၄ ခုသို့ နေ့စဉ်ပျံသန်းပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **(ရဲရင့်ရှိုင်း)**

# မောင်တောကုန်သွယ်ရေးဇုန်နှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအလားအလာ

သတင်းဆောင်းပါး- မြင့်မောင်စိုး
ဓာတ်ပုံ- အေဝမ်းစိုး

ရခိုင်ပြည်နယ် မောင်တောဒေသတွင် ရေရှည်တည်ငြိမ်အေးချမ်းမှုရရှိရန် ဒေသဖွံ့ဖြိုးတိုးတက်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိသည်။ မောင်တောမြို့သည် နယ်စပ်မြို့ဖြစ်သည့်အလျောက် နယ်စပ်ကုန်သွယ်ရေးကို အရှိန်အဟုန်မြှင့်တင်သွားခြင်းဖြင့် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို သာမက နိုင်ငံတော်အတွက် နိုင်ငံခြားငွေရှာဖွေပေးနိုင်မည့် အနေအထားတွင်ရှိနေသည်။


ယခုအခါ မောင်တောမြို့မြောက်ဘက် ရွှေဇား ကျေးရွာအနီး ကညင်ချောင်းပေါ်တွင် ကညင်ချောင်း နယ်စပ်ကုန်သွယ်ရေးဇုန်ကို ၂၀၁၅ ခုနှစ်မှစ၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ပထမအဆင့်အနေဖြင့် အဓိကအဆောက်အအုံနှင့် ဆိပ်ခံတံတားနှစ်စင်း၊ ဂိုဒေါင်၊ ဈေးဆိုင်ခန်း ၂၀ ပြီးစီးနေပြီဖြစ်ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ဧက ၅၀ ကျယ်ဝန်းသော ကုန်သွယ်ရေးဇုန်ကို မြေသားအမြင့် ငါးပေ မြှင့်တင်ရန်နှင့် ခြံစည်းရိုးခတ်ခြင်း လုပ်ငန်းကို ဆက်လက်ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မြန်မာတစ်နိုင်ငံလုံးမှာ နယ်စပ်ဂိတ်ကိုးပေါက်ရှိပါတယ်။ အဲဒီနယ်စပ်ကုန်သွယ်ရေး ကိုးပေါက်ထဲမှာ ပို့ကုန် ၉၀ ရာခိုင်နှုန်း၊ သွင်းကုန် ၁၀ ရာခိုင်နှုန်းနဲ့ ပို့ကုန်အသာစီးရနေတဲ့ နယ်စပ်ကုန်သွယ်ရေးဟာ မောင်တောနယ်စပ်ကုန်သွယ်ရေးဖြစ်ပါတယ်။ ကုန်သွယ်မှုပမာဏအနေနဲ့ ကြည့်မယ်ဆိုရင်တော့ မူဆယ်တို့၊ မြဝတီတို့ နယ်စပ်ကုန်သွယ်ရေးကို မမီပါဘူး။ ဒါပေမယ့် ပို့ကုန်ဆိုတာ သူများနိုင်ငံက ဒေါ်လာရတာပါ။ သွင်းကုန်က ကိုယ့်နိုင်ငံက ဒေါ်လာကို သူများနိုင်ငံကို ပေးလိုက်ရတာပါ။ ဒါကြောင့် ပို့ကုန်အသာစီးရနေတဲ့ မောင်တောနယ်စပ်ကုန်သွယ်ရေးကို တိုးတက်စေချင်တဲ့အတွက် အခုလို ကညင်ချောင်း နယ်စပ်ကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု မောင်တောနယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ဆိုသည်။



ကညင်ချောင်းကုန်သွယ်ရေးဇုန်တွင် ဆောက်လုပ်ပြီးစီးနေသည့် ဆိပ်ခံတံတား။

လက်ရှိ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်း ဖွင့်လှစ်ထားသည့် မောင်တောချောင်းမှာ တိမ်ကောလာပြီဖြစ်သည့်အတွက် သင်္ဘောကြီးများ ဝင်ထွက်သွားလာနိုင်သည့် ကညင်ချောင်းကုန်သွယ်ရေးဇုန်ကို အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မကြာမီ မောင်တောခရိုင်သို့ မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိလာပါက ကညင်ချောင်းကုန်သွယ်ရေးဇုန်တွင် အအေးခန်းများနှင့် ဟိုတယ်စီမံကိန်းများ ပေါ်ပေါက်လာနိုင်ကြောင်း၊ လက်ရှိအချိန်တွင် မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ရေချိုရေငန်ငါးအမျိုးမျိုး၊ ပုစွန်နှင့် ငါးခြောက်များ၊ ကြိမ်နှင့် ဝါးများ အများဆုံးတင်ပို့လျက်ရှိကြောင်း၊ မောင်တောဒေသတွင် လက်ရှိ ပုစွန်ကန်ဧက ၁၅၀၀၀ ခန့်ရှိသည့်အပြင် ငါးကန်များစွာလည်း ရှိနေသေးကြောင်းသိရသည်။



ကညင်ချောင်းကုန်သွယ်ရေးဇုန်တွင် ဆောက်လုပ်ပြီးစီးနေသည့် ပင်မအဆောက်အအုံ။

ပထဝီစီးပွားရေးအရ ကြည့်မည်ဆိုလျှင်လည်း တစ်ဖက်နိုင်ငံတွင် လူဦးရေ သန်း ၁၆၀ခန့် ရှိနေပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်ရန် မြေအလုံအလောက်မရှိသကဲ့သို့ နိုင်ငံ၏အရွယ်အစားမှာလည်း လူဦးရေနှင့် နှိုင်းယှဉ်လျှင် သေးငယ်နေသည့်အနေအထားတွင် ရှိနေသည်။ ဤအခြေအနေတွင် မောင်တောခရိုင်အတွင်း ပုစွန်ကန်များ၊ ငါးမွေးမြူရေးကန်များကို အရှိန်အဟုန်ဖြင့် မြှင့်တင်ဖော်ထုတ်ပြီး တစ်ဖက်နိုင်ငံသို့ ရေထွက်ပစ္စည်းပို့ကုန်များ တင်ပို့သွားနိုင်မည်ဆိုလျှင် မောင်တောဒေသမှ ပြည်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းကောင်းများ ရရှိလာမည့်အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေရှာဖွေပေးနိုင်မည့် အနေအထားရရှိလာမည် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် ကညင်ချောင်းကုန်သွယ်ရေးဇုန် ပေါ်ပေါက်လာပါက ငါး၊ ပုစွန် အအေးခန်းများ၊ ဟိုတယ်လုပ်ငန်းများ၊ အထည်ချုပ်ကဲ့သို့ လုပ်ငန်းများ တစ်ဆက်တစ်စပ်တည်း ပေါ်ပေါက်လာနိုင်ပါသည်။ မောင်တောခရိုင်တွင် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးရရှိရေး၊ ငါး၊ပုစွန်ကန်များ စနစ်တကျဖော်ထုတ်ရေး၊ စိုက်ပျိုးရေးအခြေခံ တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရေးစသည့် ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သည်။

မောင်တောခရိုင်အတွင်းရှိ ကညင်ချောင်းကုန်သွယ်ရေးဇုန် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့်အတူ ကဏ္ဍစုံတွင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဟန်ချက်ညီဆောင်ရွက်နိုင်ပါက လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာပြီး ရေရှည်တည်ငြိမ်အေးချမ်းမှုလည်း ရရှိလာမည်ဖြစ်ပါကြောင်း။

# မုံးကိုးနှင့် ကျူကုတ်(ပန်ဆိုင်း)မြို့များတွင် တပ်မတော်စစ်ကြောင်းများနှင့် KIA/TNLA/MNDAA/AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များ တိုက်ပွဲဖြစ်ပွားလျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ် မြောက်ပိုင်း မုံးကိုးနှင့် ကျူကုတ်(ပန်ဆိုင်း)မြို့များတွင် ယမန်နေ့က တပ်မတော်စစ်ကြောင်းများနှင့် KIA/TNLA/MNDAA/AA လက်နက်ကိုင် ပူးပေါင်းအဖွဲ့များ တိုက်ပွဲများ ဖြစ်ပွားလျက်ရှိရာ ရန်သူထံမှ အလောင်း၊လက်နက်များအပြင် စိတ်ကြွရူးသွပ်ဆေးပြားများကိုလည်း သိမ်းဆည်းရမိခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

မုံးကိုးမြို့ရှိ တပ်မတော်စခန်း၊ ပြည်သူ့စစ်စခန်းနှင့် ဟောမိုးလုံတောင်ဘက်ခြမ်းနေရာများအား KIA/TNLA/MNDAA/AA လက်နက်ကိုင်ပူးပေါင်းအဖွဲ့များက ယမန်နေ့ နံနက် ၉ နာရီခန့်မှစ၍ သာလွန်အင်အားဖြင့် အကြိမ်ကြိမ်တိုက်ခိုက်ခြင်း၊ နှောင့်ယှက်ပစ်ခတ်ခြင်းများ ပြုလုပ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက လေကြောင်းနှင့် အမြောက်ပစ်ကူများဖြင့် တိုက်ပွဲဝင်ခဲ့ကြသည်။

ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းကလည်း ကျူကုတ်(ပန်ဆိုင်း)မြို့အတွင်း၌ KIA/MNDAA လက်နက်ကိုင် ၁၂ ဦးခန့်က လည်းကောင်း၊ မုံးကိုးမြို့ လွယ်ဝိန်းကျေးရွာ၏ တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာ၌ MNDAA လက်နက်ကိုင် ၂၀ခန့်ကလည်းကောင်း၊ ဟောမိုးလုံကျေးရွာ အနောက်တောင်ဘက် မီတာ ၁၀၀၀ ခန့်အကွာ၌ KIA/MNDAA လက်နက်ကိုင် ၁၀၀ ခန့်ကလည်းကောင်း၊ လွယ်ဝိန်းကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၅၀၀ ခန့်တွင် MNDAA လက်နက်ကိုင်အချို့ကလည်းကောင်း နယ်မြေလုံခြုံရေးနှင့် နယ်မြေရှင်းလင်းရေး ဆောင်ရွက်နေသော တပ်မတော် စစ်ကြောင်းများအား မိုင်းခွဲတိုက်ခိုက်ရာ တပ်မတော်စစ်ကြောင်းများက ပြန်လည်တိုက်ခိုက်ခဲ့ကြသည်။

အဆိုပါ ဖြစ်စဉ်များတွင် လက်နက်ကိုင်အဖွဲ့များထံမှ အလောင်း လေးလောင်း၊RPG ဒုံးပစ်လောင်ချာ အပါအဝင် သေနတ် လေးလက်၊ ကျည်မျိုးစုံ ၆၁၆ တောင့်၊ အေကေကျည်အတောင့် ၄၀၊ ဗုံးသီး လေးလုံး၊ ကျည်အိမ်မျိုးစုံ သုံးခု၊ လက်ပစ်ဗုံး သုံးလုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၀၀ (ကာလတန်ဖိုးငွေကျပ် ၂၆ သိန်းခန့်)၊ သိမ်းဆည်းရမိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**




# မောင်တောဒေသ အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုများတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၂**

ရခိုင်ပြည်နယ် မောင်တောခရိုင်အတွင်း အောက်တိုဘာ ၉ ရက်တွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့် နောက်ဆက်တွဲအကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ စစ်ဆေးလျက်ရှိရာ ဒီဇင်ဘာ ၁ ရက်အထိ မသင်္ကာသူ ၅၂၈ ဦးကို စစ်ဆေးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်နှင့် မြန်မာနိုင်ငံ နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက ချုံခိုတိုက်ခိုက်ခြင်း၊ ချောင်းမြောင်းပစ်ခတ်ခြင်း၊ အင်အားသုံးအကြမ်းဖက်ခြင်း၊ ဗုံးထောင်ခြင်းများ ပြုလုပ်ခဲ့သည့်အတွက် ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်နိုင်သည့် မသင်္ကာသူ ၅၂၈ ဦးကို ဖမ်းဆီး၍ တရားဥပဒေနှင့်အညီ စစ်ဆေးဆောင်ရွက်ခဲ့ရာ ၎င်းအနက် တရားရုံးပြီးပြတ်၍ ပြစ်ဒဏ်ချမှတ်သူ ၄၈ ဦး၊ ပြန်လည်စေလွှတ်သူ ကိုးဦး၊ တရားရုံးအာမခံပေးသူတစ်ဦးနှင့် သေဆုံးသူ လေးဦး ဖြစ်ကြောင်းနှင့် ၄၆၆ ဦးမှာ စစ်ဆေးဆဲဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့က တပ်မတော်စစ်ကြောင်းနှင့် ကုန်တင်ယာဉ်နှစ်စီးအား လက်နက်ကြီး၊ လက်နက်ငယ်များဖြင့်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၂**

ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ်အတွင်း လမ်းလုံခြုံရေး ဆောင်ရွက်နေသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်ပြီး ကုန်တင်ယာဉ်နှစ်စီးကိုလည်း ပစ်ခတ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက သတင်းထုတ်ပြန်ထားသည်။

ကွတ်ခိုင်မြို့နယ် နမ့်ဖလွန်းကျေးရွာနှင့် မန်လွယ်ကျေးရွာအကြားလမ်း လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်မတော်စစ်ကြောင်းအား KIA လက်နက်ကိုင်အဖွဲ့က ယနေ့နံနက် ၅နာရီခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ရာ တပ်မတော်စစ်ကြောင်းက ပြန်လည်ပစ်ခတ်တိုက်ခိုက်သဖြင့် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားကြောင်း သိရသည်။

ဖြစ်စဉ်တွင် KIA လက်နက်ကိုင်အဖွဲ့၏ ပစ်ခတ်မှုကြောင့် ကွတ်ခိုင်-မူဆယ်သွား ကားလမ်းမကြီးတွင် မောင်းနှင်လာသည့် ၁၂ ဘီးယာဉ်နှစ်စီးမှာ လက်နက်ငယ်ထိမှန်ပျက်စီးခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းလျက်ရှိရာ လမ်းကြောင်းတွင် ယာဉ်ကြောပိတ်ဆို့မှုမရှိဘဲ မော်တော်ယာဉ်များ ပုံမှန်သွားလာလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

❖

# ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ ဆက်လက်ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂**

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော် ဒုတိယနေ့ကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသည်။

စာတမ်းဖတ်ပွဲ နံနက်ပိုင်းတွင် သဘာပတိများအဖြစ် ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)၊ ဦးအေးချို(ဦးအေးချို-မဟာဝိဇ္ဇာ)နှင့် ဒေါက်တာကျော်ဝင်းတို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဦးကိုလေး(ကိုလေး-အင်းဝဂုဏ်ရည်)က စာတမ်းရှင် ဒေါက်တာတိုးလှနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဒေါက်တာတိုးလှက "သမိုင်းနှင့် နိုင်ငံရေး" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းကြရာ စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့် စပ်လျဉ်း၍ သုံးသပ်ဆွေးနွေးကြသည်။

စာတမ်းဖတ်ပွဲ မွန်းလွဲပိုင်းတွင် သဘာပတိများအဖြစ် ဦးကျော်ဝင်း(မနုသကျော်ဝင်း)၊ ဦးမြဟန်(မြဟန်)နှင့် ဦးအုံ့ကျော်တို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဦးကျော်ဝင်း(မနုသကျော်ဝင်း)က စာတမ်းရှင် ဦးအေးချို (ဦးအေးချို-မဟာဝိဇ္ဇာ)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးအေးချို(ဦးအေးချို-မဟာဝိဇ္ဇာ)က "၁၉၄၈ ခုနှစ် လွတ်လပ်ရေးအပေါ် ခေတ်ပြိုင်စာပေမှတ်တမ်းများအမြင်" စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို



စာတမ်းရှင်က ပြန်လည်ရှင်းလင်းဖြေကြားကာ သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ဆက်လက်၍ သဘာပတိများအဖြစ် ဦးအုံ့ကျော်၊ ဦးကျော်ဝင်း(မနုသကျော်ဝင်း)နှင့် ဦးမြဟန်(မြဟန်)တို့က ဆောင်ရွက်ကြပြီး အလှည့်ကျ သဘာပတိ ဦးအုံ့ကျော်က စာတမ်းရှင် ဦးငွေတိုး(အခြေခံပညာ) (မောင်ကျော်ကျော်-ကွင်းကောက်)နှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် စာတမ်းရှင် ဦးငွေတိုး(အခြေခံပညာ) (မောင်ကျော်ကျော်-ကွင်းကောက်)က "အခြေခံပညာရေးကဏ္ဍကို လေ့လာသုံးသပ်ခြင်း"စာတမ်းကို ဖတ်ကြားပြီး တက်ရောက်လာကြသူများ၏ သိရှိလိုသည်များကို စာတမ်းရှင်က ပြန်လည်ဖြေကြားကာ သဘာပတိများက စာတမ်းနှင့်ပတ်သက်၍ သုံးသပ်ဆွေးနွေးကြသည်။

ထို့နောက် တာဝန်ရှိသူများက သဘာပတိများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များနှင့် ဉာဏ်ပူဇော်ခများ ပေးအပ်ချီးမြှင့်ကြသည်။

စာတမ်းဖတ်ပွဲ တတိယနေ့ကို ဒီဇင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး စာတမ်းရှင် အောင်မြင့်ဦး (မဟာဝိဇ္ဇာ)က "အမျိုးသားညီညွတ်ရေး၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေးနှင့်ပတ်သက်၍ ပြည်သူ့ရဲဘော်ကပေးသော သမိုင်းသင်ခန်းစာများ"စာတမ်း၊ စာတမ်းရှင် နေမျိုးအေးက "ခေတ်ပြိုင်သမိုင်းဆိုင်ရာ နိုင်ငံရေးကာတွန်းများ" စာတမ်း၊ စာတမ်းရှင် ထွန်းအောင်ကျော်က "ပါလီမန်အစိုးရ၏ ၁၉၅၀ ပြည့်နှစ်များအတွင်း ဆောင်ရွက်ခဲ့သော မြေယာပြုပြင်ပြောင်းလဲရေး(Land Reform)ကို သမိုင်းရှုထောင့်မှ ချဉ်းကပ်လေ့လာခြင်း" စာတမ်းနှင့် စာတမ်းရှင် သန်းဝင်းရွှေက "ခေတ်သစ်မြန်မာ့စီးပွားရေးသမိုင်းမှ ခေတ်ပြိုင် သမဝါယမပညာစာပေ" စာတမ်းတို့ကို ဖတ်ကြားကြမည်ဖြစ်သည်။

ခေတ်ပြိုင်သမိုင်းဆိုင်ရာ စာပေစာတမ်းဖတ်ပွဲနှင့် ဆောင်းရာသီစာအုပ်ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၄ ရက်အထိ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး စာအုပ်ဆိုင်ပေါင်း ၂၂၀ ကျော်က သုတ၊ ရသ စာအုပ်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်း - ရီရီမြင့်၊ ဥမ္မာသန့်**
**ဓာတ်ပုံ - ဇော်မင်းလတ်**

■

**စာမျက်နှာ ၇ မှ**

| စဉ် | ဗီဇာ အမျိုးအစား | ပြင်ဆင်သတ်မှတ်မည့် ဗီဇာကြေးနှင့်နေခွင့်ကာလ | ပြင်ဆင်သတ်မှတ်မည့် ဗီဇာစည်းကမ်းသတ်မှတ်ချက် |
|---|---|---|---|
| | | - ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်း တိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။<br>- နေခွင့် ရက် (၉၀) ပြည့်လျှင် ပြန်လည်ထွက်ခွာရန် မလိုပါ။ | |
| ၁၂။ | အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/သုတေသနဗီဇာ (Workshop/ Seminar/ Meeting/ Research Visa) | - ဗီဇာကြေး - ၄၀ USD<br>- နေခွင့်ကာလ - ၂၈ ရက်<br>- သုတေသနဗီဇာဖြင့် ပြည်ဝင်ခွင့် ရရှိသူသည် ဆက်လက်နေထိုင်လိုပါက နေခွင့်သက်တမ်းတိုးမြှင့်ခြင်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်သည်။ | (၁) ဝန်ကြီးဌာန/အဖွဲ့အစည်းတို့၏ ဖိတ်ခေါ်စာဖြင့် လျှောက်ထားရမည်။ |

ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ဖြင့် ခွင့်ပြုခြင်း

၁။ ဆိုက်ရောက်ဗီဇာ (Visa On Arrival) စနစ်ဖြင့် အောက်ပါဗီဇာ (၄) မျိုးအား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ခွင့်ပြုသွားမည် ဖြစ်ပါသည်-

| စဉ် | ဗီဇာအမျိုးအစား | ဗီဇာအခငွေ | နေခွင့်ကာလ |
|---|---|---|---|
| (က) | လုပ်ငန်းဗီဇာ (တစ်ကြိမ်သုံး) (Business Visa - Single) | ၅၀ USD | ၇၀ ရက် |
| (ခ) | အလုပ်ရုံ/ဆွေးနွေးပွဲ/အစည်းအဝေး/ သုတေသနဗီဇာ (Workshop/Seminar/Meeting/ Research Visa) | ၄၀ USD | ၂၈ ရက် |
| (ဂ) | ယာဉ်အမှုထမ်းဗီဇာ (Crew Visa) | ၄၀ USD | ၂၈ ရက် |
| (ဃ) | ဖြတ်သန်းဗီဇာ (Transit Visa ) | ၂၀ USD | ၂၄ နာရီ |

(အသေးစိတ်သိရှိလိုပါက http://www.mip.gov.mmတွင် ဝင်ရောက်လေ့လာနိုင်ပါသည်)

eVisa စနစ်ဖြင့် ခွင့်ပြုခြင်း

၂။ eVisa စနစ်ဖြင့် အောက်ပါဗီဇာ (၂) မျိုးအား ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင်လည်းကောင်း မြန်မာ-ထိုင်း နယ်စပ်ဂိတ်များဖြစ်သည့် တာချီလိတ်၊ မြဝတီနှင့် ကော့သောင်း အပြည်ပြည်ဆိုင်ရာ နယ်စပ် ဝင်/ထွက် ပေါက်များတွင်လည်းကောင်း ခွင့်ပြုသွားမည် ဖြစ်ပါသည်-

| စဉ် | ဗီဇာအမျိုးအစား | ဗီဇာအခငွေ | နေခွင့်ကာလ |
|---|---|---|---|
| (က) | ကမ္ဘာလှည့်ဗီဇာ (Tourist Visa ) | ၅၀ USD | ၂၈ ရက် |
| (ခ) | လုပ်ငန်းဗီဇာ (တစ်ကြိမ်သုံး) (Business Visa - Single) | ၇၀USD | ၇၀ ရက် |

(အသေးစိတ်သိရှိလိုပါက http://www.mip.gov.mm တွင်ဝင်ရောက်လေ့လာနိုင်ပါသည်)

**ကားနှင့် ကားပေါ်ပါလူများ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် "ကား" တိုင်းတွင် မီးသတ်ဆေးဘူးဆောင်ထားပါ။**
**မီးသတ်ဦးစီးဌာန**

## ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံ

**ပုသိမ် ဒီဇင်ဘာ ၂**

ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်းသည် နိုဝင်ဘာ နောက်ဆုံးပတ်က ဧရာဝတီတိုင်းဒေသကြီး စာရင်း စစ်ချုပ်ရုံးတွင် တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် စာရင်းစစ်ရုံးများမှ ဝန်ထမ်းများနှင့်တွေ့ဆုံပြီး အမှာစကား ပြောကြားရာတွင် စာရင်းစစ်ဝန်ထမ်းများသည် အတတ်ပညာရှင်များဖြစ်၍ ပညာရှင်များ၏ ကျင့်ဝတ်သိက္ခာဖြစ်သည့် ရိုးသားဖြောင့်မတ်၍ သမာဓိရှိခြင်း၊ အရည်အချင်းပြည့်မီစွာ ဆောင်ရွက်ခြင်း၊ လျှို့လစိုက်ထုတ်၍ သတိသမ္ပဇဉ်ဖြင့် ဆောင်ရွက်ခြင်း၊ လျှို့ဝှက်ထားရမည့်ကိစ္စအား လိုက်နာဆောင်ရွက်ခြင်း၊ ပြည်သူ့အကျိုးစီးပွားကို ဦးထိပ်တင်၍ ဆောင်ရွက်ခြင်း စသည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် လိုကြောင်း၊ ဧရာဝတီတိုင်းဒေသကြီး၏ ဆောင်ပုဒ်ဖြစ်သည့် "ရိုးသား၊ ကြိုးစား၊ ဧရာဝတီသား" ဆောင်ပုဒ်နှင့်အညီ ကြိုးစားတာဝန်ထမ်းဆောင်ကြရန်၊ လုပ်ငန်းများဆောင်ရွက်ကြရာ၌ ပစ္စုပ္ပန်ကာလသည် အမြဲရင်ဆိုင်နေရသည့် ကာလဖြစ်သည့်အတွက် ပစ္စုပ္ပန်ကာလတွင် ကာယကံ၊ ဝစီကံ၊ မနောကံတို့၌ လုပ်သင့်သည်ကို မလုပ်မိ၍၊ မလုပ်သင့်သည်ကို လုပ်မိ၍ လွဲမှားဆောင်ရွက်မိကာ နောင်တရခြင်းမျိုးမရှိအောင် ပစ္စုပ္ပန်ကာလတွင် ကောင်းသည်များကိုလုပ်ဆောင်၍ မကောင်းသည်ကို ရှောင်ကြဉ်နိုင်သည့် အခွင့်အရေးရှိ၍ ယင်းအခွင့်အရေးကိုလည်း အမိအရရယူဆောင်ရွက်ရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ခေါင်းဆောင်ကောင်းတစ်ဦးတွင်ရှိရမည့် မာနထောင်လွှားမှုကင်းခြင်း၊ လောဘရမ္မက်အား ချိုးနှိမ်နိုင်ခြင်း၊ ကတိတည်မြဲခြင်း၊ လုံ့လဝီရိယရှိခြင်း၊ ကျေးဇူးတရားသိတတ်ခြင်း၊ သဘောထားကြီး၍ သည်းခံခြင်း စသည့်အချက်များနှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ စစ်ဆေးရေးလုပ်ငန်းများဖြစ်သည့် ဘဏ္ဍာရေး စာရင်းစစ်ခြင်း၊ စည်းမျဉ်းစည်းကမ်းလိုက်နာမှု စစ်ဆေးခြင်း၊ လုပ်ငန်းဆောင်ရွက်မှု စစ်ဆေးခြင်းတို့နှင့် သက်ဆိုင်သည့် စစ်ဆေးရေးဆိုင်ရာကိစ္စများ ဆွေးနွေးမှာကြား၍ စာရင်းစစ်ဝန်ထမ်းများသည် တိုင်းပြည်ဖွံ့ဖြိုးထူထောင်ရေးကဏ္ဍတွင် မိမိတို့ ပါဝင်ထမ်းဆောင်ရမည့် အခန်းကဏ္ဍကို ပီပီပြင်ပြင် ဆောင်ရွက်ကြရန်၊ တာဝန်များ ထမ်းဆောင်ကြရာ၌ လုပ်ငန်းခွင် ပျော်ရွှင်သည့် ပတ်ဝန်းကျင်မျိုး ဖန်တီးပေးရန်၊ လုပ်အားလေလွင့်ပြုန်းတီးမှုများ မရှိစေရေးအတွက် စီမံခန့်ခွဲရန်၊ ဘတ်ဂျက်များ တောင်းခံ၍ လိုအပ်သည့် အထောက်အကူပစ္စည်းကိရိယာများ ပြည့်စုံရေးအတွက် ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ဎင်းနောက် အမြဲတမ်းအတွင်းဝန် ဒေါ်ခင်စိန်ဦးက ဝန်ထမ်းများအား လမ်းညွှန်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီး စာရင်းစစ်ချုပ် ဒေါ်စန်းစန်းခိုင်က ဝန်ထမ်းများ ဖွဲ့စည်းထားရှိမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၂**

| | | | |
|---|---|---|---|
| ရန်ကုန်(ရွှေဈေး) | ၈၅၇၀၀၀ | - | ၈၅၇၀၀၀ |
| မန္တလေး(ရွှေဈေး) | ၈၅၇၀၀၀ | - | ၈၅၇၀၀၀ |

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၄၀/၆၇၀ ကျပ် |
| ( ခ ) အောက်တိန်း 95 | တစ်လီတာ | ၆၈၀/၆၉၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| ( ဂ ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀/၆၅၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၀/၆၆၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၇၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၀၉ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၇၀ ကျပ်

**၂၁-၁၁-၂၀၁၆ ရက်နေ့မှ ၂၅-၁၁-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက် ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၆၀၆ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၆၀၁ ကျပ် ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ် ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၈.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၈၉.၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၉.၉၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၆.၆၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၉၃.၀၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၁၃၇ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၁၄၄.၄ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁.၉၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၆၆.၉၂ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၆.၀၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# အငြိမ်းစားဗိုလ်ချုပ်ကြီး မတ်တစ်အား ပင်တဂွန်အကြီးအကဲအဖြစ် အမည်တင်သွင်း

**ဝါရှင်တန် ဒီဇင်ဘာ ၂**

အမေရိကန် ကမ်းတက်တပ်ဖွဲ့၏ အကြီးအကဲအဖြစ် ထမ်းဆောင်ခဲ့သူ အငြိမ်းစား ဗိုလ်ချုပ်ကြီး ဂျိမ်းစ်မတ်တစ်အား အစိုးရအဖွဲ့တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ယူရန် အမည်စာရင်း တင်သွင်းလိုက်ကြောင်း အမေရိကန်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသူ ဒေါ်နယ်လ်ထရန့်က ဒီဇင်ဘာ ၁ ရက် ညပိုင်းတွင် ပြောကြားသည်။

အီရတ်နှင့် အာဖဂန်နစ္စတန်နိုင်ငံတို့တွင် စစ်မြေပြင် အတွေ့အကြုံရှိခဲ့သူ ဗိုလ်ချုပ်ကြီးဟောင်း မတ်တစ်နှင့် တွေ့ဆုံဆွေးနွေးပြီးနောက်တွင် ၎င်းအား ပင်တဂွန်စစ်ဌာနချုပ်အား ဦးဆောင်စေရန် မိမိဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ထရန့်က ပြောကြားသည်။



အမေရိကန်ပြည်ထောင်စု အစိုးရအဖွဲ့သစ်တွင် ကာကွယ်ရေးဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ရန် မတ်တစ်အား တာဝန်ပေးအပ်နိုင်ရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း စင်စင်နာတီမြို့တွင် ပြုလုပ်သော လူထုစည်းဝေးပွဲတွင် ထရန့်က ပြောကြားသည်။

တရားဝင် အမည်စာရင်း တင်သွင်းမှုကို ဒီဇင်ဘာ ၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

မတ်တစ်သည် အီရန်အပေါ် မယုံကြည်မှုများနှင့် လူသိများထင်ရှားပြီး အမေရိကန် ကမ်းတက်တပ်ဖွဲ့ဝင်များ၏ ယုံကြည်လေးစားခံရသူတစ်ဦးဖြစ်သည်။

**ရိုက်တာ။**

## မြောက်ကိုရီးယားအပေါ် အရေးယူဒဏ်ခတ်မှု တောင်ကိုရီးယားနှင့် ဂျပန် ပြုလုပ်မည်

**ဆိုးလ် ဒီဇင်ဘာ ၂**

မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဒဏ်ခတ်မှုအသစ်ပြုလုပ်ရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်ခဲ့ပြီးနောက် တောင်ကိုရီးယားနှင့် ဂျပန်နိုင်ငံတို့က ယင်းနိုင်ငံအပေါ် တစ်ဖက်သတ်အရေးယူ ပိတ်ဆို့မှုအသစ် အသီးသီးပြုလုပ်ရန် စီစဉ်လျက်ရှိကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဒီဇင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်ကို မြောက်ကိုရီးယားက ပယ်ချခဲ့သည်။ စက်တင်ဘာလအတွင်း ပဉ္စမအကြိမ် နျူကလီးယားစမ်းသပ်မှု ပြုလုပ်ခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံ၏ နှစ်ပတ်လည် ပို့ကုန်ဝင်ငွေ လေးပုံတစ်ပုံအထိ လျှော့ချနိုင်စေရန် ရည်ရွယ်လျက် လုံခြုံရေးကောင်စီက စီးပွားရေးဒဏ်ခတ်မှု အသစ်ပြုလုပ်ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

မြောက်ကိုရီးယားက ကျောက်မီးသွေး တင်ပို့ရောင်းချမှုကို လျှော့ချနိုင်စေရန် လုံခြုံရေးကောင်စီက ကန့်သတ်မှုအသစ်များ ချမှတ်ခဲ့သည်။

**ရိုက်တာ။**



## ဘဏ်စနစ် ကမောက်ကမဖြစ်စေရေး ကြံစည်မှုကို ဖော်ထုတ်နိုင်ဟု ရုရှားပြော

**မော်စကို ဒီဇင်ဘာ ၂**

မိမိတို့နိုင်ငံ၏ ဘဏ်လုပ်ငန်းစနစ် ကမောက်ကမဖြစ်စေရေးအတွက် နိုင်ငံခြားထောက်လှမ်းရေးဌာနများက ကွန်ပျူတာကွန်ရက် တိုက်ခိုက်မှုများကို တစ်ပြိုင်နက်တည်း ချိန်ကိုက်လုပ်ဆောင်ရန်စီစဉ်ခဲ့ကြောင်း ရုရှားပြည်တွင်း ထောက်လှမ်းရေး အေဂျင်စီဖြစ်သော ဖက်ဒရယ်လုံခြုံရေးဌာနက ဒီဇင်ဘာ ၂ ရက်တွင် ပြောကြားသည်။

ကွန်ပျူတာကွန်ရက်တိုက်ခိုက်မှုပြုလုပ်ရာတွင် အသုံးပြုသော ဆာဗာများသည် နယ်သာလန်နိုင်ငံ၌ တည်ရှိပြီး ဘလာဇင်းဖတ်ဟု အမည်ပေးထားသော ယူကရိန်းဝက်ဘ်ဆိုက်ကုမ္ပဏီတစ်ခုအဖြစ် မှတ်ပုံတင်ထားကြောင်း ရုရှားဖက်ဒရယ်လုံခြုံရေးက ပြောကြားသည်။

ဒီဇင်ဘာ ၅ ရက်တွင် ရုရှားမြို့ကြီးအများအပြားရှိ အမျိုးသားဘဏ်များနှင့် ပြည်နယ်ဘဏ်များကို ပစ်မှတ်ထားကာ ကွန်ပျူတာကွန်ရက် တိုက်ခိုက်မှုများ တစ်ပြိုင်နက်တည်းပြုလုပ်ရန် ကြံစည်ထားမှုကို မိမိတို့ဖော်ထုတ်လိုက်နိုင်ကြောင်း အဆိုပါဌာနကထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ရုရှားဘဏ်များ ပြဿနာများဆိုက်တော့မည်ဟုလည်း လူမှုကွန်ရက်မီဒီယာမှတစ်ဆင့် သတင်းမှားများလွှင့်တင်ကာ တိုက်ခိုက်ရန်လည်း စီစဉ်ထားသည်ဟု ထောက်လှမ်းတွေ့ရှိရကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံ၏စီးပွားရေးနှင့် သတင်းအချက်အလက်လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုများကို ချေဖျက်နိုင်စေရန် ဖက်ဒရယ်လုံခြုံရေးဌာနက ဆောင်ရွက်နေသည်ဆို၏။

မည်သည့်နိုင်ငံများမှ ထောက်လှမ်းရေးဌာနများက ကွန်ပျူတာကွန်ရက်တိုက်ခိုက်မှုပြုလုပ်ရန် စီစဉ်ခဲ့သည်ကို အဆိုပါဌာနက အတိအကျ ဖော်ပြခြင်းမရှိပေ။

**ရိုက်တာ။**

■

## ကာလဝမ်းရောဂါကူးစက်မှုဆိုင်ရာ ကာကွယ်ပေးမှုနည်းပါးခဲ့သောကြောင့် ဟေတီပြည်သူများအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တောင်းပန်စကားဆို

ကုလသမဂ္ဂ ဒီဇင်ဘာ ၂

**ဟေတီနိုင်ငံအတွင်း ဖြစ်ပွားလျက်ရှိသော ကာလဝမ်းရောဂါကူးစက်မှုအတွက် ကုလသမဂ္ဂအဖွဲ့အနေဖြင့် လုံလောက်သော ကာကွယ်မှုများပေးနိုင်ခြင်းမရှိခဲ့သည့်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ဟေတီပြည်သူများအား ယနေ့တောင်းပန်စကားဆိုခဲ့သည်။**




ဟေတီနိုင်ငံတွင် ၂၀၁၀ ခုနှစ်အတွင်း အင်အားပြင်းငလျင်လှုပ်ခတ်ခဲ့ပြီး ၎င်းအကျိုးဆက်အနေဖြင့် ဝမ်းပျက်ဝမ်းလျှောရောဂါကို ယခုအချိန်ထိတိုင် ပြည်သူများ ကူးစက်ခံစားနေရခြင်းဖြစ်သည်။ ယခုအချိန်ထိ ကာလဝမ်းရောဂါကူးစက်မှုကြောင့် သေဆုံးသူအရေအတွက် ၉၀၀၀ ခန့်ရှိကြောင်း သိရသည်။

ကုလသမဂ္ဂအဖွဲ့အနေဖြင့် ဟေတီနိုင်ငံရင်ဆိုင်နေရသည့် ကာလဝမ်းရောဂါ ကူးစက်မှုနှင့်ပတ်သက်ပြီး လုံလောက်သော ထောက်ပံ့မှုမျိုးပေးနိုင်ခြင်းမရှိကြောင်း အထွေထွေညီလာခံတွင် ကုလအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြောကြားခဲ့သည်။ ထိုသို့ လုံလောက်စွာထောက်ပံ့ပေးမှုမရှိခြင်းကြောင့် ကုလသမဂ္ဂအဖွဲ့၏ ဂုဏ်သိက္ခာထိခိုက်နိုင်ကြောင်း ဘန်ကီမွန်းက ဆက်လက်ပြောကြားခဲ့သည်။

နီပေါနိုင်ငံတွင် ရောက်ရှိနေသည့် ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် ကာလဝမ်းရောဂါစတင်ဖြစ်ပွားသည့် မူလအရင်းအမြစ်ပင်ဖြစ်ကြောင်း အမေရိကန်အဖွဲ့အစည်းတစ်ခုက ပြောကြားခဲ့သည်။ ၎င်းတို့သည် ဟေတီနိုင်ငံအလယ်ပိုင်း မြို့တစ်မြို့သို့ ရောက်ရှိကာ နေရာအနှံ့တာဝန်ထမ်းဆောင်လျက်ရှိခဲ့သည်။

ကာလဝမ်းရောဂါသည် မည်သို့စတင်ကူးစက်မှုဖြစ်ပွားခဲ့သည်ကို ကုလသမဂ္ဂအဖွဲ့က ခန့်အပ်ထားသည့် ကျွမ်းကျင်သူများက တိကျစွာ ပြောကြားခဲ့ခြင်းမရှိပေ။ သို့သော် ၎င်းရောဂါသည် အာရှနိုင်ငံများတွင် သာမန်အားဖြင့်တွေ့ရှိရသည့် ရောဂါအမျိုးအစား ဖြစ်သည်ဟုသာ ကျွမ်းကျင်သူများက ထပ်ကာတလဲလဲ ပြောကြားခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ။**

# အာဆင်နယ်ကွင်းလယ်လူ ကာဇိုလာ သုံးလကြာ ထပ်မံအနားယူရမည်

အာဆင်နယ်အသင်းမှ စပိန်ကွင်းလယ်ကစားသမား ဆန်တီကာဇိုလာသည် ခြေချင်းဝတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် နောက်ထပ်သုံးလကြာ အနားယူရဦးမည်ဖြစ်ကြောင်း သိရသည်။

အသက်(၃၁)နှစ်အရွယ်ရှိ စပိန်ကွင်းလယ်ကစားသမား ကာဇိုလာသည် အောက်တိုဘာလလယ်အတွင်းက ယှဉ်ပြိုင်ကစားခဲ့သည့် အာဆင်နယ်အသင်းက လူဒိုဂိုးရက်အသင်းအား ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်ကတည်းက အာဆင်နယ်အသင်းတွင် ပါဝင်ပွဲထွက် ကစားနိုင်ခြင်းမရှိခဲ့သည့်အပြင် အဆိုပါဒဏ်ရာ မသက်သာသည့်အတွက် နောက်ထပ်အနားယူရဦးမည်ဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား ကာဇိုလာသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း ဒူးဒဏ်ရာပြဿနာကြောင့် ခုနစ်လကြာ အာဆင်နယ်အသင်းနှင့်အတူ ပွဲထွက်ကစားနိုင်ခြင်းမရှိခဲ့ဘဲ လွဲချော်ခဲ့ရသူဖြစ်သည်။ ထို့ပြင် ယခုနှစ် ဘောလုံးရာသီတွင်လည်း အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်တွင် ၁၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး နှစ်ဂိုးသာလျှင် သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။



© Arsenal FC via Getty Images



# စပါးတိုက်စစ်မှူး ဟယ်ရီကိန်း ၂၀၂၂ ခုနှစ်အထိဆက်ရှိမည့် စာချုပ်သစ်ချုပ်ဆို

အင်္ဂလန်အသင်းနှင့် စပါးအသင်းတို့၏ တိုက်စစ်မှူး ဟယ်ရီကိန်းသည် လက်ရှိကစားလျက်ရှိသည့် စပါးအသင်းနှင့်အတူ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းကြောင့် ဝိုက်ဟက်လိန်းတွင် ၂၀၂၂ ခုနှစ်အထိ ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် အဆိုပါစာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းကြောင့် တစ်ပတ်လုပ်ခလစာပေါင် ၁၀၀၀၀၀ ရရှိမည်ဖြစ်ပြီး ယခုချုပ်ဆိုခဲ့သည့်စာချုပ်သည် ဟယ်ရီကိန်းအနေဖြင့် ငါးနှစ်သက်တမ်းရှိစာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၂၃)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဟယ်ရီကိန်းသည် အင်္ဂလန်နိုင်ငံလက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၁၇ ပွဲကစားပေးခဲ့ပြီး သွင်းဂိုးငါးဂိုးအထိသွင်းယူပေးနိုင်ခဲ့ပြီး ခြေချင်းဝတ်ဒဏ်ရာကြောင့် ပွဲစဉ် ၁၀ ပွဲအထိ လွဲချော်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် စပါးအသင်းနှင့်အတူ ၁၀ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးခြောက်ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည့် တိုက်စစ်မှူးတစ်ဦးဖြစ်သည်။

တိုက်စစ်မှူးဟယ်ရီကိန်းသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက စပါးအသင်းနှင့်အတူ ပရီမီယာလိဂ် သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ရွှေဖိနပ်ဆုကိုလည်း ဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။ လက်ရှိတွင်လည်း စပါးအသင်းတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် စပါးအသင်းက စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

# ဆောက်ဂိတ်အနေဖြင့် ရွန်းနီအား အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိမည်

အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ခဲ့သည့် ဆောက်ဂိတ်သည် လက်ရှိအင်္ဂလန် လက်ရွေးစင်အသင်းတွင် အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူထားသည့် မန်ယူအသင်းခေါင်းဆောင် ရွန်းနီအား အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နည်းပြဆောက်ဂိတ်သည် အင်္ဂလန်အသင်း၏ ယာယီနည်းပြအဖြစ် တာဝန်ယူ ကိုင်တွယ်ခဲ့ရာတွင် အင်္ဂလန်အသင်းအတွက် ရလဒ်ပိုင်းကောင်းမွန်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်က အမြဲတမ်းနည်းပြအဖြစ် ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် နည်းပြဆောက်ဂိတ်သည် အမြဲတမ်းစာချုပ်ချုပ်ဆိုခဲ့ခြင်းကြောင့် ၂၀၂၀ ခုနှစ်အထိ အင်္ဂလန်လက်ရွေးစင်အသင်းတွင် ဆက်ရှိနေမည်ဖြစ်ပြီး အသင်းခေါင်းဆောင် ရွန်းနီကိုလည်း အသင်းခေါင်းဆောင်အဖြစ် ဆက်လက်ထားရှိမည်ဟု ဆိုသည်။




# ဇန်နဝါရီအပြောင်းအရွှေ့တွင် ကစားသမားခေါ်ယူမှုအတွက် ငွေကြေးများစွာသုံးစွဲသွားရန် နည်းပြမော်ရင်ဟို စီစဉ်

မန်ယူအသင်းနည်းပြ မော်ရင်ဟိုသည် အသင်း၏ရလဒ်ပိုင်းကောင်းမွန်ရန် ကစားသမားခေါ်ယူမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားခေါ်ယူမှုအတွက် ငွေကြေးများစွာသုံးစွဲသွားမည်ဖြစ်ကြောင်း သိရသည်။

နည်းပြမော်ရင်ဟိုသည် ကစားသမားခေါ်ယူမည်ဆိုပါက အသင်း၏ နောက်တန်းခံစစ်ပိုင်းကို အဓိကထား ခေါ်ယူသွားမည်ဖြစ်ပြီး မန်ယူအသင်း၏ အမှုဆောင်ဒုတိယဥက္ကဋ္ဌဖြစ်သူ အက်ဒ်ဝုဒ်ဝက်ဒ်ကလည်း မော်ရင်ဟိုအား ကစားသမားခေါ်ယူမှုအတွက် သုံးစွဲစေလိုကြောင်း ထောက်ခံထားသည်။

မန်ယူအသင်းနည်းပြ မော်ရင်ဟိုအနေဖြင့်လည်း လာမည့်ဇန်နဝါရီ အပြောင်းအရွှေ့ကာလ ကစားသမား ခေါ်ယူမှုအတွက် ဗန်ဒစ်ခ်နှင့် ဂျို့စ်ဖွန်တီတို့ကို ဦးစားပေးခေါ်ယူသွားရန်လည်းရှိနေကြောင်း သိရသည်။ မန်ယူအသင်းသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွက် နောက်တန်းကစားသမား ခေါ်ယူခဲ့ရာတွင် အဲရစ်ဘိုင်လီကို အဓိကထားခေါ်ယူခဲ့သော်လည်း လက်ရှိတွင် ဒဏ်ရာပြဿနာကြုံတွေ့နေခြင်းကြောင့် မန်ယူအသင်း၏ နောက်တန်းခံစစ်ပိုင်းမှာ အားနည်းချက်များ ရှိနေခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ပြီးခဲ့သည့် အပြောင်းအရွှေ့ကာလက ကစားသမားခေါ်ယူမှုအဖြစ် ကွင်းလယ်ကစားသမား ပေါ့ဘာ၊ ကွင်းလယ်ကစားသမား ခီတာယန်၊ နောက်တန်းကစားသမား ဘိုင်လီနှင့် တိုက်စစ်မှူး အီဘရာဟီမိုဗစ်တို့ကို ခေါ်ယူခဲ့ရာတွင် ပြောင်းရွှေ့ကြေးပေါင် ၁၄၅ သန်းအထိ သုံးစွဲထားခဲ့သော်လည်း သုံးစွဲခဲ့သည့်ငွေကြေးနှင့် ရလဒ်ပိုင်းမမျှတခဲ့ခြင်းကြောင့် လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ထပ်မံခေါ်ယူသွားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



# ကွင်းလယ်ကစားသမား ဂါစီယာ မန်စီးတီးနှင့် စာချုပ်သစ်ချုပ်မည်

မန်စီးတီးအသင်း၏ ကွင်းလယ်ကစားသမားတစ်ဦးဖြစ်သူ ဂါစီယာသည် စာချုပ်သစ်တစ်ရပ်ထပ်မံချုပ်ဆိုမည်ဖြစ်ရာ ၂၀၂၀ ခုနှစ်အထိ မန်စီးတီးအသင်းတွင် ဆက်ရှိနေမည်ဖြစ်ကြောင်း သိရသည်။


ကွင်းလယ်ကစားသမား ဂါစီယာသည် ပြီးခဲ့သည့် ဘောလုံးရာသီအတွင်းက မန်စီးတီးအသင်းနှင့်အတူ လေးပွဲသာပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ကွင်းလယ်ကစားသမား ဂါစီယာ၏ လက်ရှိချုပ်ဆိုထားသည့် စာချုပ်သက်တမ်းသည် ၂၀၁၈ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော်လည်း စာချုပ်သက်တမ်းတိုးချုပ်ဆိုခဲ့မည်ဖြစ်ဆိုပါက ၂၀၂၀ ခုနှစ်အထိ အီတီဟက်ဒ်တွင် ဆက်ရှိနေမည်ဖြစ်သည်။

အသက်(၁၈)နှစ်အရွယ်ရှိ လူငယ်ကစားသမား ဂါစီယာသည် မန်စီးတီးအသင်းမှ ၂၀၁၆-၂၀၁၇ ဘောလုံးရာသီအတွက် စပိန်လာလီဂါကလပ် အလာဗက်စ်အသင်းသို့ အငှားချထားခြင်းခံခဲ့ရပြီး စပိန်ကလပ်တွင် တစ်ပွဲသာပွဲထွက်ကစားခွင့်ရရှိထားခဲ့သည်။ ကွင်းလယ်ကစားသမား ဂါစီယာသည် စပို့တင်းဂီဂျွန်လူငယ်အသင်းမှ မန်စီးတီးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်သည်။

ငွေကြယ်-စုစည်းသည်

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ်ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ်ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



## ကလေးတွေအတွက် ထည့်တွက်ရမယ့် အချက်ပေါင်းစုံ

ဆူဒိုနင်

**မျက်စိပိတ်၊ နားပိတ်**

ငါးတန်းမှသာ အင်္ဂလိပ်စာသင်ယူစေခဲ့သော ၁၉၆၄ ခုနှစ် ပညာရေးစနစ်သစ်ကြီး၏ တန်ခိုးအရှိန်အစော် အာနုဘော်ကြောင့်လည်းကောင်း၊ ဆယ်စုနှစ်ပေါင်းလေးခုမျှ အထီးတည်းရပ်တည်ရေးဟူသော တံခါးပိတ်ဝါဒ၏ ကျေးဇူးတော်ကြောင့်လည်းကောင်း ကျွန်တော်တို့ ရွှေမြန်မာအများစုမှာ မျက်စိပိတ်၊ နားပိတ်တွေဖြစ်နေကြကာ အဘက်ဘက်မှ ခေတ်နောက်ကျကျန်ရစ်နေပါသည်။ ကလေးသူငယ်များကို ကာကွယ်စောင့်ရှောက်ရေးဆိုသည်မှာလည်း ကလေးတွေ နဖူးမကွဲ၊ ဒူးမပြဲရေးလောက်သာ အများစုက အလေးထားသော လူ့ဘောင်လည်း ဖြစ်နေခဲ့လေသည်။ "သိသာ သိစေ၊ မမြင်စေနဲ့"ဟူသောစကားကို အလွဲသုံးစားပြုကာ အမှန်တရားကို မျက်ကွယ်ပြုထား၊ ဖုံးထား၊ ဖိထားလိုကြသည့် အမူအကျင့်များကလည်း လူ့ဘောင်တစ်ရပ်လုံးကို လိုက်စားနေသည်ဟု ပြောလိုက်မည်ဆိုလျှင် လွန်အံ့မထင်ပါ။

သတင်းအချက်အလက်နှင့်နည်းပညာ တစ်ဟုန်ထိုးတိုးတက်မှုကြောင့် အတန်ငယ် ပွင့်လာသောအခါတွင်မူ ယခင်ဖုံးဖိထားသမျှ အကုန်လုံးမဟုတ်တောင် တစ်စိတ်တစ်ပိုင်းတော့ ထိုးထိုးထောင်ထောင်ထွက်ပေါ်လာပါတော့သည်။ ထိုသို့ ထွက်ပေါ်လာသည့်အထဲတွင် သက်ငယ်မုဒိမ်းမှုဆိုသည်မှာလည်း လတ်တလော ကျယ်လောင်နေသော ကိစ္စဖြစ်ပါသည်။ အမှန်စင်စစ် သက်ငယ်မုဒိမ်းဆိုသည်ကား အလွန်ကျယ်ပြန့်လှသော "ကလေးသူငယ်များအား မဖွယ်မရာပြုကျင့်မှု"၏ အစိတ်အပိုင်းတစ်ခုမျှသာ ဖြစ်ပါသည်။

**မဖွယ်မရာမှု ပေါင်းစုံ**

ကလေးသူငယ်များအား မဖွယ်မရာပြုကျင့်မှုဟူသည်ကား ကလေးငယ်တစ်ဦးကို လိင်ကိစ္စနှင့်ပတ်သက်သော လုပ်ရပ်တစ်စုံတစ်ရာမှာ ပါဝင်လာအောင် အဓမ္မဖြစ်စေ၊ ဖြားယောင်းပြီးဖြစ်စေ ဆောင်ရွက်ခြင်းပင် ဖြစ်ပါသည်။ ထိုသို့ မဖွယ်မရာပြုကျင့်ရာတွင် ကိုယ်ထိလက်ရောက်သာမက ကိုယ်ထိလက်ရောက်မဟုတ်သော မဖွယ်ရာမှုဟူပြီး နှစ်မျိုးရှိနိုင်ပါသည်။ တစ်ခါတစ်ရံများတွင် ကလေးငယ်ကိုယ်တိုင်က သူ့အား မဖွယ်မရာပြုနေသည်ဟု နားလည်သိရှိနိုင်စွမ်းမရှိတတ်သလို မှားယွင်းနေမှန်းလည်း သိရှိခြင်းငှာ မစွမ်းသာချေ။

ကိုယ်ထိလက်ရောက် မဖွယ်မရာပြုကျင့်မှုတွင် အောက်ပါတို့ ပါဝင်နေတတ်ပါသည်။

- ကလေး အဝတ်အစားဝတ်ထားသည်ဖြစ်စေ၊ မဝတ်ထားသည်ဖြစ်စေ လိင်စိတ်နှိုးဆွသည့်သဘောဖြင့် ကလေး၏ ကိုယ်ခန္ဓာ မည်သည့်နေရာကိုမဆို ကိုင်တွယ်ခြင်း၊ ပွတ်သပ်ခြင်း။
- အရာဝတ္ထုတစ်ခုခု (လက်၊ မျိုးဆက်ပွားအင်္ဂါ၊ အခြားပစ္စည်းတစ်စုံတစ်ရာ)ကို ကလေး၏ ပါးစပ်၊ ယောနိ၊ စအိုထဲသို့ ထိုးသွင်းခြင်း။ အဓမ္မကျင့်ခြင်း (မုဒိမ်းမှု)။
- လိင်ကိစ္စလုပ်ရပ်တစ်ခုခုတွင် ကလေးပါဝင်လာအောင် အဓမ္မဆောင်ရွက်ခြင်း၊ တိုက်တွန်းအားပေးခြင်း။
- ကလေးအား အဝတ်အစားများချွတ်ခိုင်းခြင်း၊ တခြားတစ်ပါးသူ၏ မထိအပ်၊ မကိုင်အပ်သောနေရာများကို ထိတွေ့ကိုင်တွယ်စေခြင်း။

ကိုယ်ထိလက်ရောက်မဟုတ်သော မဖွယ်မရာပြုကျင့်မှုများမှာ -

- ကလေးငယ်အား မမြင်အပ်သော ကိုယ်ခန္ဓာအစိတ်အပိုင်းများကို မြင်သာအောင်ပြခြင်း။
- ကလေးငယ်၏ရှေ့တွင် တစ်ကိုယ်ရေ အာသာဖြေခြင်း၊ ကလေးငယ်အား တစ်ကိုယ်ရေအာသာဖြေအောင် အဓမ္မစေခိုင်းခြင်း။
- လိင်မှုကိစ္စဆောင်ရွက်နေသည်ကို ကြည့်ရှုရန် ကလေးငယ်ကို တိုက်တွန်းအားပေးခြင်း။
- အခြားသူများဆောင်ရွက်နေသည့် လိင်မှုကိစ္စကို ကလေးငယ် မမြင်စေရန် လိုအပ်သလိုကာကွယ်ကန့်သတ်မှု မရှိခြင်း။
- ကလေးအား ညစ်ညမ်းရုပ်ရှင်၊ ဓာတ်ပုံများပြသခြင်း။
- ညစ်ညမ်းသောစာများကို ဖုန်းမှပေးပို့ခြင်း၊ ဖုန်းဖြင့် ညစ်ညမ်းသောစကားများ ပြောဆိုခြင်း၊ အင်တာနက်ကို အသုံးပြုခြင်း။
- ကလေးသူငယ်များအား မဖွယ်မရာပြုရန်အကြံဖြင့် ကလေးငယ်အား ဖုန်းဖြင့်ဖြစ်စေ၊ အင်တာနက်မှဖြစ်စေ အယုံသွင်းပြီးနောက် ကလေးငယ်နှင့် တွေ့ဆုံခြင်း။
- ငွေ၊ အာဏာ၊ ရာထူး တစ်စုံတစ်ရာအတွက် ကလေးငယ်အား လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်း။
- ကလေးသူငယ်များ၏ မဖွယ်ရာသော ဓာတ်ပုံများ၊ ရုပ်ရှင်များကို ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဝေခြင်း။
- လိင်ကိစ္စအတွက် ကလေးငယ်ကို လူကုန်ကူးခြင်းတို့ပင်ဖြစ်လေသည်။

ပြည့်စုံနိုင်သမျှ ပြည့်စုံနိုင်အောင် အတတ်နိုင်ဆုံး စုစည်းရှာဖွေတင်ပြလိုက်ခြင်းဖြစ်သည့်တိုင် ကျန်ကောင်းကျန်နေနိုင်ပါသေးသည်။ မည်သို့ပင်ဆိုစေကာမူ အထက်တွင် ဖော်ပြခဲ့သမျှ နည်းလမ်းအားလုံးမှာ ကလေးငယ်များ၏ စိတ်ပိုင်းကို ဖြစ်စေ၊ ခံစားချက်ပိုင်းကိုဖြစ်စေ၊ ရုပ်ပိုင်းကိုဖြစ်စေ ဘေးဖြစ်စေနိုင်သလို ရေရှည်ဆိုးကျိုးများ သက်ရောက်နိုင်သည်ကိုလည်း မည်သူမျှ ငြင်းဆိုနိုင်မည် မဟုတ်ပါချေ။

**ဘယ်သူတွေ ကျူးလွန်တတ်ကြလဲ**

အဆိုပါ မဖွယ်မရာပြုမှုပေါင်းစုံမှာ မုဒိမ်းမှု၊ လူသတ်မှုလို လူသိပ်မသိကြသော်လည်း သက်ရောက်မှုချင်းမှာမူ မုဒိမ်းမှုနှင့် အတူတူပင်ဖြစ်သလို ကျူးလွန်ခံရသူမှာ လူမှုရေး၊ အိမ်ထောင်ရေး ပြဿနာများကို ဘဝတစ်သက်တာလုံး ရင်ဆိုင်နေရတတ်ပါသည်။ နောက်တစ်ချက်မှာ မဖွယ်မရာပြုကျင့်ခံရသူများမှာ အများအားဖြင့် မိန်းကလေးငယ်များ ဖြစ်နေတတ်သော်လည်း ယောကျ်ားသားကလေးငယ်များလည်း ပါဝင်နေတတ်သည်မှာ တစ်ကမ္ဘာလုံးမှ နိုင်ငံပေါင်းစုံ၊ ယဉ်ကျေးမှုပေါင်းစုံတွင် ဖြစ်ပါသည်။

ကျူးလွန်ကြသူများမှာလည်း သူစိမ်းတစ်ရံဆံများထက် ကလေးသူငယ်များနှင့် တစ်နည်းနည်း သိကျွမ်းပြီးသူများ၊ သားချင်းများထဲက အများဆုံးဖြစ်ပါသည်။ တစ်အိမ်ထဲအတူနေ သားချင်းများ၊ အတူမနေ သားချင်းများ၊ အိမ်နီးချင်းများ၊ အရပ်ထဲမှ မိသားစုနှင့် ရင်းနှီးရင်းစွဲ ရှိပြီးသူများက ပိုများသည်ကို မိဘတိုင်း သတိချပ်အပ်ပေသည်။ ဆိုကြပါစို့- အသက် ၁၂ နှစ်၊ ၁၃ နှစ်အရွယ်၊ သို့တည်းမဟုတ် ၁၄-၅-၆ နှစ်အရွယ် အစ်ကိုဝမ်းကွဲ၊ အစ်မဝမ်းကွဲမို့ အသက် ၆ နှစ်၊ ၇ နှစ်အရွယ် မိမိ၏ကလေးကို ရိုးရိုးတန်းတန်းချစ်ခင်သည်အမှတ်နှင့် တစ်အိပ်ရာထဲ သိပ်ခြင်းမျိုး၊ နှစ်ယောက်ထဲထားခဲ့ခြင်းမျိုး၊ တစ်ခန်းထဲတွင် မည်သူ့ကြီးကြပ်မှုမျှမရှိဘဲ လွှတ်ပေးထားခြင်းမျိုးများမှာ အန္တရာယ်ကို လက်ကမ်းကြိုသလို ဖြစ်နေတတ်မှန်း သတိထားမိဖို့ လိုအပ်ပါသည်။ အလားတူပင် အိမ်ထောင်သည် ဦးလေးတွေ၊ အဒေါ်တွေမို့၊ သို့တည်းမဟုတ် အိမ်ဖော်မို့ဆိုပြီး မိမိ၏ ကလေးနှင့်အတူ ထားခဲ့ခြင်းမျိုးမှာလည်း ရှောင်ကြဉ်အပ်ပါသည်။

**လက်ဦးဆရာတို့၏ အရေးကြီးလှသော အခန်းကဏ္ဍ**

အထက်တွင် ဖော်ပြခဲ့သော မဖွယ်မရာပြုမှုပေါင်းစုံအနက်မှ မုဒိမ်းမဟုတ်သော အခြားနည်းပေါင်းစုံဖြင့် ကလေးကို မဖွယ်မရာပြုနိုင်နေသေးသည့်အချက်ကို မိဘတိုင်း သတိရှိနေကြဖို့ အထူးလိုအပ်သည်ဟု မြင်မိရပါသည်။ မိန်းကလေးချင်း၊ ယောကျ်ားလေးချင်းပဲ ဘာမှမဖြစ်လောက်ပါဘူးဟူသော အတွေးမျိုးဖြင့်လည်း ကလေးကို တစ်ပါးသူနှင့် စိတ်ချလက်ချ မထားသင့်ပါချေ။

ပြီးခဲ့သည့် နိုဝင်ဘာလ ၂၆ ရက်နေ့နှင့် ၂၇ ရက်တို့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ရုပ်မြင်သံကြားဟု ပြန်ဆိုနိုင်မည်ဖြစ်သော MNTV ၏ "ယခုတစ်ပတ် မြန်မာ (Myanmar This Week)" အစီအစဉ်တွင် ဤကိစ္စနှင့်ပတ်သက်သော ကျွန်တော့်ဆွေးနွေးချက်ကို ထုတ်လွှင့်ခဲ့ပါသည်။ အဆိုပါဆွေးနွေးချက်တွင် အလေးထားပြောဖြစ်ခဲ့သောအချက်တစ်ချက်မှာ မိဘများဘက်က မိမိတို့၏ သားငယ်၊ သမီးငယ်များကို သတိကြီးကြီးနှင့် ကာကွယ်စောင့်ရှောက်ရေးပင် ဖြစ်ပါသည်။ "လွယ်ရင် သူကြွယ်တောင်မနေဘူး"ဆိုသော ဖန်တစ်ရာတေနေသည့် ဆိုရိုးကို ကိုးကားခဲ့ပါသည်။ ဖြစ်တတ်သည့်သဘာဝကို ကျကျနန ဆင်ခြင်၊ အမှန်အတိုင်း မြင်နိုင်ကြပြီးသကာလ ထိုက်သင့်သော ကာကွယ်စောင့်ရှောက်မှုများကို လူကြီးသူမများ၊ မိဘများဘက်က အလေးထားဆောင်ရွက်သွားနိုင်မည်ဆိုပါလျှင် သည်လို မဖွယ်မရာကိစ္စတွေ ထက်ဝက်မက လျော့ကျသွားမည်ဟု မမှိတ်မသုန် ယုံကြည်မိပါသည်။ (အဆိုပါဆွေးနွေးချက်အပြည့်အစုံကို Myanmar This Week ၏ စာအုပ် မျက်နှာစာတွင်လည်းကောင်း၊ https://www.facebook.com/myanmarthisweek/videos/1804852366450538/ တွင်လည်းကောင်း ကြည့်ရှုနိုင်ပါသည်။)

**ဥပဒေကြောင်း**

ဥပဒေကြောင်းအရ မုဒိမ်းမှုကို အလေးထားသည့် ကြီးလေးသောပြစ်ဒဏ်ကိုသာ ထည့်သွင်းထားခြင်းကိုလည်း ပြန်လည်ဆင်ခြင်သုံးသပ်အပ်ပါသည်။ ကိုလိုနီအစိုးရလက်ထက်က ပြဋ္ဌာန်းခဲ့သော ရာဇသတ်ကြီးပါ မုဒိမ်းမှု ဖွင့်ဆိုချက်အရဆိုလျှင် ယောကျ်ားက အသက် ၁၆ နှစ်အောက် မိန်းကလေးကို ကျူးလွန်ခြင်း၊ ပုံမှန်နည်းဖြင့် ကျူးလွန်ခြင်းကသာ မုဒိမ်းမှုမြောက်ပါသည်။ ပွေလီသောခေတ်ကာလကို ရောက်နေသည်ဖြစ်ရာ ပုံမှန်မဟုတ်ဘဲ အခြားနည်း ကျူးလွန်ခြင်းများကိုလည်း ထည့်သွင်းပြဋ္ဌာန်းဖို့၊ ကြီးလေးသော ပြစ်ဒဏ်များသတ်မှတ်ဖို့ အပူတပြင်း လိုနေပြီဟု ယူဆမိရပါသည်။

ထို့ပြင်တစ်ဝ အထက်တွင်ဖော်ပြခဲ့သော ကိုယ်ထိလက်ရောက် နည်းပေါင်းစုံ၊ ကိုယ်ထိလက်ရောက်မဟုတ်သော နည်းပေါင်းစုံမှ ကလေးသူငယ်များကို ကာကွယ်ပေးရန်လည်း ယခုပြန်လှန်သုံးသပ်ဆဲ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေက ထည့်သွင်းစဉ်စားသင့်ပါသည်။ လတ်တလော အလွန်လူပြောသူပြောများနေသည့် သက်ငယ်မုဒိမ်းတစ်ခုတည်းသာ ကွက်ကွက်ကလေးမဟုတ်ဘဲ ဘက်ပေါင်းစုံမှ ဆင်ခြင်နိုင်ရန် တတ်အားသမျှ ပြောကြည့်လိုက်ရခြင်းလည်း ဖြစ်ပါသည်။

အားလုံးအတွက် တွေးဆဆင်ခြင်စရာ တစ်စုံတစ်ရာ ရသွားမည်ဟု မျှော်လင့်နေမိရပါသတည်း။ ။

# JCB ကတ်ဖြင့် မြန်မာနိုင်ငံတွင် ဝန်ဆောင်မှုစတင်




**ရန်ကုန် ဒီဇင်ဘာ ၂**

စီဘီဘဏ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် အဓိကကူးသန်းရောင်းဝယ်ရေးဘဏ်တစ်ခုဖြစ်ပြီး Myanmar Payment Union Public Co,.Ltd. (MPU) နှင့် JCB International Co.,Ltd.(JCBI)၊ JCB ကုမ္ပဏီလီမိတက်၏ နိုင်ငံတကာနှင့်ပတ်သက်သော ကုမ္ပဏီခွဲတို့ ပူပေါင်း၍ JCB Debit Card ကို မြန်မာနိုင်ငံတွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း နိုဝင်ဘာ ၃၀ ရက်က တရားဝင်ကြေညာခဲ့သည်။

CB MPU-JCB Co-Brand Card သည် MPU brand နှင့် JCB brand နှစ်ခုကို ပေါင်းထားခြင်းဖြစ်ပြီး Card Members (Card ပြုလုပ်ထားသူများ) သည် မြန်မာနိုင်ငံတွင် MPU ၏ နိုင်ငံတွင်းကွန်ရက် (Network) နှင့် JCB ၏ ကမ္ဘာ့အနှံ့သန်းပေါင်း ၃၁ သန်းကျော် နိုင်ငံတကာကွန်ရက် (Network) များတွင် အသုံးပြုနိုင်သည်။

ကတ်ကို Platinum debit card, Gold debit card နှင့် Standard debit card ဟု သုံးမျိုးခွဲခြားထုတ်လုပ်ထားပါသည်။ Card Members (Card ပြုလုပ်ထားသူ) များအားလုံးသည် JCB ၏ အထူးအခွင့်အရေးများ (JCB Privileges) ဖြစ်သော JCB Plaza နှင့် ကမ္ဘာ့အနှံ့၌ သတ်မှတ်ထားသော ကုန်သည်များတွင် အထူးလျှော့ဈေးများကို အကျိုးခံစားနိုင်သည်။ JCB က Platinum Card Members များကို အထူးသီးသန့် JCB Platinum ဝန်ဆောင်မှုများကို ပေးသည်။ ထိုဝန်ဆောင်မှုများမှာ JCB Platinum လေဆိပ်နားနေခန်းဝန်ဆောင်မှု၊ JCB Platinum ဝန်စည်စလယ်များ သယ်ပေးသည့် ဝန်ဆောင်မှုနှင့်အထူးJCB Platinum ဟိုတယ်ဝန်ဆောင်မှုတို့ဖြစ်သည်။

JCB သည် နိုင်ငံတကာငွေပေးချေမှု အမျိုးအစားတစ်ခုဖြစ်ပြီး ဂျပန်နိုင်ငံတွင် ငွေပေးချေမှုကတ်ထုတ်ဝေခြင်းနှင့် လက်ခံခြင်းကို ဦးဆောင်နေသည်။ ၁၉၆၁ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ၎င်း၏ ကတ်လုပ်ငန်းကို စတင်မိတ်ဆက်ခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ကျယ်ကျယ်ပြန့်ပြန့် စတင်လုပ်ဆောင်ခဲ့သည်။ ယခုအခါတွင် JCB သည် နိုင်ငံပေါင်း ၂၁နိုင်ငံနှင့် ကတ်အသုံးပြုသူ ၉၅ သန်းကျော်ရှိနေပြီဖြစ်သည်။ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ၏ အစိတ်အပိုင်းအဖြစ် JCB ကတ်အသုံးပြုသူများကို အခြေခံခြင်းနှင့် ကုန်သည်များ တိုးမြှင့်စေရန် ဘဏ်ပေါင်း ၃၅၀ ကျော်နှင့် ကျယ်ပြန့်သောဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် အတူ ကိုက်ညီမှုရှိစေရန် ဖွဲ့စည်းခဲ့သည်။ ထောက်ပံ့သူများကို ငွေပေးချေမှုဆိုင်ရာဖြေရှင်းချက်များကို နားလည်စေခြင်းအဖြစ် JCB သည် ကမ္ဘာတစ်ဝန်းလုံးရှိ သုံးစွဲသူများထံသို့ အရည်အသွေးမြင့်မားသောဝန်ဆောင်မှုများနှင့် တုံ့ပြန်မှုပေးရန်ရှိကြောင်း သိရသည်။ သတင်းအချက်အလက်များကို ပိုမိုသိလိုပါက www.global.jcb/en/ သို့ ဝင်ရောက်လေ့လာနိုင်ကြောင်းသိရသည်။

**(ကြေးမုံ)**

# နိုင်ငံခြားသားများဆိုင်ရာ ဥပဒေကြမ်း

## ပြည်သူအများ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။

**နိုင်ငံခြားသားများဆိုင်ရာဥပဒေကြမ်း**
**( ၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။ )**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**(၂၀၁၆ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **နိုင်ငံခြားသားများဆိုင်ရာ** ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါ အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ကို ဆိုသည်။
(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။
(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ၏ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနကို ဆိုသည်။
(ဃ) **ပြည်ထောင်စုဝန်ကြီး**ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကို ဆိုသည်။
(င) **ဦးစီးဌာန**ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနကို ဆိုသည်။
(စ) **ညွှန်ကြားရေးမှူးချုပ်**ဆိုသည်မှာ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ကို ဆိုသည်။
(ဆ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီး ကြပ်ရေးနှင့်ပြည်သူ့အင်အားဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးရှိ မြို့နယ်ဦးစီးမှူးအဆင့်အောက် မနိမ့်သော အရာရှိကို ဆို သည်။
(ဇ) **လူဝင်မှုကြီးကြပ်ရေးအရာရှိ**ဆိုသည်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ပြည်ထောင်စုနယ်မြေဦးစီးမှူးရုံး၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးရုံး၊ ခရိုင်ဦးစီးမှူးရုံး၊ မြို့နယ်ဦးစီးမှူးရုံးတို့မှ လက်ထောက် လူဝင်မှုကြီးကြပ်ရေး မှူးအဆင့်အောက်မနိမ့်သော အရာရှိကိုဆိုသည်။
(ဈ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသား သို့မဟုတ် ဧည့်နိုင်ငံ သား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူ မဟုတ်သောသူကို ဆိုသည်။
(ည) **ပြည်တွင်းနေ အရည်အချင်းရှိသော နိုင်ငံခြားသား**ဆိုသည် မှာ မြန်မာနိုင်ငံ၌ ၄. ၁. ၁၉၃၈ ရက်နေ့မှ ၄. ၁. ၁၉၄၈ ရက်နေ့ထိ ဖြစ်စေ၊ ၄. ၁. ၁၉၄၈ ရက်နေ့မှ ၄. ၁. ၁၉၅၈ ရက်နေ့အထိ ဖြစ်စေ ၁၀ နှစ်တာကာလ နှစ်ခုအနက် ကာလအပိုင်း အခြားတစ်ခုတွင် တစ်ဆက်တည်း ရှစ်နှစ် အောက်မနည်း အခြေချနေထိုင်ပြီး ဤဥပဒေဖြင့် ရုပ်သိမ်းသော ဥပဒေ တစ်ရပ်ရပ်အရ နိုင်ငံခြားသား မှတ်ပုံတင် လက်မှတ် လျှောက်ထားကိုင်ဆောင်သည့် နိုင်ငံခြားသားနှင့် ယင်းနိုင်ငံခြားသား၏ မိသားစုဝင် နိုင်ငံခြားသားများကို ဆိုသည်။
(ဋ) **အမြဲနေထိုင်ခွင့်ရရှိသူ နိုင်ငံခြားသား** ဆိုသည်မှာ မြန်မာ နိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်း ဥပဒေများအရ အချိန်ကာလ ကန့်သတ်ချက်ဖြင့် အမြဲ နေထိုင်ခွင့်ရရှိထားသော နိုင်ငံခြားသားကို ဆိုသည်။
(ဌ) **ခရီးသွားလက်မှတ်**ဆိုသည်မှာ နိုင်ငံကူးလက်မှတ်၊ မည်သူ မည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်အပြင် ကုလသမဂ္ဂ သို့မဟုတ် ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများက ဖြစ်စေ၊ နိုင်ငံတကာ အသိအမှတ်ပြုအလားတူအဖွဲ့အစည်း တစ်ခုခုကဖြစ်စေ၊ နိုင်ငံတကာသို့ ခရီးသွားလာနိုင်ရန် ဝန်ထမ်းများနှင့် မိသားစုဝင်များအား ထုတ်ပေးသော လက်မှတ် သို့မဟုတ် နိုင်ငံတစ်နိုင်ငံက ယင်း၏ နိုင်ငံသား မဟုတ်သူ များကို အခြားနိုင်ငံသို့ ခရီးသွားလာနိုင်ရေးအတွက် နိုင်ငံကူးလက်မှတ်အစား ထုတ်ပေးသော လက်မှတ်ကို ဆို သည်။
(ဍ) **နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ အသက် ၁၀ နှစ်မှ ၁၈ နှစ်ကြားရှိသည့် နိုင်ငံခြားသားကိုဖြစ်စေ၊ အသက် ၁၈နှစ်နှင့်အထက်ရှိသည့် နိုင်ငံခြားသားကို ဖြစ်စေ ဤဥပဒေ အရထုတ်ပေးသော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သို့မဟုတ် ကတ်ပြားကို ဆိုသည်။
(ဎ) **အခကြေးငွေ** ဆိုသည်မှာ ဤဥပဒေအလို့ငှာ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ထုတ်ပေးခြင်းအတွက်ဖြစ်စေ၊ နှစ်စဉ် လဲလှယ်ခြင်းအတွက် ဖြစ်စေ၊ သက်တမ်းပြန်လည် အတည်ပြု ပေးခြင်းအတွက် ဖြစ်စေ၊ ပျောက်ဆုံးပျက်စီးခြင်း သို့မဟုတ် ဟောင်းနွမ်းဆွေးမြည့်ခြင်းကြောင့် မိတ္တူထုတ်ပေးခြင်းအတွက် ဖြစ်စေ နိုင်ငံခြားသားက ပေးဆောင်ရန် သတ်မှတ်ထားသည့် အခကြေးငွေ ကို ဆိုသည်။
(ဏ) **မှတ်ပုံတင်လိပ်စာ**ဆိုသည်မှာ နိုင်ငံခြားသားက ဤဥပဒေ ပုဒ်မ ၃ အရ မှတ်ပုံတင်လျှောက်ထားရာတွင် ဖော်ပြထားသည့် မြန်မာနိုင်ငံအတွင်း၌ နေထိုင်သည့် နေရပ်လိပ်စာကို ဆို သည်။
(တ) **တည်းခိုအိမ်**ဆိုသည်မှာ အခကြေးငွေ ရယူ၍ဖြစ်စေ၊ အခ ကြေးငွေမယူဘဲဖြစ်စေ နိုင်ငံခြားသားကို တည်းခိုနေထိုင်ခွင့်ပြု သည့်အိမ်၊ ကစားခုန်စားအသင်း တို့ကို ဆိုသည်။ ယင်းစကား ရပ်တွင် ဟိုတယ်၊ မိုတယ်၊ အင်း၊ တည်းခိုခန်း၊ တည်းခိုရိပ်သာ၊ တည်းခိုသည့်နေရာ သို့မဟုတ် အဆောက်အအုံတို့လည်းပါဝင် သည်။
(ထ) **တည်းခိုအိမ်ပိုင်ရှင်**ဆိုသည်မှာ တည်းခိုအိမ်ကို ပိုင်ဆိုင်သူ သို့မဟုတ် ၎င်းက ခန့်အပ်ထားသူနှင့် ၎င်းစည်းကမ်းအရ တည်းခိုအိမ်၏ တာဝန်ဝတ္တရားများကို စီမံခန့်ခွဲ ဆောင်ရွက် သည့်သူကို ဆိုသည်။

**အခန်း(၂)**
**နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်**

၃။ နိုင်ငံတော်အတွင်း အမြဲနေထိုင်ခွင့်ရရှိထားသူ နိုင်ငံခြားသားမှ တစ်ပါး အောက်ပါ နိုင်ငံခြားသားသည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် အသက်အပိုင်းအခြား အလိုက် သတ်မှတ်ထားသော နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက် နှင့်အညီ လျှောက်ထားရယူ ကိုင်ဆောင်ရမည်-

(က) ပြည်တွင်းနေ အရည်အချင်းရှိသော နိုင်ငံခြားသား၊
(ခ) နိုင်ငံခြားသား မိဘနှစ်ပါးမှ မွေးဖွားသူ၊
(ဂ) မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၃ ပြဋ္ဌာန်းချက်ပါ မွေးဖွား သူများအနက် အသက် ၁၈ နှစ် ပြည့်ပြီးနောက် နိုင်ငံသားပြု ခွင့်ရရန် လျှောက်ထားခြင်း မပြုလိုသူ၊
(ဃ) နိုင်ငံအတွင်းသို့ ပြည်ဝင်ဗီဇာဖြင့် ဝင်ရောက်လာပြီးနောက် တစ်ဆက်တည်း ရက်ပေါင်း ၉၀ ထက် ကျော်လွန်နေထိုင်လိုသူ နိုင်ငံခြားသား။

၄။ အောက်ပါ ပုဂ္ဂိုလ်များသည် သက်ဆိုင်ရာ အရည်အချင်း ဆုံးရှုံး သည့်နေ့မှစ၍ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင် ဆောင်ရန် လိုအပ်သည်-

(က) နိုင်ငံသား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူအဖြစ်မှ ရုပ်စဲခံရသူ သို့မဟုတ် ရုပ်သိမ်းခံရသူ၊
(ခ) မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၄၃ ပြဋ္ဌာန်းချက်ပါ မွေးဖွားသူ များအနက် အသက် ၁၈ နှစ်ပြည့်ပြီးနောက် သတ်မှတ်ကာလ အတွင်း နိုင်ငံသားပြုခွင့်ရရန် လျှောက်ထားခြင်း မပြုသူ၊
(ဂ) ကောင်စစ်ဝန်ချုပ်၊ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန်အဖြစ်မှ ရုပ်စဲခံရသူနှင့် ထိုသူတို့၏ နိုင်ငံခြားသား ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီး၊
(ဃ) ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခံရသူ၊ ထုတ်ပယ်ခံရသူ၊ ရုပ်စဲ ခံရသူ၊ နုတ်ထွက်သူ၊ အငြိမ်းစားယူသူ နိုင်ငံသား၏ နိုင်ငံခြားသား ဇနီး၊ ခင်ပွန်း သို့မဟုတ် သားသမီး၊
(င) ပြည်ပြန်ဝင်ခွင့်ဗီဇာ သက်တမ်းကျော်လွန်ပြီးမှ ပြန်လည် ဝင်ရောက်သော ပြည်တွင်းနေ အရည်အချင်းဆုံးရှုံးသူ နိုင်ငံခြားသား၊
(စ) အမြဲနေထိုင်ခွင့် ရုပ်သိမ်းခြင်းခံရသူ နိုင်ငံခြားသား။

၅။ ပုဒ်မ ၄ အရ နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် လျှောက်ထားကိုင် ဆောင်ရန် လိုအပ်သူများသည် အရည်အချင်းဆုံးရှုံးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရယူ ကိုင်ဆောင်ရမည်။

၆။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူ နိုင်ငံခြားသား တစ်ဦးသည် တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အချုပ်ကျခံနေစဉ်သော် လည်းကောင်း၊ ပြစ်မှုထင်ရှား စီရင်ခြင်းခံရ၍ အကျဉ်းထောင်တစ်ခုခုတွင် ပြစ်ဒဏ်ကျခံနေစဉ်သော်လည်းကောင်း ၎င်း၏ နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ်ကို နှစ်စဉ်သက်တမ်းတိုး လဲလှယ်ခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၇။ ပုဒ်မ ၆ အရ နှစ်စဉ်သက်တမ်းတိုးလဲလှယ်ခြင်းမှ ကင်းလွတ်ခွင့် ရရှိသည့် နိုင်ငံခြားသားသည် သက်ဆိုင်ရာ အချုပ်မှသော်လည်းကောင်း၊ အကျဉ်းထောင်မှသော်လည်းကောင်း ဥပဒေအရ ပြန်လည် လွတ်မြောက် လာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင် အရာရှိထံတွင် သက်တမ်းတိုးလဲလှယ်ရန် သတ်မှတ်ချက်နှင့် အညီ လျှောက်ထားရမည်။

၈။ မှတ်ပုံတင်အရာရှိသည် နိုင်ငံခြားသားက ပုဒ်မ ၃၊ ပုဒ်မ ၅ နှင့် ပုဒ်မ ၇ တို့နှင့်အညီ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် လျှောက်ထား ချက်ကို ရရှိလျှင် လိုအပ်သော အခကြေးငွေကို ပေးသွင်းစေပြီး သတ်မှတ် ချက်နှင့်အညီ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ထုတ်ပေးရမည်။

၉။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်သည် နှစ်စဉ် နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သက်တမ်းကုန်ဆုံးသဖြင့် နိုင်ငံခြားသားမှတ်ပုံတင် လက်မှတ် ကိုင်ဆောင်သူသည် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် သက်တမ်း ကုန်ဆုံးသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင် အရာရှိထံတွင် သက်တမ်းတိုး လဲလှယ်ရန်သတ်မှတ်ချက်နှင့် အညီ လျှောက်ထားရမည်။

၁၀။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည်-

(က) ပြည်ပသို့ထွက်ခွာလျှင် နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ် ကို သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ပြန်လည်အပ်နှံရမည်။
(ခ) ပုဒ်မခွဲ (က) အရ အပ်နှံထားသော မှတ်ပုံတင်လက်မှတ်ကို ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်သည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ သက်တမ်း အတည်ပြုပေးရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထား နိုင်သည်။

၁၁။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည် နိုင်ငံခြား သား မှတ်ပုံတင်လက်မှတ် ပျောက်ဆုံးခြင်းအတွက်ဖြစ်စေ၊ ပျက်စီးခြင်း သို့မဟုတ် ဟောင်းနွမ်းခြင်း သို့မဟုတ် ဆွေးမြည့်ခြင်းအတွက်ဖြစ်စေ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံတွင် မိတ္တူထုတ်ယူခွင့်ပြုရန် သတ်မှတ် ချက်များနှင့်အညီ လျှောက်ထားရမည်။

**အခန်း(၃)**
**ယာယီခရီးသွားလာခြင်းနှင့် ပြောင်းရွှေ့နေထိုင်ခြင်း**

၁၂။ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် ကိုင်ဆောင်သူသည်-

(က) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ပါ နေရပ်လိပ်စာမှ နိုင်ငံတော်အတွင်း အခြားနေရာတစ်ခုသို့ ၂၄ နာရီထက် ကျော်လွန်၍ ယာယီခရီးသွားလာလိုလျှင် ခရီးသွားလာခွင့် ရရှိရန် မိမိနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိထံ သတ်မှတ် ချက်နှင့်အညီ လျှောက်ထားပြီး မှတ်ပုံတင်အရာရှိ၏ ခွင့်ပြုချက် ရရှိမှသာ ခရီးသွားလာရမည်။
(ခ) နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်ပါ နေရပ်လိပ်စာမှ နိုင်ငံတော် အတွင်း အခြားနေရာတစ်ခုသို့ ပြောင်းရွှေ့နေထိုင်လိုပါက ဦးစီးဌာန၏ ခွင့်ပြုချက်ဖြင့် ပြောင်းရွှေ့နေထိုင်ရမည်။
(ဂ) မလွန်ဆန်နိုင်သော ဖြစ်ရပ်တစ်ခုခုကြောင့် နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ပါ နေရပ်လိပ်စာမှ နိုင်ငံတော်အတွင်း အခြားနေရာတစ်ခုခုသို့ ရုတ်တရက် ပြောင်းရွှေ့သွားရလျှင် ရောက်ရှိချိန်မှ ၂၄ နာရီအတွင်း ပြောင်းရွှေ့ရောက်ရှိသည့် နေရပ်ရှိ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ကိုယ်တိုင် သတင်းပို့၍ သတ်မှတ်ပုံစံတွင် ဖြည့်စွက်တင်ပြရမည်။

၁၃။ နိုင်ငံခြားသားတစ်ဦးသည်-

(က) နိုင်ငံတော်အတွင်း ခရီးသွားလာခွင့်နှင့် ပြောင်းရွှေ့နေထိုင် ခွင့်ပြုသည့်နေရာသို့ ရောက်ရှိသည့်အခါ သက်ဆိုင်ရာ မှတ်ပုံတင်အရာရှိထံ ၂၄ နာရီအတွင်း လူကိုယ်တိုင် သတင်းပို့၍ သတ်မှတ်ပုံစံတွင် ဖြည့်စွက်တင်ပြရမည်။
(ခ) ပြည်တွင်းနေ အရည်အချင်းရှိသော နိုင်ငံခြားသားဖြစ်ပါက ပြည်ပသို့ ခရီးသွားလာလိုလျှင် ခရီးသွားလာခွင့်ရရှိရန် မိမိနေထိုင်ရာဒေသရှိ မှတ်ပုံတင်အရာရှိမှတစ်ဆင့် ဦးစီး ဌာနသို့ လျှောက်ထားပြီး ဦးစီးဌာန၏ ခွင့်ပြုချက်ရရှိမှသာ ပြည်ပသို့ ခရီးသွားလာရမည်။
(ဂ) အမြဲနေထိုင်ခွင့်ရရှိသူ နိုင်ငံခြားသားဖြစ်ပါက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁၄။ နိုင်ငံခြားသားသည် နိုင်ငံတော်အတွင်း ခရီးသွားလာခြင်းနှင့် အလုပ်လုပ်ကိုင်ခြင်းနှင့် နေထိုင်ခြင်းပြုရာတွင် ခရီးသွားလက်မှတ်နှင့် သတ်မှတ်သော အခြားခွင့်ပြုချက်များကို ရယူကိုင်ဆောင်ထားပြီး တာဝန်ရှိသူက စစ်ဆေးသည့်အခါ တင်ပြရမည်။

၁၅။ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ မှတ်ပုံတင်လိပ်စာမှ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်သော နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ်ကိုင်ဆောင် သူသည် ပုဒ်မ ၂၅ အရ အရေးယူအပြစ်ပေးမှုကို ခံယူပြီးလျှင် တရားဝင် လိပ်စာပြောင်း ဖြစ်စေရေးအတွက် ပြောင်းရွှေ့နေထိုင်လျက်ရှိသည့် မြို့နယ်မှ မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။

**ဆက်လက်ဖော်ပြပါမည်။**

ပရီမီယာလိဂ်ရင်ခုန်သံ - ၁၄

# အနိုင်အရှုံးအဖြေပေါ်ဖို့ခက်တဲ့ မန်စီးတီးနဲ့ချယ်လ်ဆီးဆုံတွေ့မှု

ပရီးမီးယားလိဂ်ပွဲစဉ်-၁၄ ကိုလာမယ့် ဒီဇင်ဘာလ ၃၊ ၄၊ ၆ ရက် နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါပွဲစဉ်မှာတော့ မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ဆုံတွေ့တဲ့ ပွဲပါဝင်နေတာကြောင့်စိတ်ဝင်စားစရာကောင်းနေသလို စပါး၊ လက်စတာတို့နိုင်ပွဲယူနိုင်မလားဆိုတာကို ပါစောင့်ကြည့်ရမယ်။



**ရှိုင်းမင်းမင်း**

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ကော်စတာ(ချယ်လ်ဆီး) | - ၁၀ ဂိုး |
| အဂူရို(မန်စီးတီး) | - ၁၀ ဂိုး |
| ဆန်းချက်ဇ်(အာဆင်နယ်) | - ၈ ဂိုး |
| ဟာဇက်(ချယ်လ်ဆီး) | - ၇ ဂိုး |
| ဒီဖိုး(ဆန်းဒါးလန်း) | - ၇ ဂိုး |
| လူကာကူ(အဲဗာတန်) | - ၇ ဂိုး |

ပရီမီယာလိဂ်အသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ချယ်လ်ဆီး | ၁၃ | ၁၀ | ၁ | ၂ | ၂၉ | ၁၀ | ၁၉ | ၃၁ |
| ၂ | လီဗာပူး | ၁၃ | ၉ | ၃ | ၁ | ၃၂ | ၁၄ | ၁၈ | ၃၀ |
| ၃ | မန်စီးတီး | ၁၃ | ၉ | ၃ | ၁ | ၂၉ | ၁၂ | ၁၇ | ၃၀ |
| ၄ | အာဆင်နယ် | ၁၃ | ၈ | ၄ | ၁ | ၂၈ | ၁၃ | ၁၅ | ၂၈ |
| ၅ | စပါး | ၁၃ | ၆ | ၆ | ၁ | ၁၉ | ၁၀ | ၉ | ၂၄ |
| ၆ | မန်ယူ | ၁၃ | ၅ | ၅ | ၃ | ၁၈ | ၁၅ | ၃ | ၂၀ |
| ၇ | အဲဗာတန် | ၁၃ | ၅ | ၄ | ၄ | ၁၆ | ၁၅ | ၁ | ၁၉ |
| ၈ | ဝက်ဖို့ဒ် | ၁၃ | ၅ | ၃ | ၅ | ၁၇ | ၂၁ | -၄ | ၁၈ |
| ၉ | ဝက်စ်ဘရွန်း | ၁၃ | ၄ | ၅ | ၄ | ၁၇ | ၁၆ | ၁ | ၁၇ |
| ၁၀ | ဆောက်သမ်တန် | ၁၃ | ၄ | ၅ | ၄ | ၁၃ | ၁၂ | ၁ | ၁၇ |
| ၁၁ | စတုတ် | ၁၃ | ၄ | ၄ | ၅ | ၁၄ | ၁၉ | -၅ | ၁၆ |
| ၁၂ | ဘုန်းမောက် | ၁၃ | ၄ | ၃ | ၆ | ၁၅ | ၁၉ | -၄ | ၁၅ |
| ၁၃ | ဘန်လေ | ၁၃ | ၄ | ၂ | ၇ | ၁၂ | ၂၁ | -၉ | ၁၄ |
| ၁၄ | လက်စတာ | ၁၃ | ၃ | ၄ | ၆ | ၁၆ | ၂၂ | -၆ | ၁၃ |
| ၁၅ | မစ်ဒယ်ဘရော့ | ၁၃ | ၂ | ၆ | ၅ | ၁၂ | ၁၅ | -၃ | ၁၂ |
| ၁၆ | ဝက်စ်ဟမ်း | ၁၃ | ၃ | ၃ | ၇ | ၁၄ | ၂၄ | -၁၀ | ၁၂ |
| ၁၇ | ခရစ္စတယ်ပဲလေ့စ် | ၁၃ | ၃ | ၂ | ၈ | ၂၁ | ၂၆ | -၅ | ၁၁ |
| ၁၈ | ဟားလ်စီးတီး | ၁၃ | ၃ | ၂ | ၈ | ၁၁ | ၂၈ | -၁၇ | ၁၁ |
| ၁၉ | ဆွမ်းဆီး | ၁၃ | ၂ | ၃ | ၈ | ၁၆ | ၂၆ | -၁၀ | ၉ |
| ၂၀ | ဆန်းဒါးလန်း | ၁၃ | ၂ | ၂ | ၉ | ၁၂ | ၂၃ | -၁၁ | ၈ |

## မန်စီးတီး - ချယ်လ်ဆီး

ည ၇း၀၀ (၃-၁၂-၁၆)

ပွဲကောင်းတစ်ပွဲပါ။ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ဖို့အရေးပါတဲ့ ပွဲလည်းဖြစ်တာကြောင့် ခြေကုန်ထုတ်ကစားလာကြမှာသေချာနေပါတယ်။ မန်စီးတီးကလည်း ဒီပွဲအပြီးမှာကစားရမယ့်ချန်ပီယံလိဂ် ကအရေးမပါတော့တာကြောင့် ဒီပွဲကိုသာအားစိုက်လာမှာသေချာနေပါတယ်။ ချယ်လ်ဆီးကလည်းလက်ရှိအချိန်မှာခြေစွမ်းပိုင်းကောင်း မွန်နေပါတယ်။ ဒါကြောင့်လည်း အကြိတ်အနယ်ရှိနိုင်ကာ သရေကျသွားဖို့များပါတယ်။

## စတုတ် - ဘန်လေ

ည ၉း၃၀ (၃-၁၂-၁၆)

စတုတ်က အိမ်ကွင်းမှာကစားရမှာဖြစ်တာကြောင့်နိုင်ပွဲရယူနိုင် ဖို့အားစိုက်လာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာစတုတ်ရဲ့ ခြေကသာမန်သာရှိပေမယ့်လည်း ဘန်လေကလည်း အဝေးကွင်းပွဲတွေမှာ ခြေကကျဆင်းတတ်ပါတယ်။ တိုက်စစ်ကအစအဝေးကွင်းနောက်ဆုံးငါးပွဲမှာ တစ်ဂိုးသာ သွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာစတုတ်တို့ နိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

## စပါး - ဆွမ်ဆီး

ည ၉း၃၀ (၃-၁၂-၁၆)

စပါးတို့နိုင်ပွဲပြန်ရဖို့အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ စပါးအနေနဲ့ ယူရိုပါလိဂ်ဝင်ခွင့်ရရှိရေးအရေးပါတဲ့ ချန်ပီယံလိဂ်ပွဲကစားရဖို့ရှိနေပေမယ့်လည်း ဆွမ်ဆီးခြေ ကလည်းအားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် ဆွမ်ဆီးရဲ့ ခံစစ်ပိုင်းက အားနည်းမှုတွေများလွန်းတာကြောင့် ဒီပွဲစဉ်မှာ စပါးကသာ ဖိအားပေးလာမှာဖြစ်ပြီးနိုင်ပွဲလည်းရနိုင်ပါတယ်။

## ဝက်စ်ဟမ်း - အာဆင်နယ်

နံနက် ၀၀း၀၀ (၃-၁၂-၁၆)

ချန်ပီယံလိဂ်မှာအုပ်စုပထမရဖို့အတွက် အားစိုက်ရဦးမှာဖြစ်တာကြောင့် အာဆင်နယ်တို့ဒီပွဲစဉ်မှာခြေကုန်ထုတ်နိုင်ဖို့ခက်ခဲလာ နိုင်ပါတယ်။ ဒါ့အပြင်အာဆင်နယ်အနေနဲ့ ကြားရက်မှာလိဂ်ဖလားလည်းကစားခဲ့ရမှာ ဖြစ်တာကြောင့် ပွဲပန်းမှုတွေလည်းရှိလာနိုင်ပါတယ်။ ဝက်စ်ဟမ်းကတော့ လိဂ်ဖလားကစားရမှာဖြစ်ပေမယ့်အိမ် ကွင်းဖြစ်သလိုကြားရက်မှာ ပွဲလည်းထပ်ကစားရဖို့မရှိပါဘူး။ ဒါကြောင့်လည်း အာဆင်နယ်တို့ရှုန်းကန်ရနိုင်ကာ ဝက်စ်ဟမ်းရဲ့ တုံ့ပြန်အားကြောင့် ကပ်ပြီးသာနိုင်မယ်။

## အဲဗာတန် - မန်ယူ

ည ၁၀း၃၀ (၄-၁၂-၁၆)

မန်ယူအနေနဲ့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း ပြန်လည်ကောင်းမွန်လာနေတယ်လို့တော့ ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်းကြားရက်မှာ ကစားခဲ့ရမယ့် လိဂ်ဖလားပွဲကြောင့် ပွဲပန်းလာနိုင်သလို ယူရိုပါလိဂ်လည်း ကစားရဖို့ရှိနေတာကြောင့် ဒီပွဲမှာခြေကုန်ထုတ်နိုင်ဖို့ခက်နိုင်ပါတယ်။ ဒါ့အပြင်အဲဗာတန်ကလည်း အိမ်ကွင်းအားနဲ့ ထိန်းချုပ်ကစားမှာဖြစ်တာကြောင့် မန်ယူတို့အခက်တွေ့နိုင်ကာ အနိုင်ရမယ်ဆိုရင်တောင်မှ ဂိုးပြတ်ဖို့ခက်တယ်။

## ခရစ္စတယ်ပဲလေ့စ် - ဆောက်သမ်တန်

ည ၉း၃၀ (၃-၁၂-၁၆)

ဆောက်သမ်တန်က ကြားရက်မှာလိဂ်ဖလားကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဒါ့အပြင် ဒီပွဲအပြီးမှာလည်းယူရိုပါလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ပဲလေ့စ်ကတော့ လက်ရှိ အချိန်မှာနိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေတာ ကြောင့်နိုင်ပွဲရယူနိုင်ဖို့ အိမ်ကွင်းမှာ အားစိုက်လာမှာသေချာနေပါ တယ်။ လက်ရှိအချိန်မှာ ပဲလေ့စ်ရဲ့ ခြေစွမ်းပိုင်းကအားနည်းမှုတွေရှိနေပေမယ့်လည်း အိမ်ကွင်းအားလည်းရှိတာကြောင့် ပဲလေ့စ်တို့ သရေလောက်တော့ကစားနိုင်ဖို့ရှိပါတယ်။

## ဆန်းဒါးလန်း - လက်စတာ

ည ၉း၃၀ (၃-၁၂-၁၆)

လက်ရှိအချိန်မှာဆန်းဒါးလန်းရဲ့ခြေစွမ်းပိုင်းက အားနည်းမှုတွေ ရှိနေပြီးတည်ငြိမ်မရှိပါဘူး။ ခံစစ်ပိုင်းက တိုက်စစ်ကစားပုံကောင်းမွန်တဲ့ အသင်းတွေနဲ့ ရင်ဆိုင်ရချိန်မှာ ရေရှည်ထိန်းချုပ်နိုင်ခြင်းမရှိတာ တွေ့ရပါတယ်။ လက်စတာကတော့ ချန်ပီယံလိဂ်ပွဲကအရေးမပါတော့ တာကြောင့် ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ တိုက်စစ်ဖွင့်ကစားလာမှာသေချာ နေပါတယ်။ ဒါကြောင့်လည်း ဆန်းဒါးလန်းတို့အိမ်ကွင်းဖြစ်ပေမယ့် လက်စတာကသာကပ်နိုင်ဖို့ရှိနေပါတယ်။

## ဝက်စ်ဘရွန်း - ဝက်ဖို့ဒ်

ည ၉း၃၀ (၃-၁၂-၁၆)

ဝက်ဖို့ဒ်ကခြေစွမ်းပိုင်းအရကောင်းမွန်မှုရှိတာမှန်ပါတယ်။ ဒါပေမယ့်လည်းအဝေးကွင်းပွဲတွေမှာတော့ခြေစွမ်းပိုင်းကကျဆင်းတတ်ပါတယ်။ ဝက်စ်ဘရွန်းကတော့လက်ရှိအချိန်မှာခြေစွမ်းပိုင်းကောင်းမွန် နေသလိုနောက်ဆုံးကစားခဲ့တဲ့ သုံးပွဲဆက်တိုက်ရှုံးပွဲကြုံတွေ့ခဲ့ခြင်း မရှိတာကိုတွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာဝက်ဖို့ဒ်တို့ ရှုန်းကန်ရနိုင်ခြေရှိနေပါတယ်။ နိုင်ပွဲပြန်လည်ရှာဖွေမယ့် ဝက်စ်ဘရွန်းကသာ နိုင်ပွဲပြန်လည်ရသွားနိုင်ပါတယ်။

## ဘုန်းမောက် - လီဗာပူး

ည ၇း၀၀ (၄-၁၂-၁၆)

မန်စီးတီးနဲ့ ချယ်လ်ဆီးတို့ဆုံတွေ့နေတာကြောင့် အဆိုပါဆုံတွေ့မှုကိုအခွင့်ကောင်းယူနိုင်ဖို့ လီဗာပူးတို့ဒီပွဲမှာနိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာသေချာနေပါတယ်။ ဘုန်းမောက်ကလက်ရှိအချိန်မှာ ခြေစွမ်းပိုင်းမဆိုးသလို အိမ်ကွင်းခံကစားအားလည်း ကောင်းပေမယ့် လီဗာပူးကိုတော့ရေရှည်ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ လီဗာပူးကသာအဝေးကွင်းမှာနိုင်ပွဲရသွားနိုင်ပါတယ်။

## မစ်ဒယ်ဘရော့ - ဟားလ်စီးတီး

နံနက် ၂း၃၀ (၆-၁၂-၁၆)

လက်စတာကိုသရေကစားနိုင်ခဲ့တဲ့ပွဲမှာ မစ်ဒယ်ဘရော့ရဲ့ခြေစွမ်း ပိုင်းကကောင်းမွန်မှုရှိခဲ့ပါတယ်။ အထူးသဖြင့်တိုက်စစ်ပိုင်းကဂိုးသွင်း ခြေထင်သလောက်မတည်ငြိမ်ပေမယ့် ခံစစ်ပိုင်းနဲ့အသင်းလိုက်ကစားပုံကောင်းမွန်မှု ရှိပါတယ်။ ဟားလ်ကတော့အိမ်ကွင်းမှာတောင် ဝက်စ်ဘရွမ်းကိုအနိုင်မရခဲ့တဲ့အထိ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပါ တယ်။ မစ်ဒယ်ဘရော့ရဲ့ ကွင်းလည်းဖြစ်နေတာကြောင့် မစ်ဒယ်ဘရော့ကသာနိုင်ပွဲရသွားနိုင်ပါတယ်။

# ဂွန်တယ်ရီအား အပြောင်းအရွှေ့ဈေးကွက်နှစ်ခုအတွင်း အသင်းမှ ထွက်ခွာခွင့်ပြုမည်

ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီသည် အသင်းခေါင်းဆောင် ဂွန်တယ်ရီအား လာမည့်အပြောင်းအရွှေ့ဈေးကွက်နှစ်ခုအတွင်းအသင်းမှ ထွက်ခွာခွင့်ပြုရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

ချယ်လ်ဆီးအသင်း၏ နောက်တန်းခံစစ်ပိုင်းသည် တောင့်တင်းသည့်အနေအထားတစ်ရပ်တွင်ရှိနေခြင်းကြောင့် နောက်ဆုံးကစားခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ် ခုနစ်ပွဲတွင် သွင်းဂိုးတစ်ဂိုးသာခွင့်ပြုပေးခဲ့ရခြင်းနှင့်အတူ ပရီမီယာလိဂ်အမှတ်ပေးဇယားကိုလည်း ထိပ်ဆုံးမှ ဦးဆောင်ထားနိုင်ခဲ့သည့်အသင်းဖြစ်သည်။

ထို့သို့ ရလဒ်ပိုင်း ကောင်းမွန်နေသော်လည်း ချယ်လ်ဆီးအသင်းနည်းပြ ကွန်တီကမူ လာမည့် ဇန်နဝါရီ အပြောင်းအရွှေ့ကာလနှင့် နွေရာသီအပြောင်းအရွှေ့ကာလတို့တွင် နောက်တန်းကစားသမားများထပ်မံခေါ်ယူရန် ဆန္ဒရှိနေပြီး ဂျူဗင်တပ်နောက်တန်းကစားသမား ဘိုနျူစီနှင့် ရိုးမားနောက်တန်းကစားသမား အန်တိုနီယိုရူဒီဂျာတို့ကို ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။

ထို့ကြောင့် ချယ်လ်ဆီးအသင်းခေါင်းဆောင် ဂွန်တယ်ရီသည် ဘောလုံးရာသီအကုန်တွင် ၎င်း၏ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပါက အလွတ်ပြောင်းရွှေ့ကြေးဖြင့်ပြောင်းရွှေ့ကစားခွင့်ရရှိမည့်ကစားသမားလည်းဖြစ်လာမည်ဖြစ်သည်။ အသင်းခေါင်းဆောင် ဂွန်တယ်ရီသည် ကစားသမားဘဝဖြင့် ချယ်လ်ဆီးအသင်းတွင် ၂၀ နှစ်ကြာ ပါဝင်ကစားခဲ့ရာတွင် ပွဲပေါင်း ၇၀၀ ကျော်အထိ ပါဝင်ကစားပေးနိုင်ခဲ့သည်။

ငွေကြယ်

■

# အင်္ဂလန်နိုင်ငံနှင့် မြန်မာနိုင်ငံမှ မသန်စွမ်းအနုပညာရှင် ၁၀၀ ကျော်ပူးပေါင်းတင်ဆက်မည့် မသန်စွမ်းအနုပညာပွဲတော် ဒီဇင်ဘာ ၈ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂**

အင်္ဂလန်နိုင်ငံ မသန်စွမ်းဝိုးခဲ့အက အဖွဲ့များနှင့် မြန်မာနိုင်ငံ မသန်စွမ်း အနုပညာရှင် ၁၀၀ ကျော် ပူးပေါင်း ဖျော်ဖြေတင်ဆက်မည့် မသန်စွမ်း အနုပညာပွဲတော်ကို ဒီဇင်ဘာ ၈ ရက် တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါမသန်စွမ်း အနုပညာပွဲတော် ကို ကျင်းပရခြင်းမှာ မသန်စွမ်းသူများ အနေဖြင့် သာမန်လူများကဲ့သို့ အနု ပညာနယ်ပယ်တွင်လည်း မည်မျှ စွမ်းဆောင်နိုင်သည်ကို ပြည်သူလူထု အကြား ထိုးဖောက်နိုင်စေရန် ရည်ရွယ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

"မသန်စွမ်းသူတွေအနေနဲ့ ဝိုးခဲ့နဲ့ ဘယ်လိုကမလဲ၊ နားမကြားဘဲနဲ့ ဝမ်းနည်းစရာကောင်းတဲ့ သီချင်း တွေကို ဘယ်လိုဝမ်းနည်းစရာကောင်း အောင်ကပြမလဲ၊ တေးသရုပ်ဖော်မှုတွေ ဘယ်လိုလုပ်မလဲဆိုတဲ့ ကိစ္စရပ်တွေ ကို ပြည်သူလူထု အံ့အားသင့်စွာ တွေ့မြင်ခံစားရမှာပါ။ ပြည်သူလူထု က မသန်စွမ်းတဲ့သူတွေရဲ့ စွမ်းဆောင် နိုင်မှုအပေါ် ဒီပွဲတော်မှာ မျက်ဝါး ထင်ထင် တွေ့ခွင့်ရမယ်။ နောက်ပြီး တော့ နိုင်ငံတော်က တာဝန်ရှိပုဂ္ဂိုလ် တွေကိုလည်း မသန်စွမ်းတဲ့သူတွေ ဟာ အနုပညာနယ်ပယ်တွင်မကဘဲ အခြားကိစ္စရပ်တွေမှာပါ စွမ်းဆောင် နိုင်တယ်ဆိုတာကို သွယ်ဝိုက်ပြီး တော့ မီးမောင်းထိုးပြသွားမှာပါ။ အဆိုပါပွဲတော်မှာ မသန်စွမ်းသူတွေ အနေနဲ့ အနုပညာနဲ့ ကျွန်တော်တို့ရဲ့ အခွင့်အရေးကိစ္စတွေကို ဘယ်လို ထိုးဖောက်မလဲဆိုတဲ့ ကိစ္စရပ်တွေ ကို တင်ပြသွားမှာ ဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၏ စီအီးအို ဦးနေလင်းစိုးက ပြောသည်။

မသန်စွမ်းအနုပညာပွဲတော် ဖြစ် မြောက်ရေးအတွက် ဗြိတိသျှ ကောင်စီနှင့် စီးပွားရေးကုမ္ပဏီအဖွဲ့ အစည်းများ၊ အေးရှားဝေါလ်၊ FM ပုဂံ စသည့်အဖွဲ့အစည်းများ ပူးပေါင်း ဆောင်ရွက်မည်ဖြစ်ပြီး တေးသံရှင် ဇော်ဝင်းထွဋ်ကလည်း ပွဲတော်သံတမန် အဖြစ် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း သိရသည်။

အဆိုပါ မသန်စွမ်းအနုပညာ ပွဲတော်ကို လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက တက်ရောက် ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် မသန်စွမ်း အနုပညာပွဲတော် အကြိုလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကိုလည်း ဒီဇင်ဘာ ၁ ရက်တွင် ကျင်းပခဲ့ ကြောင်း သိရသည်။

**(ကိုမင်း၊ နိုင်လင်းကြည်)**




# မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၂**

မြေငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ပြည်သူများက SMS ဖြင့် ပေးပို့လှူဒါန်းသော အလှူငွေများ ပေးအပ်လှူဒါန်း သည့် အခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်သက်က ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံ ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးဆောင်၍ ပြည်သူ များက SMS ဖြင့် ပေးပို့လှူဒါန်းသော အလှူငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကောက်ခံရရှိသည့် အလှူငွေ များအနက်မှ ငွေကျပ် ၁၂၂၁၃၆၅၀၀ ကို ပေးအပ်လှူဒါန်းရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ပုဂံ ယဉ်ကျေးမှုအမွေအနှစ်ဒေသကို UNESCO နှင့်ပူးပေါင်း၍ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်ဖြစ်ရေး ဆောင် ရွက်နေစဉ် ငလျင်ဒဏ်ကြောင့် ဘုရား၊ စေတီ၊ ပုထိုးများနှင့် သာသနိကအဆောက်အအုံများပျက်စီးခဲ့ရကြောင်း၊ ပုဂံ ဒေသသည် ယဉ်ကျေးမှုအမွေအနှစ်များ တစုတစည်းတည်း တည်ရှိနေသည့်ဒေသတစ်ခုလည်းဖြစ်ပါကြောင်း၊ အလှူငွေ များကို ပြန်လည်ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် စနစ်တကျအကျိုးရှိစွာ အသုံးပြုသွားမည်ဖြစ်ကြောင်း ကျေးဇူးတင်စကားပြောကြားသည်။

ပုဂံရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းစေတီ၊ ပုထိုး၊ သာသနိကအဆောက်အအုံများ ပြုပြင်မွမ်းမံရန်အတွက် အလှူငွေကျပ် ၄၆၉၈၀၁၃၃၈၅ ကောက်ခံရရှိခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# အင်းစိန်မြို့(၁၁၄)နှစ်မြောက် အထိမ်းအမှတ် ပထမအကြိမ် မော်ကွန်းပြပွဲ တတိယအကြိမ်စည်းဝေး

**ရန်ကုန် ဒီဇင်ဘာ ၂**

အင်းစိန်မြို့(၁၁၄)နှစ် အထိမ်းအမှတ်အခမ်းအနားနှင့် ပထမအကြိမ် မော်ကွန်းပြပွဲ တတိယအကြိမ် ညှိနှိုင်း အစည်းအဝေးကို နိုဝင်ဘာ ၂၆ ရက် မွန်းလွဲ ၁ နာရီက မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ လူမှုအခြေပြုဗဟိုဌာန အင်းစိန်၌ ပြုလုပ်ရာ အခမ်းအနားမှူးအဖြစ် ပြန်/ဆက် ဦးစီးမှူး ဖြစ်မြောက် ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ခင်နှင်းကြည်က ဆောင်ရွက်သည်။

အစည်းအဝေးတွင် အင်းစိန်မြို့(၁၁၄)နှစ် အထိမ်းအမှတ် ပထမအကြိမ် မော်ကွန်းပြပွဲ ကျင်းပရေး အတွက် ဖြစ်မြောက်ရေးကော်မတီဒု-ဥက္ကဋ္ဌ မြို့နယ် သတင်းစာဆရာအသင်းဥက္ကဋ္ဌ ဒေါက်တာ ဗိုလ်သံမဏိ (တောင်တွင်းကြီး)က အင်းစိန်မြို့ မျူနီစီပယ်နယ်နိမိတ် တွင် ပါဝင်သော အင်းစိန်မြို့ ဖြစ်သည်ဟု ၁၈၉၈ ခုနှစ် မြန်မာနိုင်ငံ မျူနီစီပယ် ဘိုင်လော ဥပဒေအရ သတ်မှတ် ခဲ့ပြီး ၁၉၀၃ ခုနှစ် မေ ၆ ရက် နေ့စွဲပါ အမိန့်ကြော်ငြာ စာအမှတ် (၅၇)ဖြင့် ပဲခူးဝန်ရှင်တော်မင်းကြီးရုံးမှ ထုတ်ပြန် ကြေညာခဲ့၍ ထိုနေ့ ၆. ၅. ၁၉၀၃ မှစပြီး အင်းစိန်မြို့ဟူ၍ ပေါ်ပေါက်လာခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အင်းစိန်မြို့ (၁၁၄) နှစ်ထဲ ရောက်ရှိလာတော့မှာဖြစ်သည်ဟု အင်းစိန်မြို့ (၁၁၄)နှစ် အထိမ်းအမှတ်နှင့် ပထမအကြိမ် မော်ကွန်းပြပွဲ ကို သမိုင်းပေးတာဝန်အဖြစ် ဖြစ်မြောက်ရေးကော်မတီများ၊ မြို့ခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားခဲ့သည်။

ပြန်/ဆက် ဦးစီးမှူး ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဒေါ်ခင်နှင်းကြည်က အင်းစိန်မြို့ (၁၁၄) နှစ်အထိမ်းအမှတ် ပထမအကြိမ် မော်ကွန်းပြပွဲကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၀ ရက်မှ ၁၂ ရက် အထိ သုံးရက်တိုင်တိုင် နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအထိ ကျင်းပသွားမည် ဖြစ်ရာ နေ့ပိုင်းတွင် ကဗျာ၊ အရေး/အဖတ်၊ ပုံပြော၊ ကာတွန်း၊ ပုံဆွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် ဆောင်းပါး ပြိုင်ပွဲများကို ပြုလုပ်၍ ညပိုင်းတွင် စာပေဟောပြောပွဲကို တစ်ညလျှင် စာရေးဆရာသုံးဦးတို့က ဗဟုသုတဖြစ်ဖွယ် တိုင်းကျိုးပြည်ပြု စာပေရေးရာများ ဟောပြောသွား မည်ဖြစ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် အင်းစိန်မြို့ (၁၁၄)နှစ် အထိမ်းအမှတ် မော်ကွန်းပြပွဲဖြစ်မြောက်ရေးအတွက် အစည်းအဝေး တက်ရောက်လာသူများ စုပေါင်း၍ မတည်ငွေကျပ် ၁၅ သိန်းကို လှူဒါန်းခဲ့ကြပြီး စေတနာရှင် အလှူရှင်များမှ လှူဒါန်းလိုပါက ပြန်/ဆက် ဦးစီးမှူး၊ ဖြစ်မြောက်ရေး ကော်မတီအတွင်းရေးမှူး ဖုန်း ၀၁-၆၄၀၄၈၅၊ ၀၉-၂၆၁၃၉၂၃၄၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၆၈၄)**

# နိုင်ငံတော်အစိုးရ၏မူဝါဒများ ရှင်းလင်း၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**မင်းတပ် ဒီဇင်ဘာ ၂**

ချင်းပြည်နယ် မင်းတပ်မြို့နယ် အမှတ် (၂)ပြည်နယ်လွှတ်တော် ကိုယ်စား လှယ် ဦးတိတ်ထန်းသည် နိုဝင်ဘာ တတိယအပတ်က မင်းတပ်မြို့နယ် ဝေးလောင်းရွာနှင့် ဘွေရှိရွာတို့တွင် ဒေသခံ ပြည်သူများနှင့်တွေ့ဆုံကာ ကျေးရွာချင်းဆက်လမ်းများ ကောင်း မွန်ရေး၊ စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး၊ ပညာရေးဝန်ထမ်းများ လုံလောက်စွာရရှိရေး၊ ကျေးရွာ မီးလင်းရေး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက် ပေးခဲ့သည်။ အလားတူ မင်းတပ်မြို့နယ် ကြုတ်ရွာပြည်သူများနှင့်တွေ့ဆုံကာ နိုင်ငံတော်အစိုးရ၏ မူဝါဒ(၄)ရပ်ကို ရှင်းလင်းဆွေးနွေးခြင်း၊ ကျေးရွာ ပြည်သူများ၏ လိုအင်ဆန္ဒများ ဖြည့်ဆည်းပေးခြင်းတို့ကို ဆောင်ရွက် ပေးခဲ့သည်။

တွေ့ဆုံပွဲတွင် ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မင်းတပ်ခရိုင်ဦးစီးမှူးက နိုင်ငံတော် အစိုးရ၏ မူဝါဒများ၊ လူထုအသိပညာ တိုးပွားရေး လိုအပ်ချက်များကို ဆွေးနွေးခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၂၂ ရက်မှ ၂၈ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | မသောက် | ဒရယ်(ကဗျာ) | ၁၅၀၀ိ/-ဝါးလည်စာပေ |
| ၂ | ဒေါက်တာမောင်မောင်အေး | အလှမွေးငါး(ကျားငါး)သားဖောက်မွေးမြူနည်းအခြေခံ | ၁၈၀၀ိ/-ဝါးလည်စာပေ |
| ၃ | ကျော်သူ၊ခင်မောင်အေး၊စိုးဦး | သမ္မာအာဇီဝ စာစဉ်(၁) နိုင်ငံ့ဝန်ထမ်းပြည့်သူဝန်ထမ်း | ၄၀၀၀ိ/-Digest Media Bank |
| ၄ | ဒေါ်ခင်ဆုဝေ | အခြေခံစကားလုံး ၁၆၀၀ | ၄၀၀၀ိ/-GNDBookPublishing |
| ၅ | ဒေါ်ခင်ဆုဝေ | အိတ်ဆောင် ကိုရီးယားစကားပြောစာအုပ် | ၃၀၀၀ိ/-GNDBookPublishing |
| ၆ | ထက်ကျော် | ပညာအားကိုဖိသုံးခြင်း | ၃၀၀၀ိ/-HUB MYANMAR |
| ၇ | ကလောင်စုံ | အောင်မြင်သူတို့၏ လေ့ကျင့်ထစ်များ | ၂၅၀၀ိ/-JOB seekers စာပေ |
| ၈ | ဦးကျော်စွာ | FM BAGAN မှအသံလွှင့်ခဲ့သော လူ့အခွင့်အရေးနှင့်ဒီမိုကရေစီစကားဝိုင်းများ | ၃၀၀၀ိ/-MKS |
| ၉ | ဇော်(မန်းတက္ကသိုလ်) | အနောက်မြောက်တောင်တန်းများဆီမှပွင့်လန်းလာသော | ၂၅၀၀ိ/-SMARTစာပေ |
| ၁၀ | ပတ္တမြားခင် | ကင်မရာကိုင်ခဲ့ရသော ကျွန်မဘဝ | ၃၀၀၀ိ/-ကံ့ကော်ဝတ်ရည်စာပေ |
| ၁၁ | မင်းလှိုင်ထွန်း | စကြာလေယာဉ် | ၁၀၀၀ိ/-ကျားချောင်းစာပေ |
| ၁၂ | ဦးအုန်းသန်း(ဥပဒေ) | အုပ်ချုပ်ရေးသမိုင်းနှင့် ကျင့်သုံးသောဥပဒေများ | ၃၀၀၀ိ/-ခိုင်ပြည့်စုံစာပေ |
| ၁၃ | စျာန်ခ | တစ်နေရာရာက သူငယ်ချင်းများ | ၁၅၀၀ိ/-ချန့်ချန်စာပေ |
| ၁၄ | ရန်ကုန်ဘဆွေ | ချီလေသော်လည်း | ၃၀၀၀ိ/-ငါတို့စာပေ |
| ၁၅ | သစ္စာနီ | အတ္ထုပ္ပတ္တိရုပ်ရှင်များ | ၂၅၀၀ိ/-စံပယ်စာအုပ်တိုက် |
| ၁၆ | မောင်လှလွန်း(ပူဇော်သည်) | ဗုဒ္ဓမြတ်စွာ အတ္ထုပ္ပတ္တိကဗျာ | ၂၀၀၀ိ/-ကေမိုးစာပေ |
| ၁၇ | ဒေါက်တာအေးကို (သင်္ချာပါမောက္ခ) | (၁၀)တန်းWin Education Mathematic အမှတ်၆၀ မှ ဂုဏ်ထူးမှတ်ဆီသို့ | ၂၀၀၀ိ/-စာပေရဲရင့်စာပေ |
| ၁၈ | ကလောင်စုံ | သူ့ဘဝသူ့အတွေး | ၃၀၀၀ိ/-နေရီရီ |
| ၁၉ | အောင်အေး (ရန်ကုန်တက္ကသိုလ်) | ဘဲတစ်ကောင်ကိုသိန်းငှက်ကျောင်းသို့သင်မပို့နိုင်နှင့် အခြားခေါင်းဆောင်မှုဆိုင်ရာရိုးရှင်းသောအမှန်တရားများ | ၁၅၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၀ | ဦးမောင်မောင်အုန်းမြိုင် | ပျက်ပြယ်သည့် သဘောတူညီချက်များနှင့် ပဋိညာဉ်များအားပယ်ဖျက်ခြင်းဥပဒေဆိုင်ရာသိကောင်းစရာများ | ၁၀၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၂၁ | နိုင်မြင့်သစ်မြန်မာပြန် | ပြောက်ကျားစစ် | ၁၈၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၂ | အောင်မေဃ | ဝိညာဉ်၏ဆီမီးခွက် | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၃ | တက္ကသိုလ်ဆွေဝင်း | အလင်းရိပ်(ရသစုံဝတ္ထုတိုများ) | ၂၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၄ | ကျော်မောင်မောင် | အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေနှင့် အီလက်ထရွန်နစ်ဆက်သွယ်ရေးဆောင်ရွက်ရေး ဥပဒေကိုပြင်ဆင်သည့်ဥပဒေ | ၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၂၅ | အောင်ကျော်ဆန်း | ဆရာအတက် ဆရာ့ပညာ ဆရာအလေ့ဝါသနာ | ၁၀၀၀ိ/-မြင်းခြံစာပေ |
| ၂၆ | ဟိန်းလတ် | သုညမှတစ်သို့ သွင်ပြင်ပုံစံပြောင်းခေါင်းဆောင်မှုလမ်းညွှန် | ၂၀၀၀ိ/-ဆန်းစသော်တာစာ ပေ |
| ၂၇ | ကလောင်စုံ | တာရာမဂ္ဂဇင်း လက်ရွေးစင်ဝတ္ထုတိုများ | ၃၀၀၀ိ/-ဆန်းစသော်တာစာပေ |
| ၂၈ | ကလောင်စုံ | မေတ္တာရေးနှင့်နိုင်ငံတော်(ပြည့်အရေးအတွေးအမြင်) | ၂၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၂၉ | မွန်မွန်မြတ် | ပင်လုံခရီးရှည် (ဒေါ်အောင်ဆန်းစုကြည်၏မိန့်ခွန်းများ)+CD | ၃၅၀၀ိ/-ဇွန်ပွင့်စာပေ |
| ၃၀ | UTA(ရန်ကုန်တက္ကသိုလ်) | အေဘီစီတိရစ္ဆာန်ကမ္ဘာ | ၂၂၀၀ိ/-ဓူဝံစာပေ |
| ၃၁ | စိုင်းခွန်ကျော်(ရှမ်းပြည်) | ဘုရင့်သမီးတော်နှင့်မြင်းပိုနီ | ၁၂၀၀ိ/-နန်းဒေဝီစာပေ |
| ၃၂ | စိုင်းခွန်ကျော်(ရှမ်းပြည်) | ဂိုလ်ဒီနဲ့ ဝက်ဝံသုံးကောင် | ၁၂၀၀ိ/-နန်းဒေဝီစာပေ |
| ၃၃ | စိုင်းခွန်ကျော်(ရှမ်းပြည်) | နတ်သမီး ပုံပြင်များ(Stories of Fairies) | ၁၂၀၀ိ/-နန်းဒေဝီစာပေ |
| ၃၄ | မင်းငြိမ်း | Microsoft Excel 2016 အသုံးပြုနည်း+CD | ၃၅၀၀ိ/-ပစ်တိုင်းထောင်စာပေ |
| ၃၅ | ညွန့်ဝင်းလေး | ရန်ကုန်ပါနိုရားမား | ၃၀၀၀ိ/-ပဥ္စဂံစာပေ |
| ၃၆ | ဗျူး ကာတွန်းဇော်ပိုင် | မဟာဒုဂ်(မင်္ဂလာပုံပြင်များ) | ၂၅၀၀ိ/-ဗျူးစာပေ |
| ၃၇ | စကြာကောင်းစံ | အောင်မော်စံဆရာတော်(ကချင်ပြည်နယ်)၏ စေတီဘုရား တည်ထားကိုးကွယ်ခြင်းအတွေ့အကြုံနှင့်ဖြစ်ရပ်ဆန်းများ | ၁၅၀၀ိ/-မဏ္ဍိုမစာပေ |
| ၃၈ | မေမြတ်ဇင်(မြန်မာပြန်) | အမျိုးသမီးများအတွက် မိမိကိုယ်ကိုခုခံကာကွယ်ခြင်း | ၂၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၃၉ | ဟိန်း(ဘူမိ) | မီးဖိုချောင်မှဆေးဖြစ်စေသောစားစရာများ(၂) | ၁၀၀၀ိ/-မဏ္ဍိုမစာပေ |
| ၄၀ | သူရထိုက် | အကျင့်စာရိတ္တနှင့်ပညာရေး(ပညာခေတ်ဆောင်းပါးများ) | ၁၅၀၀ိ/-မန်းချောင်းစာပေ |
| ၄၁ | ထွန်းရီ | ကုန်းဘောင်ခေတ်ဖြတ်စာပေါင်းချုပ်(တတိယတွဲ) | ၅၀၀၀ိ/-မိဘဂုဏ်စာပေ |

ဆက်လက်ဖော်ပြပါမည်»

# မြန်မာ-ပြင်သစ်ဆရာဝန်များပူးပေါင်း၍ နှလုံးသွေးကြောအဆို့ရှင်လဲလှယ်



**မန္တလေး ဒီဇင်ဘာ ၂**
မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး၊ နှလုံးသွေးကြောခွဲစိတ်ကုဌာနဆရာဝန်များနှင့် ပြင်သစ်နှလုံးခွဲစိတ်ပါရဂူတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၈ ရက်က နှလုံးအထက်သွေးကြောမကြီးမှ တစ်လမ်းသွားအဆို့ရှင်သွေးကြောတံခါး မကောင်းသောလူနာတစ်ဦးအား ဝက်မှထုတ်ယူထားသော သွေးကြောတံခါး Pocine Tissue Valve နှင့် အစားထိုးလဲလှယ်မှုကို ပထမဆုံးလူနာအဖြစ်ခွဲစိတ်လဲလှယ်ပေးခဲ့ရာ အောင်မြင်မှုရရှိပြီး မန္တလေးနှလုံးနှင့် သွေးကြောခွဲစိတ်ကုဌာန၏ မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့သည်။

အဆို့ရှင်ပျက်စီးလူနာများအား Mechanical/Prosthetic valve ထည့်၍ ကုသနည်းများရှိသော်လည်း သွေးကြောတွင် သွေးခဲမကပ်စေရန် Warfarin သွေးကျဲဆေးတစ်သက်လုံးသောက်သုံးရကြောင်း၊ ဦးနှောက်သွေးယိုခြင်း၊ အစာအိမ်သွေးယိုခြင်းများဖြစ်တတ်ခြင်း၊ အမျိုးသမီးများရာသီသွေးများကြောင်းများ ဖြစ်တတ်ကြောင်း၊ ဝက်၏နှလုံးသွေးကြောအဆို့ရှင်တံခါး (Pocine) ထည့်ထားပါက ဘေးထွက်ဆိုးကျိုးနည်းပါးကြောင်း၊ တိုးတက်ဖွံ့ဖြိုးသောနိုင်ငံများတွင် Tissue Valves နည်းကို အသုံးပြုကြကြောင်း မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး နှလုံးသွေးကြောခွဲစိတ်ကုဌာန တွဲဖက်ပါမောက္ခ ဒေါက်တာ ခင်မောင်ထွေးက ပြောကြားသည်။ **သီဟကိုကို(မန္တလေး)**

# မုန့်ဈေးတန်းလိုက်လံစစ်ဆေးမှု မန္တလေး အထက(၂၆)ကျောင်း၌ ပြုလုပ်

**မန္တလေး ဒီဇင်ဘာ ၂**
မြန်မာ့စားသုံးသူကာကွယ်ရေးအသင်းမှ ကျောင်းမုန့်ဈေးတန်းများလိုက်လံစစ်ဆေးခြင်းကို နိုဝင်ဘာ ၂၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းဈေးတွင် ပြုလုပ်သည်။

မြန်မာ့စားသုံးသူ ကာကွယ်ရေးအသင်းမှ ကျောင်းဈေးတန်းများလိုက်လံစစ်ဆေးခြင်း၊ အသိပညာပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ပေးဝေခြင်းများ ပြုလုပ်ကျောင်းဈေးတန်းများ လိုက်လံစစ်ဆေးရာတွင် 'ကျော်'အမှတ်တံဆိပ် အသားကပ် နှစ်တွဲ၊ အချိုမုန့်များ၊ တုတ်ချိုချဉ်များအား တစ်ခါတည်းသိမ်းဆည်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်း (မန္တလေးတိုင်းဒေသကြီး) ဉက္ကဋ္ဌ ဦးလှစိုးက "အရင်အစိုးရလက်ထက်ကတည်းက ကျွန်တော်တို့ မြန်မာ့စားသုံးသူကာကွယ်ရေးအသင်း တရားဝင် မှတ်ပုံတင်ခဲ့တာပါ။ အခုအစိုးရလက်ထက်မှာ စတင်ဖမ်းဆီးခဲ့တာပါ။ တရုတ်နိုင်ငံက ထုတ်လုပ်တဲ့ တုတ်ချိုချဉ်၊ ဟင်းချိုမုန့်နဲ့ မြန်မာစာ မပါဝင်တဲ့မုန့်တွေ၊ စတင်ထုတ်ဝေတဲ့ရက်စွဲသက်တမ်းကုန်ဆုံးမှု မပါဝင်တဲ့မုန့်တွေကို တစ်ခါတည်းသိမ်းဆည်းသွားတာဖြစ်ပါတယ်"ဟု ပြောသည်။



အမှတ်(၂၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဒေါက်တာသန်းထိုက်စိုးက "ကျွန်တော်တို့ကျောင်းမှာ လွန်ခဲ့တဲ့နှစ်နှစ်လောက်ကစတင်ကာ မြန်မာမုန့်တွေရောင်းချဖို့၊ မြန်မာစာမပါတဲ့မုန့်တွေမရောင်းချဖို့၊ ဒိတ်လွန်မုန့်တွေမရောင်းချဖို့နဲ့ လတ်ဆတ်တဲ့မုန့်တွေ ရောင်းချပေးဖို့ မှာကြားခဲ့ပြီးပါပြီ။ ကျွန်တော်တို့ကျောင်းမှာ ဆိုင်ခန်းပေါင်း ၃၃ ဆိုင်ရှိပါတယ်။ အားလုံးကိုလည်းအမြဲလိုလို စစ်ဆေးလျက်ရှိပါတယ်။ အခုလို မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးအသင်းက လာရောက်အသိပညာပေးစစ်ဆေးပေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျောင်းဈေးတွေမှာ လာရောက်စစ်ဆေးသိမ်းဆည်းတာတွေ ပြုလုပ်နေမယ့်အစား မန္တလေးကို ဝင်ရောက်နေတဲ့ စားသုံးရန် မသင့်တဲ့ပစ္စည်းတွေ ထုတ်လုပ်နေသူတွေကို ဖမ်းဆီးအပြစ်ပေးရင် ပိုမိုထိရောက်မှုရှိနိုင်ပါတယ်"ဟု ပြောသည်။ **(ဝဝ၂)**

# ယခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလအထိ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ယာဉ်မတော်တဆမှု ၆၉၃ မှု ဖြစ်ပွားခဲ့

**နေပြည်တော် ဒီဇင်ဘာ ၂**
ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ ယာဉ်မတော်တဆမှုပေါင်း ၆၉၃ မှု ဖြစ်ပွားခဲ့သည်။

ထိုကဲ့သို့ ယာဉ်မတော်တဆမှုများ လျော့နည်းကျဆင်းရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့မှ မိမိတို့တာဝန်ကျရာအပိုင်းလိုက်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်ပေးနေသည်။

ယာဉ်မတော်တဆမှုများမှာ အရှိန်ပြင်းထန်စွာ မောင်းနှင်မှုကြောင့် ယာဉ်မတော်တဆမှု ၂၉၀၊ ယာဉ်မောင်းအိပ်ငိုက်မှုကြောင့် ၄၉ မှု၊ လမ်းဖြတ်ကူးသူပေါ့ဆမှုကြောင့် ခုနစ်မှု၊ တိရစ္ဆာန်ဖြတ်သန်းမှုကြောင့် ငါးမှု၊ ဆိုင်ကယ်ပေါ့ဆစွာမောင်းနှင်မှုကြောင့် ၉၇ မှု၊ အနေးယာဉ်ပေါ့ဆမှုကြောင့် နှစ်မှု၊ ယာဉ်မဆင်မခြင်မောင်းနှင်မှုကြောင့် ၅၀၊ ဘီးပေါက်ကွဲမှုကြောင့် ၁၅၈ မှု၊ ကားစက်ချွတ်ယွင်းမှုကြောင့် ၁၆ မှု၊ လမ်းချော်မှုကြောင့် ၁၉ မှု စုစုပေါင်း ၆၉၃ မှု ဖြစ်ပွားခဲ့ကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။ ယခုနိုဝင်ဘာ ၁ ရက်မှ ၃၀ ရက်အတွင်း ယာဉ်မတော်တဆမှု ၆၀ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယာဉ်မတော်တဆမှု မဖြစ်ပွားစေရေးအတွက် အမြန်လမ်းတစ်လျှောက် သတ်မှတ်အမြန်နှုန်းထက် ကျော်လွန်မောင်းနှင်သော ယာဉ်များအား ဖမ်းဆီးအရေးယူလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ နိုဝင်ဘာ ၃၀ ရက်အထိ စုစုပေါင်း ယာဉ် ၄၅၃၉ စီး ဖမ်းဆီးနိုင်ခဲ့ပြီး ၄၁၉၁ စီးအား တရားစွဲတင်ပြီးစီးခဲ့ကြောင်း သိရသည်။ **သန်းဦး (လေးမျက်နှာ)**

# ရွှေပါရမီဖောင်ဒေးရှင်း ကျန်းမာရေးအလှူတော် ပွင့်ဖြူမြို့၌ ပြုလုပ်မည်

**ပွင့်ဖြူ ဒီဇင်ဘာ ၂**
မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရွှေပါရမီကျန်းမာရေးဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သည့် (၃၅) ကြိမ်မြောက် ဆေးအလှူကို မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်ထိ ပြုလုပ်မည်ဖြစ်ကြောင်း ရွှေပါရမီ ဖောင်ဒေးရှင်း၏ ပရောဂျက်မန်နေဂျာ ဦးမောင်အေးထံမှ သိရသည်။

အဆိုပါဆေးအလှူတွင် မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ အရိုးအကြော၊ သားဖွားမီးယပ်၊ သွားနှင့်ခံတွင်း၊ အရေပြား၊ အထွေထွေခွဲစိတ်၊ ကလေး၊ အထွေထွေရောဂါစသည်တို့ကို သမားတော်ကြီးများနှင့် အထွေထွေရောဂါကုဆရာဝန် ၇၀ ကျော်တို့ကအခမဲ့သွားရောက်ကုသပေးမည်ဖြစ်ပြီး သူနာပြုဆရာမများ၊ ဓာတ်ခွဲကျွမ်းကျင်များ၊ ရွှေပါရမီဖောင်ဒေးရှင်းအဖွဲ့ဝင်များနှင့် အခြေခံပညာအထက်တန်းကျောင်း၊ ပွင့်ဖြူမြို့မှ ကျောင်းသား၊ ကျောင်းသူများက လုပ်အားပေးကူညီကြမည်ဖြစ်သည်။ လူမျိုးမရွေး ဘာသာမရွေး အခမဲ့ကုသပေးမည်ဖြစ်ပြီး လာရောက်ကုသမှုခံယူသည့် လူနာများကို ထမင်းကအစပြည့်စုံအောင် ကူညီပေးမည်ဟု ရွှေပါရမီဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးလှိုင်မင်းဇော်ကပြောသည်။

"သူတစ်ပါးတို့ရဲ့ ကောင်းကျိုးချမ်းသာကို လိုလားတဲ့သဘောကို မေတ္တာလို့ခေါ်ပါတယ်။ သတ္တဝါအားလုံးစိတ်ချမ်းသာကြပါစေဆိုပြီး မေတ္တာပို့နေတာက ပို့မေတ္တာပါ။ သူတစ်ပါးချမ်းသာဖို့ ပစ္စည်း၊ ဆေးဝါးစသည်တို့ ပေးဝေတာက ပေးမေတ္တာပါ။ ဒါကြောင့် ဒီပို့မေတ္တာ ပေးမေတ္တာတွေနဲ့ မေတ္တာထားကြပါ" ဟု ဆရာတော်အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ) မိန့်တော်မူခဲ့သည့်အတိုင်း ပို့မေတ္တာ ပေးမေတ္တာများဖြင့် ကျန်းမာရေးဆေးအလှူပြုလုပ်မည်ဖြစ်ရာ ဒီဇင်ဘာ ၂၅ ရက်မှ ၂၇ ရက်အထိ နေ့စဉ် နံနက် ၈ နာရီခွဲမှ ၁၁ နာရီခွဲ၊ မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီခွဲထိ မည်သူမဆို လာရောက်ဆေးကုသမှုခံယူနိုင်ကြောင်း သိရသည်။

**မိုးမို့**



# သနပ်ပင်မြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

**သနပ်ပင် ဒီဇင်ဘာ ၂**
ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် သနပ်ပင်မြို့နယ် ကမာဖရံကျေးရွာအုပ်စုကွင်းအမှတ် ၈၅၄(က) တောင်သူ ဦးအောင်လှစိန်နှင့် တောင်သူ ဒေါ်သန်းထွေးတို့၏ မိုးကောင်းသောက်လယ်မြေတွင် နိုဝင်ဘာ ၂၇ ရက် နံနက်ပိုင်းက စံကွက်ရိတ်သိမ်းခဲ့ရာ တောင်သူဦးလှစိန်၏ မနောသုခစပါးမျိုးမှာ အစိုတစ်ဧက ၁၁၃ ဒသမ ၁၀ တင်းနှုန်းနှင့် ဒေါ်သန်းထွေး၏ ရွှေဝါထွန်းစပါးမျိုးမှာ ၇၆ ဒသမ ၁၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးမှူး ဦးမောင်၊ ဦးကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ကြူကြူမြင့်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **လှမိုး(ပြန်/ဆက်)**



# မျိုးစေ့ထုတ်စိုက်ကွင်း စံကွက်ရိတ်အထွက်နှုန်းတိုင်းတာ

**ဖျာပုံ ဒီဇင်ဘာ ၂**
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီ-ရာသီသီးနှံဌာနခွဲ၊ ကြက်ဖမွေးဇောင်းစိုက်ကွင်းတွင် စီးပွားဖြစ်မျိုးသန့်မျိုးပွား၊ မျိုးစေ့ထုတ် ပေါ်ဆန်းရင်စံကွက်ရိတ်အထွက်နှုန်း တိုင်းတာခြင်းနှင့် ပေါ်ဆန်းဘေးကျားပန်းပွင့်ပြိုင်ချိန် မျိုးစစ်ဆေးမှု တောင်သူပညာပေးကွင်းပြပွဲကို နိုဝင်ဘာ ၂၆ ရက်က ကြက်ဖမွေးဇောင်းစိုက်ကွင်း၌ ကျင်းပရာခရိုင်ဦးစီးမှူး၊ ခရိုင်/မြို့နယ် (မြေ၊ မျိုး၊ ပိုး)တာဝန်ခံများ၊ စိုက်ကွင်းမှူးများ၊ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများတက်ရောက်ကြပြီး ပေါ်ဆန်းရင်တစ်ဧက အထွက်နှုန်း ၆၉ ဒသမ ၆၆ အစိုတင်းထွက်ရှိကြောင်း သိရသည်။

ကြက်ဖမွေးဇောင်းစိုက်ကွင်းသည် ဧရာဝတီတိုင်းဒေသကြီးအတွင်း အကြီးဆုံးစပါးစိုက်ကွင်းဖြစ်ပြီး နှစ်စဉ် နိုင်ငံတော်အတွင်း စပါးများစိုက်ပျိုးပေးလျက်ရှိရာ ယခုနှစ်မှစတင်၍ (ဆင်းသွယ်လတ်၊ ပေါ်ဆန်းရင်၊ ပေါ်ဆန်းဘေးကျား) စီးပွားဖြစ် မျိုးသန့်မျိုးပွား၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ပြန်/ဆက်)**



**ကချင်ပြည်နယ် မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ်ဖြစ်သော ခတ္တာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ နိုဝင်ဘာတတိယပတ်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။** မြို့နယ်(ပြန်/ဆက်)

# နိုင်ငံ့အချက်အချာစီးပွားရေးမြို့တော်၏ အနာဂတ်ခရီး

**ဆုနှင်းလှဲ့**

နှစ်စဉ်မြင့်တက်လာတဲ့လူဦးရေ၊ ယာဉ်အစီးရေတွေနဲ့ ယာဉ်ကြောကျပ်တည်းမှုတွေကို ခံစားနေရပြီး မိုးတွင်းအခါမှာလည်း ရေကြီးရေလျှံတတ်လေ့ရှိတဲ့ မြန်မာနိုင်ငံရဲ့အချက်အချာစီးပွားရေး မြို့တော်ကြီးရဲ့ အနာဂတ်ဘယ်လိုရှေ့ဆက်မလဲဆိုတာ အများပြည်သူများက စိတ်ဝင်စားလျက်ရှိသလို ပညာရှင်များကလည်း သက်ဆိုင်ရာ ကဏ္ဍအသီးသီးအလိုက် အကြံပြုထောက်ပြထားမှုများလည်းရှိပါတယ်။ အလားတူ လက်ရှိအစိုးရလက်ထက်မှာ ဂျပန်နိုင်ငံရဲ့ အလုံးအရင်းနဲ့ ကူညီပေးလာမှုတွေမှာ ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Master Plan ပြန်လည်ရေးဆွဲခြင်းအပါအဝင် မြို့ပြဖွံ့ဖြိုးတိုးတက်မှုရဲ့ အခြေခံအဆောက်အအုံများဖြစ်တဲ့ လမ်း၊ တံတား၊ လျှပ်စစ်၊ ရေရရှိမှုစတဲ့ကဏ္ဍအလိုက် ကူညီပူးပေါင်းဆောင်ရွက်မှုတွေ ပြုလုပ်သွားမယ်လို့ ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ JICA (မြန်မာ) ရဲ့ Chief Representative Mr.Keiichiro Nakazawa က ပြောကြားထားပါတယ်။

ရန်ကုန်မြို့ပြ ဖွံ့ဖြိုးတိုးတက်ရေး မြို့ပြစီမံကိန်း Master Plan ကို ယခင်အစိုးရလက်ထက်ကတည်းက ရေးဆွဲပေးခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် မြို့ပြစီမံကိန်းမှာ မပါဝင်တဲ့ စီမံကိန်းတွေ ဆောင်ရွက်ခဲ့တာကြောင့်လည်း လက်ရှိနဲ့ သင့်တော်မယ့် မြို့ပြစီမံကိန်း Master Plan ရေးဆွဲရန် လက်ရှိအစိုးရက တောင်းဆိုတဲ့အတွက် ယခင်ရေးဆွဲခဲ့တဲ့ ၂၀၄၀ အထိ တစ်ဆင့်ချင်းဖော်ဆောင်မယ့် ရန်ကုန်မြို့ပြစီမံကိန်းကို ပြန်လည်ရေးဆွဲရတာပဲဖြစ်တယ်လို့ JICA (မြန်မာ)မှ သိရပါတယ်။ အုပ်ချုပ်ရေးမြို့တော်အဖြစ် နေပြည်တော်ကို ပြောင်းရွှေ့သွားပေမယ့် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ဆိပ်ကမ်းများရှိနေတဲ့၊ နိုင်ငံ့ ဂျီဒီပီအများဆုံးရှိနေတဲ့ စက်မှုလုပ်ငန်းတွေနဲ့ အချက်အချာစီးပွားရေးမြို့တော်ကို စနစ်တကျဖွံ့ဖြိုးတိုးတက်ပြီး နေချင်စဖွယ် မြို့ပြတစ်ခုဖြစ်အောင် သက်ဆိုင်ရာအစိုးရအဖွဲ့များနဲ့ ပူးပေါင်းဆောင်ရွက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမယ်လို့လည်း သိရပါတယ်။

ထို့အတူ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်မြို့တော်ဝန် ဦးမောင်မောင်စိုးတို့ပါဝင်ပြီး ရန်ကုန်မြို့တော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၂၂ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ စီးပွားရေးဇုန်နဲ့ အထူးစီးပွားရေးဇုန်တွေ တည်ရှိပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အချက်အချာဖြစ်နေတဲ့ မြို့ပြဖွံ့ဖြိုးရေးကို စီမံအကောင်အထည်ဖော် ဆောင်ရွက်နေရာမှာ သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များပါဝင်ဆောင်ရွက်နေသလို အတွေ့အကြုံရှိ ပြည်တွင်းပြည်ပ ပညာရှင်များကလည်း ၎င်းတို့၏ သုံးသပ်ချက်များကို အကြံပြုပြောကြားထားပါတယ်။

**ရန်ကုန်နှင့်နေရေး**

တိုက်ခန်းဈေးတွေ ကျဖို့ဆိုတာ အစိုးရက ပါဝင်ပြီး ငွေကြေးမြှုပ်နှံ၊ အရစ်ကျစနစ်နဲ့ အစိုးရဘဏ်အထောက်အပံ့နဲ့ လုပ်မှ ဖြစ်ပေါ်လာမယ့် ကိစ္စတစ်ခုဖြစ်တယ်လို့ ပညာရှင်များက ဆိုထားပါတယ်။ ရန်ကုန် မြေဈေးဟာလည်း အရှေ့တောင်အာရှမှာ အမြင့်ဆုံးလိုဖြစ်နေပါတယ်။ အစိုးရက ပါဝင်ဆောင်ရွက်ပြီး အရစ်ကျစနစ်နဲ့ လုပ်ဆောင်ပေးမယ်ဆိုရင် တိုက်ခန်းဈေးတွေကျပြီး မြေဈေးတွေကျလာမယ်။ လုပ်ငန်းတွေလည်း အများကြီး ပေါ်ပေါက်လာမှာမို့ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပေါ်ထွန်းလာမယ်လို့ ထိုင်းနိုင်ငံ ချူလာလောင်ကောင် တက္ကသိုလ်၊ မြို့ပြရေးရာ ဖွံ့ဖြိုးမှုသုတေသနဌာန ပါမောက္ခဒေါက်တာဝီထိုင်းက ဆိုထားပါတယ်။ တရုတ်နိုင်ငံမှာ လွန်ခဲ့တဲ့ နှစ် ၃၀ လောက်ကတည်းက ဝန်ထမ်းများကို နှစ်ပေါင်းများစွာ သားစဉ်မြေးဆက်၊ အရစ်ကျစနစ်နဲ့ အိမ်ပိုင်ဖြစ်အောင် လုပ်ပေးထားတဲ့ စနစ်တွေရှိတယ်လို့ ဥပမာပြထားပါတယ်။ ဒါနဲ့ပတ်သက်ပြီး ပါမောက္ခဒေါက်တာစိန်မြင့်က သုံးသပ်ထားတာမှာ ပုဂ္ဂလိကဘဏ်တွေဟာ နှစ်ရှည်အရစ်ကျစနစ်နဲ့ အကောင်အထည်ဖော်နိုင်လောက်အောင် ငွေကြေးမတောင့်တင်းကြသေးပါဘူး။ နောက်တစ်ခုက အတိုးနှုန်း များနေခြင်းပါပဲ။ ဘဏ်တိုးနှုန်းများနေခြင်းဟာလည်း အတားအဆီးတစ်ခုဖြစ်နေပြီး ဘဏ်တိုးနှုန်းလျှော့ချဖို့ လိုအပ်တယ်လို့ ဖြည့်စွက်ဆွေးနွေးထားပါတယ်။ လက်ရှိမှာတော့ ရန်ကုန်မြို့မှာ အငှားအိမ်ရာစနစ်အပါအဝင်၊ တန်ဖိုးနည်း၊ တန်ဖိုးသင့် အိမ်ရာစီမံကိန်းတွေကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအမံတွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်နေတယ်လို့ တရားဝင် သတင်းထုတ်ပြန်ထားချက်တွေအရ သိရပါတယ်။

ဒါ့အပြင် ရန်ကုန်မြို့မှာ နေ့စဉ်ကြုံတွေ့နေရတဲ့ ယာဉ်ကြောပိတ်ဆို့မှု ပြဿနာကို အဖြေရှာရမယ်ဆိုရင် ရန်ကုန်မြို့မှာရှိနေတဲ့ လမ်းမကြီးများရဲ့ အဓိကဝင်ပေါက်တွေကို ထည့်သွင်းစဉ်းစားရမယ်လို့ ဒေါက်တာဝီထိုင်းက ဆိုထားပါတယ်။

ရန်ကုန်မြို့တွင်းကို အနီးကပ်ဆုံး ချဉ်းကပ်ဝင်ရောက်နေတဲ့ လမ်းတွေကတော့-

(၁) ပြည်လမ်းမကြီးမှ အင်းစိန်လမ်းနှင့် ပြည်လမ်းပေါင်း၍ ဝင်ရောက်ခြင်း
(၂) ကမ္ဘာအေးဘုရားလမ်းအတိုင်း ဝင်ရောက်ခြင်း
(၃) တာမွေမှ သိမ်ဖြူလမ်းအတိုင်း ဝင်ရောက်ခြင်း
(၄) အထက်/အောက် ပုဇွန်တောင်လမ်းမှ ဝင်ရောက်ခြင်း
(၅) မဟာဗန္ဓုလတံတားမှဆင်း၍ မဟာဗန္ဓုလလမ်းအတိုင်း ဝင်ရောက်ခြင်း

> ရန်ကုန်မြေဈေးဟာလည်း အရှေ့တောင်အာရှမှာ အမြင့်ဆုံးလိုဖြစ်နေပါတယ်။ အစိုးရက ပါဝင်ဆောင်ရွက်ပြီး အရစ်ကျစနစ်နဲ့ လုပ်ဆောင်ပေးမယ်ဆိုရင် တိုက်ခန်းဈေးတွေကျပြီး မြေဈေးတွေကျလာမယ်. . .

(၆) ကြည့်မြင်တိုင် ကမ်းနားလမ်းမှ ဝင်ရောက်ခြင်း
(၇) အထက်/အောက် ကြည့်မြင်တိုင်လမ်းမှ ဝင်ရောက်ခြင်း
(၈) ဗဟိုလမ်းမှ ဗဟိုအမျိုးသမီးဆေးရုံလမ်းအတိုင်း ဝင်ရောက်ခြင်း
(၉) ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားလမ်းမှ ဝင်ရောက်ခြင်းတို့ရှိနေတယ်လို့ ၎င်းက သုံးသပ်ထားပါတယ်။ ရန်ကုန်မြို့တွင်းကို ဝင်ရောက်ဖို့အတွက် Elevate Way ကောင်းကင်လမ်း ဖောက်လုပ်ဖို့ မလိုအပ်သေးဘဲ မြို့ပတ်ရထားလမ်းကို အဆင့်မြှင့် Elevate Way ကောင်းကင်လမ်း ဖောက်လုပ်ပေးမယ်ဆိုပါက ပိုမိုသင့်တော်မယ်လို့ သုံးသပ်ထားပါတယ်။ ဘတ်စ်ကားလမ်းကြောင်းတစ်လျှောက် ယာဉ်လိုင်းများထပ်နေပြီး အပြိုင်အဆိုင် အလုအယက်မောင်းနှင်တာ၊ အချိန်ကြာမြင့်စွာ လူအတင်အချလုပ်တာတွေက ယာဉ်ကြောပိတ်ခြင်းရဲ့ အဓိက အကြောင်းအရင်းတွေပဲဖြစ်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် မြို့တွင်းအဝင် လိုင်းကားများကို စနစ်တကျဖြစ်စေရေးအတွက် အဆင့်သုံးဆင့်ခွဲပြီး ပတ်လမ်းများနဲ့ ဆောင်ရွက်သင့်တယ်လို့ ၎င်းက အကြံပြုထားပါတယ်။

**(က) မြို့တွင်းပတ်လမ်း**

မြို့တွင်း ခြောက်မြို့နယ်အပြင် ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ ဗဟန်း စတဲ့ မြို့နယ်တွေမှာလည်း ယာဉ်ကြောပိတ်နေတာကြောင့်-

(၁) အင်းစိန်လမ်းနဲ့ ပြည်လမ်း ပေါင်း၍ ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေကို ဗိုလ်ချုပ်လမ်းအထိ ဝင်ရောက်ခွင့်မပြုဘဲ ဗိုလ်ချုပ်လမ်းထောင့်နဲ့ ပြည်လမ်းထောင့်မှာရှိတဲ့ မင်းရဲကျော်စွာလမ်း ယခင် ကားအရောင်းအဝယ်စခန်းကို ယာဉ်ရပ်နားစခန်း Bus Terminal အဖြစ် သတ်မှတ်ပေးသင့်ပါတယ်။
(၂) ကမ္ဘာအေးဘုရားလမ်းအတိုင်း ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေကို ကန်တော်ကြီးထောင့် ယခင်ငါးပြတိုက်ဟောင်းနေရာမှာ ယာဉ်ရပ်နားစခန်းအဖြစ် သတ်မှတ်ပေးသင့်တယ်လို့ ဆိုပါတယ်။
(၃) တာမွေ ဗညားဒလလမ်းက သိမ်ဖြူလမ်းအတိုင်း ဝင်ရောက်လာတဲ့ ကားတွေကို ကန်တော်ကြီးပတ်လမ်း မြန်မာနိုင်ငံ ဆရာဝန်များအသင်းတိုက်ရှေ့ ရိုးရာလက်ဝှေ့ရုံရှေ့မှာ မြေနေရာကျယ်ဝန်းတဲ့အတွက် ယာဉ်ရပ်နား စခန်းအဖြစ် သတ်မှတ်ထားရှိသင့်ပါတယ်။
(၄) အထက်/အောက် ပုဇွန်တောင်လမ်းက ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေ၊ ဒေါပုံ၊ သာကေတမှ ပုဇွန်တောင်ကို ဝင်ရောက်လာတဲ့ ကားတွေကို အထက်ပုဇွန်တောင်လမ်းပေါ်မှာရှိတဲ့ မီးရထားကျောက်ပုံဆိပ်နေရာကို စနစ်တကျရှင်းလင်းပြီး ယာဉ်ရပ်နားစခန်းအဖြစ် သတ်မှတ်ထားရှိသင့်ပါတယ်။
(၅) ရှုခင်းသာလမ်းမှ မဟာဗန္ဓုလတံတားအားဖြတ်၍ ဝင်ရောက်လာတဲ့ ဘတ်စ်ကား တွေကို မဟာဗန္ဓုလ တံတား အဆင်းမှာရှိတဲ့ အစိုးရဌာနပိုင် ယာဉ်ရပ်နားစခန်းအား ပြန်လည်အသုံးပြုသင့်ပါတယ်။
(၆) ကြည့်မြင်တိုင် ကမ်းနားလမ်းက ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေနဲ့ အထက်/အောက် ကြည့်မြင်တိုင်လမ်းက ဝင်ရောက်လာတဲ့ ဘတ်စ်ကားတွေ၊ ဗဟိုလမ်းတစ်လျှောက် ဝင်ရောက်လာတဲ့ ဘတ်စ်ကားများကို သခင်မြ ပန်းခြံပတ်လည်အား ယာဉ်ရပ်နားစခန်းအဖြစ် သတ်မှတ်ပြီး ယင်းမှ မြို့တွင်းသို့ လက်ဝဲရစ်၊ လက်ယာရစ်အဖြစ် ယာဉ်လိုင်း တစ်လိုင်း(သို့မဟုတ်) အများပိုင် ယာဉ်လိုင်း ကုမ္ပဏီတစ်ခုက တာဝန်ယူပြေးဆွဲစေသင့်တယ်လို့ အာဆီယံ ပို့ဆောင်ရေးကဏ္ဍတွင်နှစ်များစွာ တာဝန်ယူခဲ့သူ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဒုတိယဥက္ကဋ္ဌ ဦးအောင်မြင့်က အထက်ပါအတိုင်း ဖြည့်စွက်အကြံပေးထားပါတယ်။

**(ခ) မြို့တွင်းအဝင်**

အထက်ဖော်ပြပါ Bus Terminal များကို မြို့နယ်အသီးသီးက ဝင်ရောက်ရာလမ်းကြောင်း မြို့ပတ်ရထားပတ်လမ်းနဲ့အပြိုင် ရှေးယခင်က စီမံကိန်းချဖောက်လုပ်ဖို့ လျာထားခဲ့တဲ့ ကားပတ်လမ်း မြေနေရာအတွင်းမှာ ကျူးကျော်အိမ်ရာများနဲ့ မြေနေရာများကို ပြန်လည်ရှင်းလင်းသိမ်းယူပြီး ကားပတ်လမ်းအဖြစ် အမြန်ဆုံး အကောင်အထည်ဖော်သင့်တယ်လို့ ၎င်းတို့က ဝေဖန်အကြံပြုထားပါတယ်။ ယင်းပတ်လမ်းတွေ ပြီးစီးပါက မြို့နယ်အသီးသီးမှာရှိတဲ့ ဘူတာနဲ့ အနီးဆုံးနေရာတွေမှာ ယာဉ်ရပ်နားစခန်းတွေ တည်ဆောက်ပြီး အဲဒီစခန်းမှ ထွက်လာတဲ့ ဘတ်စ်ကားတွေကို အထက်ဖော်ပြပြီးဖြစ်တဲ့ မြို့တွင်း Bus Terminal များမှာ ဂိတ်ဆုံးရပ်နားစေတဲ့စနစ်ကို အကြံပြုထားကြပါတယ်။

**(ဂ) မြို့သစ်များသို့ ပတ်လမ်း**

အထက်ဖော်ပြပါ အပိုဒ်(ခ) မှာ ဖော်ပြခဲ့တဲ့ မြို့နယ်အသီးသီးရှိ ဘူတာနဲ့အနီးဆုံးနေရာက ယာဉ်ရပ်နားစခန်းများမှ မြို့အစွန်များကို ပြန်လည်ပြေးဆွဲစေတဲ့ တတိယမြောက် ပတ်လမ်းကို ဖော်ဆောင်ပေးသင့်တယ်လို့ သုံးသပ်ထားပါတယ်။ လက်ရှိ ရန်ကုန်မြို့မှာ ယာဉ်အစီးရေဟာ သုံးသိန်းကျော်ခန့်သာ ရှိနေပါတယ်။ အိမ်နီးချင်းနိုင်ငံများမှာရှိတဲ့ မြို့တော် ဗန်ကောက်၊ ကွာလာလမ်ပူ၊ ဟိုချီမင်း၊ ဟန်နွိုင်း၊ ဖနွမ်းပင်၊ ဂျကာတာ တို့မှာရှိတဲ့ ၁၀ ဆ၊ အဆ ၂၀ ထက်မက များပြားတဲ့ ယာဉ်အစီးရေနဲ့ နှိုင်းယှဉ်ဖော်ပြရမယ်ဆိုပါက ယာဉ်ကြောကျပ်တည်းမှုကို ဖြေရှင်းဖို့နည်းလမ်းကောင်းများစွာ ရှိနေတယ်လို့ သိရပါတယ်။ အချို့မြို့နယ်များမှာရှိတဲ့ လမ်းသွယ်များဟာ ဖြတ်လမ်းများဖြစ်နေတဲ့အတွက် Cross Cut ဖြတ်ထွက်၍ မရတဲ့ လမ်းသွယ်များဖြစ်ပြီး ယင်းလမ်းသွယ်များကို Upgrade လုပ်ပေးခြင်းနဲ့ မြို့သစ်များမှာရှိတဲ့ လမ်းများကို လမ်းကျယ်များအဖြစ် ယာဉ်လိုင်းတွေတိုးချဲ့ပြေးဆွဲနိုင်ဖို့ Upgrade လုပ်ပေးခြင်းဖြင့် အချိန်တိုအတွင်း အမြန်ဆုံး အကောင်အထည်ဖော်ပေးမယ်ဆိုပါက မြို့သစ်တွေမှာ ဖြစ်ပေါ်နေတဲ့ ယာဉ်ကြောကျပ်တည်းမှုတွေလည်း လျော့ကျသွားမှာ ဖြစ်ပါတယ်လို့ ဆိုထားပါတယ်။

မြို့သစ်များ တည်ဆောက်ရန် အကောင်အထည်ဖော်ရေးဆွဲရာမှာ ယခင်ကပုံစံမျိုးမဖြစ်သင့်ဘဲ One Stop Services ဧရိယာတစ်ခုအဖြစ် နိုင်ငံတကာရှိ မြို့သစ်များ တည်ဆောက်လျက်ရှိသည့် ပုံစံအား အတုယူတည်ဆောက်သင့်တယ်လို့ မြို့ပြရေးရာ ပညာရှင်များက ဝေဖန်အကြံပြုထားပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံတစ်ခုလည်းဖြစ်တဲ့အတွက် အာဆီယံနိုင်ငံအသိုင်းအဝိုင်းများအတွင်း လေ့လာသုံးသပ်ပြီး မြန်မာနိုင်ငံသားများ၏ ရိုးရာဓလေ့ထုံးစံများအား ဦးစားပေးအလေးထား ပေါင်းစပ်ပုံဖော်တည်ဆောက်သင့်တယ်လို့ အကြံပြုကြပါတယ်။ မြို့သစ်တစ်ခု တည်ဆောက်ရာမှာ သက်ဆိုင်ရာဌာနအသီးသီးနဲ့ ဆက်စပ်လျက်ရှိတဲ့ လုပ်ငန်းသဘာဝနဲ့ လုပ်ထုံးလုပ်နည်းများကို စနစ်သစ်နိုင်ငံတကာစံနှုန်းများနဲ့ ပြောင်းလဲသုံးသပ်ဆောင်ရွက်သင့်ပြီး နှစ် ၃၀၊ ၄၀ အတွင်း ဖြစ်ပေါ်လာမယ့် အနာဂတ်လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရမယ့်အပြင် ရာသက်ပန် လိုအပ်ချက်များ၊ လျာထားချက်များကိုလည်း တစ်ပါတည်းထည့်သွင်းစဉ်းစား တွက်ရမှာဖြစ်တယ်လို့ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ ဦးအောင်မြင့်က သုံးသပ်ထားပါတယ်။

ရန်ကုန်မြို့ရဲ့ မြေဈေးကြီးမြင့်မှု ပြဿနာကလည်း တတိယအဆင့် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ရင်ဆိုင်နေရတဲ့ ပြဿနာတစ်ခုပဲဖြစ်ပါတယ်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူများ၏ စီးပွားရေး ဝင်ငွေကောင်းမွန်မှု အပေါ်မှာ မူတည်ပြီး မြို့ပြများမှာ ရင်ဆိုင်ကြုံတွေ့ရမြဲ ပြဿနာတစ်ရပ်ဖြစ်တဲ့အတွက် စနစ်တကျစီမံချက်များ ချမှတ်အကောင်အထည်ဖော်ရန် လိုအပ်မှာဖြစ်ပါတယ်။ ယခင်အဆက်ဆက် အနာဂတ်စီမံချက်များအားကြိုတင်သုတေသနပြုလုပ်ပြီး စီမံချက်များ မရေးဆွဲခဲ့ခြင်းကို လက်ရှိမှာ ပြုပြင်ပြောင်းလဲပြီး ကျွမ်းကျင်ပညာရှင်များနဲ့ လက်တွဲပူးပေါင်းကာ မဖြစ်မနေ အကောင်အထည်ဖော်ဆောင်ရွက်သင့်တယ်လို့ မြို့ပြရေးရာ ကျွမ်းကျင်ပညာရှင် ဒေါက်တာကျော်လတ်က ဆွေးနွေးအကြံပြုထားပါတယ်။

**ဆက်လက်ဖော်ပြပါမည်။**



## ကချင်နှင့်မြန်မာပြည်မြောက်ပိုင်းအတွက် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဌာနဖွင့်

**မြစ်ကြီးနား ဒီဇင်ဘာ ၂**

ကချင်ပြည်နယ်နှင့် မြန်မာပြည်မြောက်ပိုင်းရှိ ပြည်သူများအတွက် မြေမြှုပ်မိုင်းနှင့် မပေါက်ကွဲသေးသည့် စစ်လက်နက်အကြွင်းအကျန်များကြောင့် ထိခိုက်ဒဏ်ရာရရှိကြသော မသန်စွမ်းသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ကိုယ်ခန္ဓာမသန်စွမ်းသူများအတွက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) မှ ငွေကျပ် ၁ ဒသမ ၉ ဘီလျံ ကုန်ကျခံကာ ခုတင် ၆၀ ဆံ့ပြီး ဝန်ထမ်း ၃၀ ခန့်ဖြင့် တစ်နှစ်လျှင် လူနာ ၁၅၀၀ အထိ ခြေတုများ၊ အထူးကိရိယာများ၊ အကြောအဆစ်ကုထုံးများဖြင့် ဝန်ဆောင်မှုပေးနိုင်သည့် မြစ်ကြီးနားကိုယ်ကာယ ပြန်လည်သန်စွမ်းရေးဌာနသစ်ဖွင့်ပွဲကို နိုဝင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးဝင်းအတွင်းရှိ အဆိုပါဌာန၌ ဖွင့်လှစ်လိုက်သည်။

ရှေးဦးစွာ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်၊ ကုသရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာမြင့်ဟန်နှင့် ICRC ဗဟိုဌာနချုပ် ဂျီနီဗာမှ အာရှဆိုင်ရာဒေသညွှန်ကြားရေးမှူး Mr.Boris Michel တို့က အဆိုပါ ဌာနသစ်အဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ပြည်နယ်အတွင်း ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ICRC မှ အာရှဆိုင်ရာဒေသညွှန်ကြားရေးမှူးက ဌာနသစ်ဆောက်လုပ်ရသည့် ရည်ရွယ်ချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသည် မြေမြှုပ်မိုင်းများကြောင့် ထိခိုက်မှုအများဆုံးနိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်ပြီး အသက်အန္တရာယ်ရှိသည့် အဆိုပါလက်နက်များကို မတော်တဆနင်းမိ၍ ပေါက်ကွဲရာမှ အရပ်သားများသေကြေ ထိခိုက်မှုများ တိုက်ရိုက်ကြုံတွေ့နိုင်သည့်အပြင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုအပေါ်၌ ထိခိုက်မှုရှိလာပါကြောင်း၊ မိမိတို့ ICRC အနေဖြင့် အဆိုပါဖြစ်စဉ်များကြောင့် ဖြစ်ပေါ်လာသည့် ဆင်းရဲဒုက္ခကို လျှော့ပါး သက်သာစေလိုသည့်အပြင် မသန်စွမ်းဖြစ်ပွားသူများအတွက် ကိုယ်ကာယပြန်လည်သန်စွမ်းရေးဆိုင်ရာများကို ဆောင်ရွက်ပေးနိုင်ရန် ဆောင်ရွက်ပေးရခြင်းဖြစ်ပါကြောင်း၊ ဒေသခံဝန်ထမ်းများကိုခန့်ထားပြီး ကျွမ်းကျင်မှုနှင့် စွမ်းဆောင်ရည်ကို မြင့်မားလာစေရန် ပညာရှင်များဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး မြစ်ကြီးနားအထွေထွေရောဂါကုဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ငွေစံက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ICRC မှ တာဝန်ရှိသူများက ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ဌာနအတွင်း မသန်စွမ်းသူများအတွက် ခြေတုများ၊ အထူးကိရိယာများ၊ အကြောအဆစ်ကုထုံးများဖြင့် ဆောင်ရွက်မည့် အခြေအနေများကို လိုက်လံရှင်းလင်းပြသခဲ့ကြသည်။ **(ပြည်နယ်ပြန်/ဆက်)**

## မြန်မာ့အာမခံလုပ်ငန်းမှ အောင်စိုးမိုးကျော်ရေယာဉ် နစ်မြုပ်မှုတွင် သေဆုံးသူများကို နစ်နာကြေးများပေးအပ်

**မုံရွာ ဒီဇင်ဘာ ၂**

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် မိကျောင်းတွင်းကျေးရွာအနီး ချင်းတွင်းမြစ်အတွင်း အောင်စိုးမိုးကျော်(၂) လူစီးအမြန်ရေယာဉ် နစ်မြုပ်မှုတွင် အသက်ဆုံးရှုံးခဲ့သူများ၏ ကျန်ရစ်သူမိသားစုများကို သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၃၀ ရက် ညနေ ၃ နာရီက မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါရေယာဉ်နစ်မြုပ်မှုကြောင့် အသက်ဆုံးရှုံးခဲ့သူ ၃၅ ဦးအား တစ်ဦးလျှင် ငွေကျပ် ၁၀ သိန်းအား ကျန်ရစ်သူမိသားစုဝင်များအား မြန်မာ့အာမခံလုပ်ငန်းမှ သူတစ်ပါးထိခိုက်မှုနစ်နာကြေးငွေအဖြစ် ပြန်လည်ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

“ရေယာဉ်နစ်မြုပ်မှုမှာ အသက်ဆုံးရှုံးခဲ့ရတဲ့ပြည်သူတွေအတွက် မြန်မာ့အာမခံလုပ်ငန်းမှလည်း မိသားစုဝင်များနဲ့ ထပ်တူဝမ်းနည်းရပါတယ်။ အခုငွေကြေးဟာ အသက်တစ်ချောင်းနဲ့စာရင် မပြောပလောက်ပါဘူး။ လူတစ်ဦးရဲ့ အသက်ဟာ ငွေကြေးနဲ့ပိုင်းဖြတ်လို့မရပါဘူး။ ဒါပေမယ့် ဌာနရဲ့ လုပ်ထုံးလုပ်နည်းနဲ့အညီ ပေးအပ်တာဖြစ်တဲ့အတွက် နားလည်ပေးဖို့ပြောလိုပါတယ်။ ရေယာဉ်နစ်မြုပ်မှုမှာ အသက်ဆုံးရှုံးခဲ့တဲ့ ပြည်သူ ၆၀ ကျော်တယ်။ အားလုံးကို ပေးမှာပါ။ အခုက အာမခံလုပ်ငန်းရဲ့လုပ်ထုံးလုပ်နည်းအရ စာရွက်စာတမ်းပြည့်စုံတဲ့ ၃၅ ဦးကို အရင်ပေးအပ်တာပါ။ ကျန်တဲ့သူတွေလည်း လိုအပ်တဲ့စာရွက်စာတမ်း အထောက်အထားတွေ လုပ်နေပါပြီ။ ပြည့်စုံပြီဆိုရင်တော့ အမြန်ဆုံး ဆက်ပြီးပေးအပ်သွားမှာပါ”ဟု မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင် ညွှန်ကြားရေးမှူး ဦးအေးမင်းသိန်းက ပြောသည်။

အဆိုပါ သူတစ်ပါးထိခိုက်မှုအာမခံနစ်နာကြေးပေးအပ်ပွဲတွင် မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့အာမခံလုပ်ငန်း၏ လုပ်ထုံးလုပ်နည်းနှင့်ကိုက်ညီသော အထောက်အထားပြည့်စုံသည့် သေဆုံးသူ ၃၅ ဦးအား တစ်ဦးလျှင်ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် ၃၅ သိန်းအား မိသားစုဝင်များကိုယ်စား တစ်ဦးအား ပေးအပ်ခဲ့သည်။

အောင်စိုးမိုးကျော်(၂) အမြန်ရေယာဉ်သည် အောက်တိုဘာ ၁၅ ရက် နံနက် ၅ နာရီခန့်တွင် ယင်းမာပင်ခရိုင် ကနီမြို့နယ် မိကျောင်းတွင်းကျေးရွာအနီးတွင် နစ်မြုပ်မှုဖြစ်ပွားခဲ့သဖြင့် ခရီးသည် ၁၅၉ ဦးအား အသက်ရှင်လျက် ပြန်လည်ကယ်ဆယ်နိုင်ခဲ့ပြီး ကနီ၊ ဘုတလင်၊ မုံရွာ၊ ယင်းမာပင်၊ ဆားလင်းကြီးနှင့် ချောင်းဦးမြို့နယ်တို့အတွင်းရှိ ချင်းတွင်းမြစ်တစ်လျှောက်နှင့် အမြန်ရေယာဉ်ထဲမှလည်းကောင်း စုစုပေါင်း ၆၈ ဦး၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်အတွင်းမှ အတည်ပြုသတင်းအရ ငါးဦး စုစုပေါင်း ၇၃ ဦးသေဆုံးခဲ့ရာ အဆိုပါသေဆုံးသူများထဲမှ အထောက်အထားပြည့်စုံသူ ၃၅ ဦးအား မြန်မာ့အာမခံလုပ်ငန်းမှ နစ်နာကြေးငွေများ ပေးအပ်ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသောသေဆုံးသူများအတွက်လည်း အထောက်အထားပြည့်စုံသည်နှင့် အမြန်ဆုံး ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းဝေ(မုံရွာ)**

## မုံရွာမြို့နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

**မုံရွာ ဒီဇင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အသစ်ရရှိခဲ့သည့် မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာဖြစ်သော ကော်လပြကျေးရွာအုပ်စု ရှင်ငါးဆယ်ကျေးရွာ မြစိမ်းရောင် စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယဉ်ယဉ်ချို၊ ခရိုင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများသည် နိုဝင်ဘာ ၂၉ ရက်က တစ်အိမ်တက်ဆင်း ကွင်းဆင်းကြည့်ရှုခဲ့ကြသည်။

ယင်းသို့ ကွင်းဆင်းကြည့်ရှုရာတွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအားလုံး တိုးတက်အောင်မြင်လျက်ရှိသည်ကို တွေ့ရှိခဲ့ရပြီး အဆိုပါကျေးရွာတွင် မြစိမ်းရောင်ရန်ပုံငွေရယူပြီး စိုက်ပျိုးရေးလုပ်ကိုင်သူ ၅၈ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၅ ဦးနှင့် အရောင်းအဝယ် ၁၁ ဦး စုစုပေါင်း ၁၁၄ ဦး၊ စုစုပေါင်းချေးငွေကျပ် ၃၁၁၅၀၀၀၀ ရှိကြောင်း သိရသည်။

ယင်းနောက် ဖန်းခါးကျင်းကျေးရွာအုပ်စု သပြေတော-မင်းတဲ-ပလ္လင်ကုန်းကျေးရွာဆက်သွယ်သော လမ်းပေါ်ရှိ သပြေတောတံတား ၁၄ ပေ အကျယ်၊ ပေ ၆၀ အရှည် သံကူကွန်ကရစ်တံတား ဆောက်နေမှု အခြေအနေများအား ဆက်လက် ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

## တရားဥပဒေစိုးမိုးရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်း ပူတာအိုဖွင့်

**ပူတာအို ဒီဇင်ဘာ ၂**

ကချင်ပြည်နယ် ပူတာအိုမြို့နယ် ကိုယ့်အားကိုယ်ကိုးအမျိုးသမီးဦးဆောင်အဖွဲ့က ဦးဆောင်မှုဖြင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ စွမ်းရည်မြှင့်သင်တန်းကို နိုဝင်ဘာ ၃၀ ရက် နံနက် ၉ နာရီခွဲက ပူတာအိုခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ပြည်သူ့စာကြည့်တိုက်ခန်းမ၌ ကျင်းပခဲ့သည်။

သင်တန်းနည်းပြ ဆရာမ ဒေါ်ကျင်ခိုင်ကျော် က အသိပညာပေးပို့ချပေးသည့်အပြင် ‘တန်းတူညီမျှရှိခြင်းဆိုတာ ဘာလဲ’၊ ‘တန်းတူညီမျှမရှိခြင်းဆိုတာဘာလဲ’၊ ‘တန်းတူညီမျှမရှိခြင်းကြောင့် ဘယ်လိုဆိုးကျိုးများဖြစ်လာနိုင်မလဲ’ စသည့်ခေါင်းစဉ်များဖြင့် အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်ခြင်း၊ အဖွဲ့လိုက်ဂိမ်းကစားခြင်း၊ အဖွဲ့လိုက်ကိုယ်လက်လှုပ်ရှားခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ယင်းသင်တန်းမှ တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှရှိမှုအကြောင်းကို သိရှိလာနိုင်ခြင်း၊ ခွဲခြားဆက်ဆံမှုများကို ဖော်ထုတ်လာနိုင်ခြင်း၊ အမျိုးသမီးများ တန်းတူရပိုင်ခွင့်များကို သိရှိလာနိုင်ခြင်း၊ လက်ထပ်ထိမ်းမြားခြင်းပုံစံများကိုသိရှိလာနိုင်ခြင်း၊ အိမ်တွင်းအကြမ်းဖက်မှုအကြောင်းကို သိရှိလာနိုင်ခြင်း၊ ကွာရှင်းပြတ်ဆဲနိုင်သည့်အကြောင်းအရင်းများကို ဖော်ထုတ်လာနိုင်မည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ကျား၊ မ အခြေပြုအကြမ်းဖက်မှု ပပျောက်ရေး အထိမ်းအမှတ် (၁၆) ရက်တာ လှုပ်ရှားမှုတစ်ရပ်အနေဖြင့် ‘အိမ်တွင်းငြိမ်းချမ်းခြင်းမှသည် ငြိမ်းချမ်းသောကမ္ဘာဆီသို့’ ခေါင်းစဉ်ဖြင့် ပူတာအိုမြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာမှ သင်တန်းသူ ၆၀ တက်ရောက်ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ **ခရိုင်ပြန်/ဆက်**

## မြန်မာစက်မှုလုပ်ငန်းရှေ့ဆောင်သင်္ကေတ မန္တလေးရတနာပုံ သင်္ဘောကျင်းမှ ယနေ့တိုင်သင်္ဘောများထုတ်လုပ်

**မန္တလေး ဒီဇင်ဘာ ၂**

ရတနာပုံသင်္ဘောကျင်းမှာ ရတနာပုံခေတ် မင်းတုန်းမင်းလက်ထက်ကပင် စတင်တည်ရှိခဲ့သည်။ ၁၈၆၄ ခုနှစ် တွင် အိမ်ရှေ့စံ ကနောင်မင်းသားကြီး စတင်တည်ဆောက်ခဲ့စဉ်က ရတနာပုံသင်္ဘောစက်ရုံတော်ဟု အမည်တွင်ခဲ့ကြောင်း သိရသည်။ ထိုခေတ် ထိုအခါက ရတနာပုံသင်္ဘောစက်ရုံမှ မီးသင်္ဘောသုံးစင်း၊ သံကိုယ်ထည်သင်္ဘောလေးစင်း၊ ကျွန်းကိုယ်ထည်သင်္ဘော ၁၀ စင်း၊ အမြောက်တင် တိုက်သင်္ဘောတစ်စင်း စုစုပေါင်းခေတ်မီသင်္ဘော ၁၈ စင်းတည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။



လက်ရှိကာလတွင် မန္တလေးရတနာပုံသင်္ဘောကျင်းမှာ မြန်မာ့စက်မှုခေတ်ဦးသင်္ကေတအဖြစ် တည်ရှိနေပြီး ယနေ့တိုင် သင်္ဘောများကို တည်ဆောက်နေလျက်ရှိသည်။ ရတနာပုံသင်္ဘောကျင်းမှသည် ရေကြောင်းသွားလာရေးအတွက် အထောက်အကူပြုသလို ရေယာဉ်များကိုလည်း အဆက်မပြတ်တည်ဆောက်ပေးလျက်ရှိသည်။ မန္တလေးမြို့ ဧရာဝတီမြစ်ကမ်း ရတနာပုံသင်္ဘောကျင်းနေရာရောက်သည်နှင့် သင်္ဘောတည်ဆောက်မှုများကို လေ့လာနိုင်သလို ရတနာပုံခေတ် စက်မှုခေတ်ဦးတီထွင်မှုသင်္ကေတအဖြစ် ယနေ့တိုင်တည်ရှိနေကြောင်း သိရသည်။

ကနောင်မင်းသား၏ ကြိုးစားမှုကြောင့် မြန်မာသက္ကရာဇ် ၁၂၂၀ ပြည့်နှစ်မှစကာ ၁၂၃၆ ခုနှစ်အထိ စက်ရုံပေါင်း ၅၀ ကျော်ကို တည်ထောင်နိုင်ခဲ့သည်။ အထူးသဖြင့် ရေမြှုပ်ဗုံးကိုလည်း စမ်းသပ်အောင်မြင်ခဲ့ကြောင်း သိရသည်။ နိုင်ငံတော်ကာကွယ်ရေးအတွက် အလေးပေးဆောင်ရွက်မှုတွင် စစ်သင်္ဘောများ၊ ကုန်တင်သင်္ဘောများ၊ တည်ဆောက်ရေးလက်နက်များ ထုတ်လုပ်နိုင်ရေးအတွက် သင်္ဘောကျင်းများ၊ လက်နက်စက်ရုံများကို တည်ထောင်ခဲ့သည်။ ထိုစက်ရုံများတွင် မြန်မာ့စက်မှုလုပ်ငန်း ရှေ့ဆောင်သင်္ကေတအဖြစ် ကျန်ရစ်ကာ ယနေ့တိုင်သင်္ဘောများ ထုတ်လုပ်နေသော ရတနာပုံသင်္ဘောကျင်းလည်း ပါဝင်သည်။

**တိမ်တမန်**

SEM®
Trust & Rely

HITACHI
Inspire the Next

# Hitachi Soe Electric & Machinery Co., Ltd.

မြန်မာပြည်၏ Electrical Transformers & Panels လျှပ်စစ်ကဏ္ဍ၌ ISO New Version ဖြစ်သော
**Quality Management Systems ( QMS ) ISO 9001: 2015**
နှင့်
**Environmental Management Systems ( EMS ) ISO 14001: 2015**
တို့ကို မြန်မာနိုင်ငံတွင် ပထမဆုံးရရှိအောင်ကြိုးစားဆောင်ရွက်ပေးခဲ့သော HISEM ဝန်ထမ်းများအားလုံးအား လိုက်လှဲစွာမှတ်တမ်းတင်ကျေးဇူးတင်ရှိပါကြောင်း။

ဥက္ကဋ္ဌ နှင့် ဒါရိုက်တာအဖွဲ့
**Hitachi Soe Electric & Machinery Co., Ltd.**




ကံစမ်းမဲအစီအစဉ်တွင် ပါဝင်ကံစမ်းထားသူများအနေဖြင့် 13th December 2016 (3:00) PM , CAPITAL Hypermarket Yangon တွင် ကံစမ်းမဲဖွင့်လှစ်မည် ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ပေးပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။

Capital Hypermarket (Dawbon Branch)
No.14-E, Min Nandar Road, Dawbon Township, Yangon. Ph : (01) 551 533 (Ext-116)

Capital Hypermarket (Nay Pyi Taw Branch)
No.2, Yarzathingaha Rd., Deckkhina Thiri Tsp (Hotel Zone-1), Nay Pyi Taw. Ph : (067) 422070

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံတောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၁၁၃၂)၊ မြေကွက်တည်နေရာအမှတ်(၁၁၃၂)/(၁၄၆)ရပ်ကွက်၊ ဒဂုံတောင်မြို့နယ်ဦးခင်မောင်ညွန့်(၁၂/ဒဂတ(နိုင်)၀၁၆၆၁၉)အမည်ပေါက်ပါမစ်မြေအားပါမစ်အမည်ပေါက်ဦးခင်မောင်ညွန့်(၁၂/ဒဂတ(နိုင်)၀၁၆၆၁၉)မှငွေးဆုံပါမစ်မူရင်းမှာနေကစ်မှန်တိုင်းတွင်ပျောက်ဆုံးသွားပါသဖြင့် ကျမ်းကျိန်လွှာရေးပါတွက်/ရဲစခန်းထောက်ခံချက်နှင့်ပုံစံ(၁)ချက်များတင်ပြ၍ကွင်းဆင်းစစ်ဆေးရာ(၁)ထပ်ထားရှိအသွယ်မိုး(၁)လုံးရှိပြီးလူနေပါသောမြေဖြစ်ပါသည်။ ဦးခင်မောင်ညွန့်ပါမစ်မူရင်း(နံမိတ်မြေ)ဆွေမျက်ထားကောရောနာများသည်ပိုင်ဆိုင်ကြောင်းသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၇/မြေပုံ)၊ မြေကွက်အမှတ်(၃၈၇)၊ မြေကွက်တည်နေရာအမှတ်(၃၈၇)၊ တောင်ငူလမ်း၊ ဒေါ်အေးအေးမွန်(၁၀/သထန(နိုင်)၀၆၀၀၉၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဒေါ်အေးအေးမွန်ထံမှ အရှေ့ကိုယ်စားလှယ်လွှဲစာအမှတ်-၈၁၃၀/၂၀၀၉(၁၀-၉-၂၀၀၉)ဖြင့်ရရှိသူဦးအောင်(၆/ထဝန(နိုင်)၀၇၂၁၁၀)မှ ၂၀၀၆ ခုနှစ်အရောင်းမြေပုံပျောက်ဆုံးကြောင်းရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးကျမ်းကျိန်လွှာအမှတ်-၁၆၀၆၄/၁၆(၁၂-၁၁-၁၆)ဖြင့်ပါပေးသွင်းလာပါသဖြင့် ဂရန်ပါမစ်ကြောင်းနှင့်ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကျမ်းကျိန်လွှာအမှတ်-၄၉၁၇/၁၆(၂၀-၉-၂၀၁၆)တို့တင်ပြ၍အရောင်းအဝယ်ဂရန်မြေပုံကူးရော့ကြောက်ဆာလာရောနာများသည်ပိုင်ဆိုင်ကြောင်းသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရတနာအပိုင်း ၁၊ မြေကွက်အမှတ် ၆၁/၁၊ အကျယ်အဝန်း(၁၀၀ပေ×၁၀၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီးလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်ခင်ခင်လှိုင်(၉/မထလ(နိုင်)၀၄၃၁၃၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာစာထုတ်သည့်နေ့မှစ၍ ၇ ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်၊ ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးအောင်ကျော်ထွန်း LL.B.,LL.M.
တရားလွှတ်တော်ရှေ့နေ(စဥ်-၁၁၀၆၃)
အမှတ်-(၃၃/၄၉)၊ အခန်းအမှတ်(၃၆)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ Strand ကွန်ဒို၊ ကျောက်တံတားမြို့နယ်။ ဖုန်း-၀၉၄၅၃၁၁၆၆၆၃၊ ၀၉၄၂၀၈၉၉၃၉။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၇၃/၅)၊ မြေကွက်တည်နေရာအမှတ်(၉၅/၁၀၁)၊ ဘောင်မြေတွာ(၁)လမ်း၊ သွယ်(၁)ရပ်ကွက်၊ ဦးမန်းနီးအမည်ပေါက် အနှစ်(၆၀)မြေဂရန်မြေအားအမည်ပေါက် ဦးမန်းနီး(ခေါ်)မှန်း)ကွယ်လွန်သဖြင့်ဇနီးဖြစ်သူ အင်ဒီရာနီ(ခ)S.INDRANI (၁၂/လသန(နိုင်)၀၀၁၂၇၇)မှတစ်ဦးတည်းသောအမွေဆိုင်ဖြစ်ကြောင်း ကျမ်းကျိန်လွှာထောက်ခံကျမ်းကျိန်လွှာအဆောင်များတို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန်နှင့်အပိုင်ပေးစာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားလာရောနာရာအခင်နိုင်လှုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ueMuEFyfaumif

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၁)ရပ်ကွက်၊ မြေကွက်အမှတ်(၈၆၃)အကျယ်အဝန်း ပေ(၄၀×၆၀)ရှိ ဦးဝင်းမောင်(MMN-088246) အမည်ပေါက် ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရှုပ်အရှင်းကင်းရှင်းပြီး လက်ဝယ်ရှိပိုင်ဆိုင်သဖြင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူဖြစ်သည့် ဒေါ်စုစုမင်း[၁၂/တမန(နိုင်)၀၅၂၄၉၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုး စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ရာ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန္တာလွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၆၅)**
**အမှတ်(၇၈၄)၊ ဗိုလ်အောင်ကျော်လမ်း၊**
**(၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၃၂၁၈၀၁၃၊ ၀၉-၇၈၆၁၇၂၈၀**

# မူး ယစ် ဆန့် ကျင် အောင် ပွဲ ဆင်


Auto Gate Opening System
Find us on facebook; https://www.facebook.com/mannstandard/
MANN STANDARD CO.,LTD
Swing Gate Auto System
Sliding Gate Auto System
Rolling Door Auto System
Auto Retractable Gate (Aluminum)
Auto Retractable Gate (Stainless Steel)
(Office & Show Room) La La- 7/11 Corner of 61Street & Kanaung Mingthargyi Main Road.
Ph; 09-797009005,09-797009008.
HOT LINE 09-797977301,09-969919355


POLAR FROST® Pain Relieving Cold Gel
Polar Frost Pain Relieving
Gel သည် ကျီးပေါင်းဖြစ်ခြင်း၊ အကြောတက်ခြင်း၊ ဒူးနာခြင်း၊ ခါးနာခြင်း၊ အရိုး၊ အကြောနှင့် ပတ်သက်သောရောဂါများ၊ အသစ်အမြစ်ရောင်ခြင်း၊ အားကစားသမားများ ထိခိုက်ဒဏ်ရာရခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။
150ml Tube
75 ml Roll on
5g နှင့် 500ml pump ဗူးများကို ဖုန်း - ၀၉-၅၁၀၀၈၃၈၄ တွင် ရောင်းချပေးပါသည်။
5g sachet
500ml Pump
MM Reg No. 1809AA6180
MADE IN FINLAND
CE Approved
FDA
- City Mart ဆိုင်ခွဲများ၊ စိန်ဂေဟာဆိုင်ခွဲများ၊ CAPITAL hypermarket၊ Gandamar Wholesale၊ RUBY MART၊ ဦးမြသန်းဆေးဆိုင်(ရွှေမင်္ဂလာဈေး) ၀၉-၅၁၀၀၈၃၈၄


မာယ ကုန်ထုတ်လုပ်မှု ကုမ္ပဏီ လီမိတက်
နိုင်ငံတကာ နည်းပညာဖြင့် ထုတ်လုပ်ထားပြီး၊ လွယ်ကူလျင်မြန်၍ ဈေးနှုန်းချိုသာပါသည်။
ကွန်ကရစ်ခင်းတံတားများနှင့် အဆောက်အဦ များတွင်
ကွန်ကရစ်ကြမ်းခင်းလောင်းရန် ကျောက်ပုံးရိုက်စရာမလိုသော
မာယ အချန်သင့်ခင်း ကွန်ကရစ်ကြမ်းခင်းပြား နှင့်
အချိန်တိုတွင်း အမြန်ပြီးစီးမည့် အလွန်တောင့်တင်းခိုင်မာသော
မာယ ကွန်ကရစ် ဖြစ်စည်းရိုးတိုင် နှင့် အကာပြားများ
အမှတ် - ၂၄၅၊ ကနောင်မင်းသားကြီးလမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊ လှိုင်သာယာစက်မှုဇုန်(၂)၊ ရန်ကုန်မြို့။
09-450597752, 09-73211738, 09-963595956, 09-5078868


တယ်လီနော၏ ဇွန်ဦးလုပ်ငန်းရှင်ဆုရ
ပြည်တွင်း/ပြည်ပ
GoP


MIHARA
မြဝတီ - မဲဆောက်
ခရီးစဉ် (အပတ်စဉ်)
Car Rental Services
09-49218700, 09-5025400


Yes!! English School
** Always say Yes!! to English. **
4 skill English classes
★ Basic
★ Elementary
★ Intermediate
★ Advanced
★ IELTS,TOEFL, SAT
Start On December 5,7,10,11,12,14,17,19,21.
၂၃၊ လှည်းတန်းလမ်းမ၊ Ph : 01-511778 09-73033648


MOMO - My Ooredoo, My Offer
အရှီးသုံးစွဲသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့် အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊ Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ အစီအစဉ်များစွာကို ရယူလိုက်ပါ
ooredoo
*234# ကို အပတ်တိုင်း ခေါ်ဆိုပါ

## ကြော်ငြာ

**EASTERN SHINNING STAR Travels & Tours**

Inbound License No : Kha - 2359
Outbound License No: Pa Kha - 0257

- သဘောကျွန်း + ရှန်ဟိုင်း + မဟာတံတိုင်း (၆ည / ၇ ရက်) (Dec 29 - Jan 04 )
- စင်ကာပူ+ မလေးရှား + လန်ကာဝီ (၅ည / ၆ ရက်) (Dec 30 - Jan 04)
- ကိုရီးယား (ဆိုးလ် + ဂျယ်ဂျူး + Ski Resort) + ဟာလောင်းဘေ (၇ည /၈ ရက်) (Dec 24 - Dec 31)
- ဒန်ကောက် - ပတ္တရား - အယုဒ္ဓယ (၅ည / ၆ ရက်) (Dec 24 - Dec 29)
- မဟာတံတိုင်း + ဟောင်ကောင် + မကာအို (၆ည / ၇ ရက်) (Dec 30 - Jan 05)
- ဟနွိုင်း + ဟာလောင်း + ဒါနန်း + ဟွေအန်း + ဘာနာဟေးလ် (၅ည / ၆ ရက်) (Dec 30 - Jan 04)
- ချင်းမိုင် + ချင်းရိုင် + ရွှေတြိဂံ (၅ည / ၆ ရက်) (Dec 30 - Jan 04)
- စင်ကာပူ+ ဘာလီ (၅ည / ၆ ရက်) (Dec 30 - Jan 04)
- ဟိုချီမင်း + မွေနဲ + ဒါလတ် (၄ည / ၅ ရက်) (Dec 29 - Jan 02)
- ကမ္ဘောဒီးယား (ဖနွမ်းပင် - အန်ကောဝပ်) + ဗီယက်နမ် (ဟိုချီမင်း - မွေနဲ - ဒါလတ်) (၆ည / ၇ ရက်) (Dec 30 - Jan 05)
- ကွမ်ကျိုး + ရှန်ဟိုင်း + ကျူးဟိုင် + မကာအို + ဟောင်ကောင် (၆ည / ၇ ရက်) (Dec 24 - Dec 30)
- စင်ကာပူ(သီးသန့်) (၃ည / ၄ ရက်) (Dec 30 - Jan 02)

☎ - 09 2528 52063, 09 7315 7452, 09 26177 3371
ဆက်သွယ်ရန် - အမှတ် (၂၈၄ - ခ)၊ ပထမထပ်၊လမ်း(၄၀)၊အထက်ဘလောက်၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။

**Myanmar Shwe Sin Moe Travel & Tour (Car Rental)**

ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်ကမ်းခြေ-၆ရက်
မြဝတီ၊မဲဆောက်၊ဘားအံ-၃ရက်
ပုဂံ-ပုပ္ပါး/ တောင်ကြီး-အင်းလေး
ကျိုက်ထီးရိုး ရှောင်းသာ ငွေဆောင် ငွေစဉ်
01-255942, 09-798223791, 09-253352517

**ကား** ငှါးရန်
(Alphard/Crown/MarkII/ဆလွန်/Hiace/၁၃ယောက်စီး၊ ၂၄/၂၈/၃၃/၄၅/၄၉ ယောက်စီး) များကို စနစ်တကျ အမျိုးမျိုးအတွက် ငှါးရမ်းနိုင်ပါသည်။
Ph : 09795549249, 095418126

**အာရှနဂါး**
မြဝတီ / ကျိုက်ထီးရိုး
ရှောင်းသာ / ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

**Trip Lovers**
ခရီးသွားချစ်သူများ
ဗီဇင်ဘာအထူး ပြည်ပခရီးစဉ်များ
ဟိုချီမင်း - မွေနဲ - ဒါလတ် (၅ရက်/၄ည) 28.12.2016 to 01.01.2017 $480
ချင်းမိုင် ခရီးစဉ် (၄ရက်/၃ည) 25.12.2016 to 28.12.2016 $429
Hotlines - 09 45254 999 1 , 999 2 , 999 3

**မြန်မာမြတ်ချယ်ရီ Travel & Tours**
01-551240, 09-5003647
Package
New Year အထူးခရီးစဉ်များ
➤ ဗီယက်နမ်-ဟိုချီမင်း-ကမ္ဘောဒီးယား (၆)ရက် $ 595
➤ ဟနွိုင်း-ဟာလောင်း-နင့်ဘင်း-Tam coc (၄)ရက် $495
EK- $ 495 / VN - $ 455
➤ ဗီယက်နမ်-ဟိုချီမင်း-မိုးနဲ-ဒါလတ် (၅)ရက် $ 360
➤ စင်ကာပူ (၄)ရက် $ 599
အမှတ်(၁၂၂/၁၂၄)၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ Fb: Myanmar Myat Cherry Travel & Tours

ကင်းမယ်တယ် အလူမီနီယံ

ISO 9001/ 14001

**KING METAL** Aluminium Supply
PC Profile, Composite Panel & Accessories
High Quality Thailand's Product

ထိုင်းနိုင်ငံမှထုတ်လုပ်သောအရည်အသွေးမြင့်အလူမီနီယံပစ္စည်းများ

- Shop Fronts
- Casement Windows
- Showcase
- Curtain Walls
- Sliding Windows & Doors
- Tudes & Pipes...and more...

Aluminum Powder Coatings
BW POWDER COATING coating for the future product

Silicone Sealant

K-MARK JAPAN DESIGN
2 WAY COMBINATION LADDER

09-50 19019
09-51 42428
E-mail: kingmetaltrading @gmail.com

G•BOND ALUMINIUM COMPOSITE PANEL

ALUMASTERBOND ALUMINIUM COMPOSITE PANEL

**KING METAL TRADING COMPANY LIMITED.**

- Tel:(01) 8603199, 8603177, 548969, 09 - 43142599, 09 - 43157299 Fax: (01) 548969
- Tel:(01) 651672, 651978, 09 - 43200790 Fax: (01) 651672
- Tel:(01) 860694, 09 - 799225199, 09 - 420187999 Fax: (01) 860694
- Tel:(09) - 778875788, 09 - 778875799 Fax: (01) 548969
- Tel:(02) 78859, 78879, 09 - 8742999 Fax: (02) 78859



**hellomoto**

အမေရိကန်နိုင်ငံရဲ့အဆင့်မြင့် Smartphone
**moto Z**
မြန်မာနိုင်ငံတွင် စတင်ရောင်းချမည့် အစီအစဉ်...

စတင်ရောင်းချခြင်းအထိမ်းအမှတ်အနေဖြင့်
Discount 65,000/-ks + FREE 10400mAH Power Bank
မေတ္တာလက်ဆောင်ပေးသွားမည်။

*** ပွဲချိန်ကာလအတွင်းမှာလည်း moto z ၏နောက်ဆုံးပေါ်နည်းပညာများကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နိုင်ပါသည်။

Display : 5.5" QHD (1440 x 2560)
Storage : 64GB
Camera : 13MP front-5Mp
OS : Android V7.0 (Nougat)
CPU : Quad Core 1.8GHz
RAM : 4GB
Battery : 2600 mAh

Price 890,000/-ks

Sunday, 4th December 2016
9:00 am - 6:00 pm | Myanmar plaza

DCD Authorised Distributor
Tel: 381035. www.facebook.com/motomyanmar






moto z နှင့်တွဲဖက်အသုံးပြုနိုင်သော moto Mod များ

Lenovo


Social Pack
MPT
ရွှေသို့လှမ်းချီ မြန်မာပြည်
လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook. Viber. Line. COC*. Clash Royale*
1 Kyat/MB
LINE
၂၄ နာရီ
200MB/199Ks
*3001#
SP1 to 1332
၇ ရက်
1000MB/999Ks
*3002#
SP2 to 1332
ရက် ၃၀
4000MB/3999Ks
*3003#
SP3 to 1332
● MPT ၏ ဆွေသဟာ ဝန်ဆောင်မှု ရယူသုံးစွဲနေသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
● သတ်မှတ်ထားသော Social App များမှအပ အခြားအင်တာနက် သုံးစွဲမှုများအတွက် ပုံမှန်ဈေးနှုန်းအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● VOIP ခေါ်ဆိုမှုအတွက် ပုံမှန်နှုန်းထားအတိုင်း ကျသင့်မည်ဖြစ်ပါသည်။
● * အသေးစိတ်အချက်အလက်များကို Terms & Conditions တွင် ကြည့်ရှုနိုင်ပါသည်။
"၂၀၁၆ ဧပြီလ (၁) ရက်နေ့မှစ၍ လက်ရှိနှုန်းထားများတွင် အစိုးရ ကုန်သွယ်လုပ်ငန်းခွန် ၅% ကို ထပ်ဆောင်းကောက်ခံသွားပါမည်"
အသေးစိတ်သိရှိလိုပါက
www.mpt.com.mm
mptofficialpage
mptofficial
CALL CENTER 106
free hotline
24 hours everyday


ကြော်ငြာ

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

CAR RENTAL
မြို့တွင်း၊မြို့ပြင် စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန် ALPHARD, HIACE(အဲကွန်း) ကားသစ်ကြီးများဖြင့် ဝန်ဆောင်မှုပေးပါသည်။
09 25 358 2510, 09 515 8803

COASTAL BEAUTY TRAVELS & TOURS
ထားဝယ် - မြိတ်ကျွန်းစု အပန်းဖြေခရီးစဉ်
Mergui Archipelago Trip
(24 Dec - 29 Dec & 27 Jan - 01 Feb)
လေးကျွန်း၊ ပိန္နဲကျွန်း၊ သမီးလှကျွန်း၊ လိပ်ဥသောင်
09-5505201, 09-979809536, 09798185113, 01-2302031

ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီတွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ တွဲ့ကြို့ ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ပူဆလျှင် မဖြစ်မနေတက်ပါ။
ဒီဇင်ဘာ (၃/၇/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များဘိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441


BBA
EMBA . MBA . PhD
Bachelor of Business Administration(Hons)
- 3.5 Years (9 Semesters)
- ပထမနှစ်အတွက် သင်တန်းကြေး သိန်း (၂၀)
- January 2017 Intake အတွက် စတင်စာရင်းပေးသွင်းနိုင်ပါသည်။
- တနင်္လာနေ့မှ စုဒ္ဓဟူးနေ့အထိ (တစ်ပတ် ၃ ရက်)တက်ရောက်ရပါမည်
- အာရှ (၃၅)နိုင်ငံမှ အသိအမှတ်ပြု Asia e University, Malaysia မှ ဘွဲ့ကို ရရှိပါမည်။
- သင်တန်းကြေးကို CB BANK Education Loan ဖြင့် လစဉ် အရစ်ကျပေးသွင်းနိုင်သည်။
MYANMAR INSTITUTE OF EDUCATION
START YOUR BBA JOURNEY TODAY FROM AS LOW AS MMK 150,000!
၂၀၁၇ ဇန်နဝါရီလ ၂၇ရက်နေ့ နောက်ဆုံးထားပြီး စာရင်းပေးသွင်း နိုင်ပါသည်။
AeU asia e university
CALL US NOW! 09254045682 / 09972656540 / 01667009
Official Offshore Campus of Asia e University, Malaysia, recognized by 35 ACD countries. www.aeu.edu.my

P.E.S.
PRACTICAL ENGLISH SPEAKING

တကယ်တတ်ချင်ရင်လာခဲ့ပါ။
P.E.S.
ကမ္ဘာ့ထိပ်သီးနိုင်ငံကြီးဖြစ်သည့် အမေရိကန်နိုင်ငံရှိ WashingtonD.C.,New York, San Francisco, Los Angeles သို့သွားရောက်ပြီး City College of San Francisco, Monterey Park Bruggemeyer Library California, East Los Angeles Unified School District-DACE, East Los Angeles College များတွင် နောက်ဆုံးပေါ် Teaching Methods များကို သုတေသနပြုခဲ့သည့် Teaching Methods သုတေသီ
U WIN MAW ( Research ) U.S.A.
T. Kate (Dip. in Eng.) UFL
YANGON : 09-79 5155 324
Facebook ဖွင့်ပါ ➡ PES Practical English Speaking

DOZO
FASHION DESIGN TECHNICAL SCHOOL
Daw Thida Win B.Sc (Dip in Fashion Design, Japan)
Thet Hnin Aye (BA.Fashion Design, Japan)
1991ခုနှစ်မှစ၍မြန်မာနိုင်ငံတွင်ပထမဦးဆုံးဖွင့်လှစ်ခဲ့သောနိုင်ငံတကာအဆင့်မီ Fashion Design Schoolဖြစ်သည်။ Design,Pattern, Cutting, Sewing များကို တိကျ မှန်ကန်သော Japan နိုင်ငံမှနောက်ဆုံးပေါ်နည်းစနစ်များဖြင့်သင်ကြားပေးလျက်ရှိသည်။
Courses -Basic,Advance,Fashion Illustration,Pattern Magic, Drapping, Hand Made, Wedding Dress, Children Wear's, မြန်မာ့ဝတ်စုံတက်နှင့်ထိုင်မသိမ်း ORIGAMI & DRAPPING (TR technique)
Start Date - 10.12.16 (Sat,Sun), 7.12.16 (Wed, Thu, Fri)
Basic evening class ကို 3.12.16 တွင် စတင်ဖွင့်လှစ်မည်။
Yangon - No.506, Damaryone St, Hlaing T/S, 10 Qr, 6 ½ Miles
Mandalay- No.(Nagyi-2/94),Between 63 × 64Street, Chan MyaTharZi T/S
Phone(ဖုန်းနံပါတ်)- 09420301999, 09 5004830 www.dozofashion.com


SAMSUNG
Gear S3 frontier | classic
Timeless outside. Revolutionary inside.
Built-in speaker Stand-alone GPS Water resistant Altimeter & Barometer
samsungmobilemyanmar samsungmyanmar samsungmyanmar
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
အမြို့မြို့ရှိ Samsung Brand Shops များနှင့် ကိုယ်စားလှယ် အရောင်းဆိုင် များတွင် ဝယ်ယူနိုင်ပါသည်။

ခေတ်တွေပြောင်းသွားပေမယ့် မပြောင်းလဲပဲ အသည်းစွဲမိနေတဲ့ အစဉ်စွဲမက်နှစ်ခြိုက်နေတာ Topsyne နော်...

Topsyne®
Herbal Cream
FDA မှ အလုံးနှင့် ထုတ်လုပ်ခြင်း ထောက်ခံချက်အမှတ် - 1309 PC 0021
Apple Production Co., Ltd.
အမှတ်(A/၂၉)၊ ဦးဝိစာရလမ်း (၃၄)ထိုးချွဲရပ်ကွက်၊ မြောက်ဒဂုံ စက်မှုဇုန်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉-၄၉၃၃၀၆၄၀၈ ၊ ၀၉-၈၆၁၀၈၀၈၁

Myanmar Noble College
edexcel Approved Centre No.93711
UK နိုင်ငံ Edexcel ပညာရေးအဖွဲ့မှ တိုက်ရိုက်ချီးမြှင့်မည့် Higher National Diploma (HND) တန်းခွဲကို တက်ရောက်ရန်အတွက် Myanmar Noble College တွင် Foundation Course ကို January Intake တွင်ဖွင့်လှစ်ပါမည်။
Higher National Diploma Courses
- Engineering (Civil / Mechanical / Electrical & Electronics)
- Business
- Computing (IT)

တက္ကသိုလ်ဝင်တန်း စာမေးပွဲကို ထူးချွန်စွာအောင်မြင်သော ကျောင်းသား/ကျောင်းသူများအတွက် Scholarship အစီအစဉ်
- တစ်ဘာသာဂုဏ်ထူးရှင် (၁) သိန်း
- နှစ်ဘာသာဂုဏ်ထူးရှင် (၂) သိန်း
- သုံးဘာသာဂုဏ်ထူးရှင် (၄) သိန်း
- လေးဘာသာဂုဏ်ထူးရှင် (၈) သိန်း
- ငါးဘာသာဂုဏ်ထူးရှင် (၁၀) သိန်း
- ခြောက်ဘာသာဂုဏ်ထူးရှင် (၁၅) သိန်း
IGCSE စာမေးပွဲတွင် A* တစ်ဘာသာလျှင် (၃) သိန်း A တစ်ဘာသာလျှင် (၂)သိန်း Scholarship ချီးမြှင့်မည် ဖြစ်ပါသည်။
>> Foundation Course
လိုအပ်သောအရည်အချင်း - အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများ
GCE 'O' Level, IGCSE နှင့် LCCI Level "3" အောင်မြင်ပြီးသူများ
No.6(A), Kyoe Sett Yone Street, (B) Quarter, Thuwunna, Thingankyun Tsp, Ygn.
01-2331257 / 01-2331276 / 01-2331264 / 09-780639577

ဇီဝမျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

Win & San
Diamonds & Fine Jewelry

ဦးဝင်းနိုင် + သီဟသုစန္ဒာသီဂီဒေါ်စန်းစန်း

Win & San Diamonds and Fine Jewelry မှ နှစ်စဉ်နှစ်တိုင်းကျင်းပမြဲဖြစ်သော "End of year promotion" ပွဲတော်တွင် ထိုင်းပန်းထိမ်ဆရာများ၏ လက်ရာအသစ်အဆန်းများဖြင့်ပြုလုပ်ထားသော စိန်ထည်များ၊ မိုးကုတ်တွင်းထွက်ကျောက်မျက်ရတနာထည်များကို up to 30%off ဖြင့်ရောင်းချပေးမည် ဖြစ်ပါသောကြောင့်လာရောက်ကြည့်ရှုအားပေးနိုင်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

မှတ်ချက်။ ။စိန်ထည်များနှင့်မိုးကုတ်ကျောက်မျက်ရတနာထည်များကို ပြန်သွင်း/အလဲအထပ်ပြုခြင်းများကိုလည်းလက်ခံဆောင်ရွက်ပေးပါသည်။

နေ့ရက် - ၂/၃/၄-၁၂-၂၀၁၆ (သောကြာ၊ စနေ၊ တနင်္ဂနွေ)
အချိန် - နံနက် (၁၀း၀၀)နာရီမှ ညနေ(၆း၀၀)နာရီထိ
နေရာ - 36/C၊ အောင်မင်းခေါင်ဘုရားလမ်း၊ ဝင်ဒါမီယာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



Home
Since 1996
ပါကေး အစားထိုး ကြမ်းခင်း
Special Promotion !
Buy → Get FREE
Flooring ၂ ကျင်း
Wall Covering ၁ ကျင်း
*Terms & Condition Applied
☎ 09 79 700 70 74, 09 79 700 70 84



ဝမ်းဆဲဗင်းဝမ်း
မြန်မာထမင်းဆိုင်
ထမင်းချိုင့်၊ ထမင်းဘူးပို့သည်။
Ph: 09 96505032, 09 5650321

ပွဲတော်အုပ်ဆန်ဆိုင်
ဖျာပုံဆန်မွှေးမွှေးအိအိလေး--အရောက်ပို့ ၃၀၀၀ကျပ်ခနှင့်
(အပေါင်းစစ်စစ်ပါ)
☎:01512443, 0973017656, 095055574,

ဒဂုံမြို့သစ်
အရှေ့ပိုင်း
သံတဝ်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

SYP ဆေးရိုးဖင် SYP
အုတ်ရောင်းဝယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး
ကိုဆန်းနိုင် + မမိုးမိုးအေး
Ph: 645757, 095408777, 095145162
0973021997, 09455081166

SAMSUNG
DAY
December 2016
ဒီဇင်ဘာ ၁ ရက်နေ့မှ
ဒီဇင်ဘာ ၅ ရက်နေ့အထိ



SAMSUNG Smart Phones နှင့် Tablets တွေဝယ်ယူပြီး လက်ဆောင်ဗူချားအပြင်
GIORDANO, adidas, iPANEMA စသည့် နာမည်ကြီး Brands ပစ္စည်းများကိုဝယ်ယူနိုင်မည့်
ထပ်ဆင့်လက်ဆောင် Gift Voucher များရယူလိုက်ကြရအောင်။


ကျပ် ၅၀၀,၀၀၀ တန်ဖိုးနှင့် အထက် ဝယ်ယူသူတိုင်းအတွက် ၄၀,၀၀၀ကျပ်တန် Gift Voucher




ကျပ် ၂၀၀,၀၀၀ မှ ၅၀၀,၀၀၀ တန်ဖိုးနှင့် အောက် ဝယ်ယူသူတိုင်းအတွက် ၂၅,၀၀၀ကျပ်တန် Gift Voucher




ကျပ် ၂၀၀,၀၀၀ တန်ဖိုး အောက် ဝယ်ယူသူတိုင်းအတွက် ၁၅,၀၀၀ကျပ်တန် Gift Voucher




*သတ်မှတ်ထားသော Brands များအတွက်သာ GIORDANO DAPPER CHARLES & KEITH havaianas crocs iPANEMA adidas rider THEFACESHOP
samsungmobilemyanmar samsungmyanmar samsungmyanmar
Call Center 01 2399 888 (Mon-Sun) 8AM to 6PM
SAMSUNG

ကြော်ငြာ




**Air Mandalay**
Safety, Reliability & Comfort

## Job Vacancy Announcement

Air Mandalay Limited is seeking qualified applicants for the following positions:

1. **Finance Manager**
2. **Assistant Manager-Marketing & Sales**
3. **Assistant Manager-Admin/HR**
4. **Sales Assistant**

Qualification Requirements for **Finance Manager**:
- Possess CPA or ACCA Part II (Passed)
- Minimum of 5 years experience in relevant position
- Applicant must be 35 years and above

Qualification Requirements for **Assistant-Manager Marketing & Sales**:
- Minimum a Bachelor Degree
- Minimum of 3 years experience in relevant field
- Applicant must be 25 years and above

Qualification Requirements for **Assistant Manager-Admin/HR:**
- Minimum a Bachelor Degree or similar qualification in Admin/HR
- Minimum of 3 to 5 years experience

Qualification Requirements for **Sales Assistant**:
- Minimum a Bachelor degree
- Minimum of 1 year experience
- Applicant must be 20 years and above

**For Above Positions:Effective written and spoken English is a must.**

Job details and responsibilities can be viewed on AML'S official Facebook Page www.facebook.com/airmandalay
Interested applicants can submit their CVs and relevant documents to jobs@aml.airmandalay.com, htetei@aml.airmandalay.com

Last Date of Submission is 9th December 2016
Please Note that only shortlisted candidates will be called for interview.

**Address: No.1(A),Pyay Reoad,5 1/2 Miles,**
**Hlaing Township,Yangon 11051,Myanmar.**
**Tel: +95-1-501 520, 525 488 Fax:+95-1-532 275**

## မြေကွက်ကျယ်ငှားမည်(သို့)ရောင်းမည်

မန္တလေးမြို့တွင်း ၂၆လမ်း၊ ၅၈လမ်းမှ ကိုယ်ပိုင်လမ်းသွယ် စတုဂံပုံအကွက်လှ ဆေးရုံ၊ ကျောင်း၊ ဟိုတယ်၊ လုံးချင်းအိမ်၊ စားသောက်ဆိုင်ကြီးများအတွက် သင့်လျော်သည်။ စိတ်ကူးရှိသော လုပ်ငန်းရှင်ကြီးများ ဆက်သွယ်ဆွေးနွေးနိုင်ပါသည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၉၆၉၃၆၇၈၈၈**
**၀၉-၉၇၅၃၄၄၈၃၈**

## တိုက်ခန်းငှား/ရောင်းမည်

ပေ(၂၅x၅၀)3Fပိတောက်ပင်အထက်လမ်း၊ ကြည့်မြင်တိုင်ညဈေး အနီး(လူနေခွင့်ကျပြီး)ဝရန်တာ၊ ပြတင်းပေါက်သံပန်းတပ်ပြီး၊ မျက်နှာကြက်ကောနစ်၊ ကိုရီးယားပါကေးခင်း၊ 2BR, 1A/C၊ မီးဖို၊ ရေချိုးခန်း၊ အိမ်သာကြွေပြားပြည့်ကပ်/ခင်း ဘိုထိုင်အိမ်သာ၊ အသင့် နေနိုင်။
**ငှား-၄သိန်း၊ ရောင်း-၁၀၅၀သိန်း(ညှိနှိုင်း)**
Ph-09-5074467, 01-8561856



## ဦးမြရီ
### အသက် (၇၃)နှစ်
**B.A (E.co;)ကပရ(ငြိမ်း)**

ရောဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဆားမလောက်ကျေးရွာနေ (ဦးမြအောင်-ဒေါ်စိန်ရှင်)တို့၏ သား၊ ဒေါ်သန်းမြ (ဆရာမ-ငြိမ်း)၏ မောင်၊ (ဦးခင်ရီ)၏ ညီ၊ ဦးငြိမ်းရီ (UNICTR၊ ငြိမ်း)-ဒေါ်ပြုံးပြုံးစိန်(UNICTR၊ ငြိမ်း) တို့၏ အစ်ကို၊ အမှတ်(၄၇၁)၊ သုမနလမ်း၊ (၁၆)ရပ်ကွက်၊ အပိုင်း(၂)၊ သဃ်န်းကျွန်း မြို့နယ်နေ ဒေါ်ခင်ကြည်၏ ခင်ပွန်း၊ ဦးတေဇာလင်း (A.G.M မြန်မာ့ရွှေ့ဆောင် ဘဏ်)-ဒေါ်မို့မို့လွင် (Dy. Manager မြန်မာ့ရွှေ့ဆောင်ဘဏ်) တို့၏ ဖခင်၊ ဦးငွေအောင်ကြည် (G.M, K.M.A Travel)၊ ဦးသောင်းထွဋ် (Trident Hydro Jetting, S'Pore)၊ ဒေါ်တင်နွယ်ဝင်း (မြန်မာ့စီးပွားရေးဘဏ်) တို့၏ ဦးလေးသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) ညနေ ၃း၂၀ နာရီတွင် အောင်ရတနာ အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေများအား အကြောင်းကြား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးသင်း
### အသက် (၆၂) နှစ်
**မြို့နယ်ပညာရေးမှူး(ငြိမ်း)**
**ဝါးခယ်မမြို့**

ဝါးခယ်မမြို့၊ ဆေးရုံရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်(၂၁)နေ (ဦးသင်းမောင်-ဒေါ်အေးကြည်)တို့၏သမီး၊ ဦးငွေအောင်-ဒေါ်အုန်းကြည်၊ ဒေါက်တာမောင်မောင်ခင်-ဒေါ်မြင့်လေးနိုင်တို့၏ညီမ၊ ဒေါ်မြင့်မြင့်ကြည်(အ. ထ. က-၂၊ ဝါးခယ်မမြို့)၊ ဗိုလ်ကြီးမောင်မောင်သန်း(ငြိမ်း)တို့၏အစ်မ ဒေါ်အေးအေးသင်းသည် ၁-၁၂-၂၀၁၆ (ကြာသပတေးနေ့) ညနေ ၃း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ (စနေနေ့) မွန်းလွဲ ၁ နာရီတွင် ဝါးခယ်မမြို့ မြေသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးတင်မောင်ကြူ အသက်(၈၆)နှစ်
တရားလွှတ်တော်ရှေ့နေကြီး (နိုင်ငံပဂ္ဂလစ်)

**သူငယ်ချင်း ဒေါက်တာခင်မေသင်း ၏ ချစ်လှစွာသော ဖခင်သည် (၂၉.၁၁.၂၀၁၆) အင်္ဂါနေ့ နံနက် ၂း၄၀ တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။**

**ကောင်းရာသုဂတိလားပါစေ။**

**Class Of 1987 IM(1) ဘွဲ့ရ သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးစိုးမြင့် (ကျော်ကျော်လွင်) B.Ag

သူငယ်ချင်းကျောက်ပန်းတောင်းသား ဦးစိုးမြင့် (၇၁) နှစ်သည် ၂၇-၁၁-၂၀၁၆ ရက်တွင် မော်ဘီမြို့၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

**၁၉၇၀ ဘွဲ့ရ B.Ag သူငယ်ချင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်လောဟာ
### အသက် (၇၀)

တပ်မတော်သူနာပြုနှင့် ဆေးဘက်ပညာသည် တက္ကသိုလ် ခန္ဓာသန်စွမ်းမှု နည်းပညာဌာနမှ ဒုတိယဗိုလ်မှူးကြီးလောဟာအောင်-ဒေါက်တာဒေါ်ခင်မျိုးအောင်တို့၏ ချစ်လှစွာသော ဖခင်ကြီး ဦးအောင်လောဟာ အသက်(၇၀)သည် ၃၀-၁၁-၂၀၁၆ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခဒေါက်တာခင်မျိုးလှ**
**အကြောအဆစ်အထူးကုဆရာဝန်ကြီး**
**ကထိက၊ လက်ထောက်ကထိက**
**လက်ထောက်ဆရာဝန်/ဆရာမများ**
**အကြောအဆစ်ရောဂါကုပညာဌာန**
**ရန်ကုန်ပြည်သူ့ဆေးရုံကြီး**

## ဝမ်းနည်းကြေကွဲခြင်း
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
### ဒေါ်မေမေရီ
### အသက် (၆၁)နှစ်

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ အမှတ်(၈၇)၊ လေးလွှာ/အေ၊ အရိုးကုန်းလမ်းနေ (ဦးစိန်လင်း)၏ ဇနီး၊ ဦးအောင်စည်လင်း (GM-Comsumer Electronic Business)-ဒေါ်သွယ်ဇင်မြင့်၊ မသော်တာလင်း၊ မနွယ်အေးလင်းတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်မေမေရီ အသက်(၆၁)နှစ်သည် ၁-၁၂-၂၀၁၆ (ကြာသပတေးနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါ သဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**M 9 PUBLIC COMPANY LIMITED**
**President, Vice President, Board of Directors**
**နှင့် ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးမြင့်ဟန် (၆၁) နှစ်
**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**

နေပြည်တော်ဒုတိယဝန်ကြီးအိမ်ရာ၊ ခြံအမှတ်(၆)နေ ဒေါ်မြမြသူ၏ ချစ်လှစွာသောခင်ပွန်း ဦးမြင့်ဟန်သည် ၂၇-၁၁-၂၀၁၆ (တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**မမျိုးနှင့်မိသားစု**
**အမှတ်(၉)၊ မယ်ဇလီပင်လမ်း၊ ကြည့်မြင်တိုင်။**

## အနိစ္စ

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း အလှူဒါယကာကြီး**
### ဦးကျောင်ဟုတ်
### အသက် (၉၆)နှစ်
**(လပွတ္တာ)**

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇) ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ်(၃၉)၊ မြေညီထပ်နေ (ဒေါ်သန်းကြည်) ၏ ခင်ပွန်း၊ ရန်ကုန်မြို့၊ လသာမြို့နယ် (၈)ရပ်ကွက်၊ (၂၃)လမ်း၊ အမှတ် (၁၀၈-၁၁၀)နေ ဦးမြင့်လွင်-ဒေါ်ညွန့်လှိုင် (ဦးကျောင်ဟုတ်ပလတ်စတစ်ဆိုင်)၊ ဒေါ်ညွန့်ကျင်(ခ)မမွေး၊ (ကိုအင်းဝ)၊ ဒေါ်ညွန့်ရီ၊ ကိုကျော်မြင့် (ရွှေဟသ်ာ ပရိဘောဂဆိုင်) - (ဒေါ်ညွန့်ကြည်)၊ ကိုဝင်းကြည်၊ လပွတ္တာမြို့၊ (၅)ရပ်ကွက်၊ အမှတ်(၉၀)၊ ဘုရားလမ်းနေ ဗိုလ်ကြီးဝင်းမြိုင်-ဒေါ်ယဉ်ယဉ်ဝင်း (ရတနာမွေးပရိဘောဂဆိုင်)တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုး ဦးကျောင်ဟုတ်သည် ၁၄-၁၁-၂၀၁၆(တနင်္လာနေ့) ည ၁၁း၃၀ နာရီတွင် လပွတ္တာမြို့၊ ဘုရားလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် လပွတ္တာမြို့၊ ကောင်းတုံ တရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ဦးခင်မောင်ဝင်း
### (မေမြို့ခင်မောင်ဝင်း)(၇၁)နှစ်

ဦးခင်မောင်တင့်-ဒေါ်ခင်နုတို့၏ သား၊ ဦးခင်မောင်ကြည်၊ ဒေါ်ခင်မေကြည်၊ ဒေါ်ခင်မေဝင်း၊ ဦးခင်မောင်လေး၊ ဒေါ်ခင်မေလေးတို့၏ ညီ/မောင်၊ မောင်အောင်ကျော်ဟိန်း-မချစ်ခြူးဝေတို့၏ ဖခင် ဦးခင်မောင်ဝင်းသည် ၃၀-၁၁-၂၀၁၆ ရက် ည ၁၀ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၆ ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးဆွေမျိုး မိတ်သင်္ဂဟတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**
### ဒေါ်သန်းစိန်
### အသက် (၆၈) နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဦးစံဖေရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ် (၁၂၄)နေ [ဦးဘိုးလူ-ဒေါ်သေးသေး(ရွှေတောင်မြို့)]တို့၏သမီး၊ (ဦးအုံးကျော်-ဒေါ်ခင်ခင်ဝင်း)တို့၏ တူမ၊ ဦးဝင်းနိုင်-ဒေါ်ကြည်ကြည်ဝင်း၊ ဦးဂရေဂရီမင်းစိန်-ဒေါ်ဆွေဆွေဝင်း၊ ဦးဆလိုင်းကျော်ဆွေ - ဒေါ်စန်းစန်းဝင်း၊ ဦးစိန်တင်အောင်-ဒေါ်အေးအေးဝင်း၊ ဦးကျော်မြင့်-ဒေါ်နုနုဝင်း၊ ဒေါ်သီတာဝင်း၊ (ဦးကျော်နိုင်)တို့၏ အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏ အဒေါ်၊ မြေးနှစ်ယောက်တို့၏ အဘွားသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၉း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် စံပြဆေးရုံအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်မိသားစု

### ဒေါ်ညွန့်ညွန့်တင် (၆၆) နှစ်
**လက်ထောက်မန်နေဂျာ (ငြိမ်း)**
**မစဘ-တာမွေဘဏ်ခွဲ**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၈၆)၊ အခန်း (အေ-၆)နေ (ဦးတင်-ဒေါ်ပု)တို့၏သမီးထွေး၊ (ဦးတင်ညွန့်-ဒေါ်မြကြည်)တို့၏ သမီးချွေးမ၊ ဦးစိန်မင်း (လက်ထောက်မန်နေဂျာ-ငြိမ်း၊ မ. စ. ဘ ရုံးချုပ်)၏ ချစ်လှစွာသော ဇနီး၊ မောင်ရဲဇော်ထိုက် (Ray Shipping)-မငြိမ်းအေးမင်း (Lab Manager ABMT Myanmar) တို့၏ ချစ်လှစွာသောမိခင်၊ မသက်နှင်းစု (အထက-၂၊ စမ်းချောင်း) ၏ ချစ်လှစွာသောအဘွားသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၄း၄၀ နာရီတွင် ဗဟိုရိစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင်ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၈-၁၂-၂၀၁၆ (ကြာသပတေးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသန်းလွင်
### အသက် (၈၅)နှစ်
**လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ဗဟိုစာရင်းရုံး**

ရန်ကုန်မြို့၊ မြောက်ဒဂုံမြို့နယ်၊ (၄၈)ရပ်ကွက်၊ မဟာဆွေလမ်း၊ အမှတ် (၂၅၃)နေ (ဦးဘညွန့်-ဒေါ်အေးကျင်)တို့၏ သား၊ (ဦးဘသောင်း-ဒေါ်သိန်းရွှေ) တို့၏ သားသမက်၊ ဒေါ်မြင့်မြင့်စည် (Ivy)၏ ခင်ပွန်း၊ ဦးသက်ဝင်း-ပါမောက္ခ ဒေါ်အိဖြူလွင် (ကလေးကျန်းမာပညာဌာန၊ ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)၊ ဦးထင်လင်းမင်း(Senior Coordinator Hexacon Co.,Ltd (Singapore)-ဒေါ်ပွင့်ဖြူလွင် (Engineer Power Engineery Pte.Ltd (Singapore)၊ ဦးပြည့်ဖြိုးလွင်-ဒေါ်သက်သက်အောင် (Mo Asia Co.,Ltd.)တို့၏ ဖခင်သည် ၁-၁၂-၂၀၁၆ ရက် ည ၈း၁၁ နာရီတွင် OSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၂-၂၀၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (ကန်တော်လေးနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီနှင့် မြောက်ဒဂုံမှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးအောင်ကျင် (၇၇)နှစ်
**လ/ထမန်နေဂျာ(ငြိမ်း)၊ စက်မှုစားကုန်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ အမှတ်(၁၀၃)၊ ရန်ကုန်-အင်းစိန်လမ်းမကြီးနေ (ဦးမောင်သော်-ဒေါ်ငွေစိန်)တို့၏သား၊ (ဦးစံချိန်-ဒေါ်စိန်မြိုင်)တို့၏ သားသမက်၊ [ဒေါ်ခင်ဝင်း(စက်မှု(၁)ငြိမ်း)]၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်လွင်ဦး-ဒေါ်ခင်ငွေးလှိုင်(လ/ထမန်နေဂျာ၊ငြိမ်း၊ စက်မှု-၁)၊ ဦးလှကို(အလုပ်ရုံခွဲမှူး၊ အုပ်ချုပ်ရေး ဆေးဝါးစက်ရုံ(အင်းစိန်)-ဒေါ်ခင်စန်းသွယ်၊ဦးသန်းလွင်(လွယ်ဟိန်းကုမ္ပဏီ)-ဒေါ်ခင်စန်းနွယ်၊ ဦးစိန်ဝင်း-ဒေါ်မူမူအေးတို့၏ ဖခင်၊ မြေးလေးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုး ဦးအောင်ကျင်သည် ၁-၁၂-၂၀၁၆(ကြာသပတေးနေ့) ညနေ ၆း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၃-၁၂-၂၀၁၆(စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၇-၁၂-၂၀၁၆(ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ကြည်-၁၀၂၇၃၊ ဗိုလ်ကြီးမောင်ရွှေ(ငြိမ်း)
### အသက် (၇၄)နှစ်
**(O.T.S-30)**

မွန်ပြည်နယ်၊ ပေါင်မြို့၊ ကဒါရပ်ကွက်၊ ကမ္ဘာအေးဘုရားလမ်း၊ အမှတ် (၂၄၆)နေ ဒေါ်မိကျင်သန်း၏ ခင်ပွန်း၊ ဦးမျိုးမင်းရွှေ-ဒေါ်ခင်ခင်အေး၊ (ဦးဇော်သိန်းထိုက်)-ဒေါ်မီမီရွှေ၊ ဦးတက်လင်းရွှေ-ဒေါ်မိန္နစ်ထော၊ ဦးကိုတင်-ဒေါ်ဖြူဇာဝင်းရွှေ၊ ဦးဟန်လင်းအောင်-ဒေါ်လွင်မာနှင်းရွှေ တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၃၀-၁၁-၂၀၁၆ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၁၂-၂၀၁၆ (ကြာသပတေးနေ့) တွင် ကျွဲခြံသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ညွန့်ညွန့်တင်
### အသက် (၆၆)နှစ်
**(လက်ထောက်မန်နေဂျာ-ငြိမ်း၊ မစဘ တာမွေဘဏ်ခွဲ)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဗဟိုလမ်း၊ တိုက်အမှတ်(၁၈၆)၊ အခန်း (အေ/၆)နေ (ဦးတင်-ဒေါ်ပု)တို့၏ သမီးထွေး၊ (ဦးမြသောင်း)-ဒေါ်လှဆင့် (ထ-၂ စမ်းချောင်း-ငြိမ်း)၊ (ဦးတင်ရှိန်-ဒေါ်ခင်သန်းတင်)၊ ဦးသိန်းဇော် (အခြေခံပညာသင်ရိုး) - ဒေါ်သိန်းဟံ (ထ-၄-ကမာရွတ်-ငြိမ်း)၊ ဦးမောင်မောင်တင် (ညွှန်မှူး-ငြိမ်း၊ ဆ/မ)-ဒေါ်မြင့်မြင့်ရီ (ထ-၂၊ စမ်းချောင်း-ငြိမ်း)၊ ရဲအုပ်တင်ကြူး (ကသာခရိုင် ရဲတပ်ဖွဲ့ရုံး)-ဒေါ်စန်းစန်းတင် (အလပြ-ငြိမ်း)တို့၏ချစ်လှစွာသော ညီမလေးသည် ၂-၁၂-၂၀၁၆ (သောကြာနေ့) နံနက် ၄း၄၀ နာရီတွင် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၄-၁၂-၂၀၁၆ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

### ဦးမြင့်ဦး (ကိုကြီး)
### အသက် (၆၃)နှစ်

